The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မိမိကိုယ်ကိုဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာသို့ ရေကိုယူဆောင်ကုန်၏။ လေးသမားတို့သည် မြားကိုဖြောင့်ကုန်၏။ သစ်ရွေသမားတို့သည် လိုတိုင်းရအောင် သစ်ကို ရွေကုန်၏။ ပညာရှိတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၀)

၁၃၇၈ ခုနှစ် ဝါဆိုလကွယ်၊ ဗုဒ္ဓဟူးနေ့။ 3, wednesday August 2016 (၈၆၄၂)

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နော်ဝေနိုင်ငံမှ ဆက်လက်ထောက်ခံသွားမည့်ကိစ္စရပ်များ ဆွေးနွေး



နေပြည်တော် ဩဂုတ် ၂

**တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နော်ဝေနိုင်ငံသံအမတ်ကြီး မစ္စ အန်အိုလီစတန်သည် နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲစေရန် ပိုမိုပူးပေါင်း ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် အကူအညီပေးရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နော်ဝေနိုင်ငံမှ ဆက်လက် ထောက်ခံသွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ဂုတ်ထိပ်ဘူတာမှအပျော်စီးရထားများ အခြေပြုပြေးဆွဲပေးရန် ပြည်တွင်း၊ ပြည်ပခရီးသည်များဆန္ဒရှိနေ



ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့ရှိ ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးအား တွေ့ရစဉ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့ရှိ ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးအား လာရောက်လည်ပတ်သည့် ပြည်တွင်း၊ပြည်ပဧည့်သည်များ အဆင်ပြေစေနိုင်ရန်အတွက် အပျော်စီးရထားများအား ဂုတ်ထိပ်ဘူတာတွင် အခြေပြု၍ ပြေးဆွဲစေလိုကြောင်း တံတားကြီးသို့လာရောက် လည်ပတ်သည့်ဧည့်သည်များထံမှ သိရသည်။

လက်ရှိတွင် ဂုတ်ထိပ်တံတားကြီးပေါ်သို့ ခရီးသည်များ၏လုံခြုံရေးအတွက် ဖြတ်သန်းသွားလာခွင့်တားမြစ်ထားသဖြင့် မြန်မာ့မီးရထားမှခရီးသည်များ အဆင်ပြေစေရန်အတွက် တံတား ကြီးပေါ်မှ ဖြတ်သန်းကာ လူ၂၀ဆံ့ *RGC* ရထားနှင့် လူ၅၀ဆံ့ *RBE* အပျော်စီးရထားများကို ခေါက်တိုပြေးဆွဲပေးလျက်ရှိသည်။ အဆိုပါ ရထားများအား ဂုတ်ထိပ်ဘူတာတွင် အခြေပြုပြေးဆွဲပေးပါက ခရီးသည်များလည်း အဆင်ပြေစွာလေ့လာနိုင်မည့်အပြင် နိုင်ငံတော်မှလည်းခရီးသွားကဏ္ဍမှ ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း တံတားကြီးသို့လာရောက်လည်ပတ်သူ ကိုကြည်စိုးက အကြံပြုပြောကြားသည်။

"အခုက တံတားကြီးပေါ်က ဖြတ်သန်းခွင့်မရှိတော့ဘူးဆိုတော့ လေ့လာချင်ရင် ရထားစီးပြီးသွားမှရတယ်။ ရထားကလည်း ဂုတ်ထိပ်မှာ အဆင်သင့်မရှိဘူး။ ပြင်ဦးလွင်ကထွက်လာတာဆိုတော့ အဆင်မပြေဘူး။ နောက်ပြီး ရထားငှားချင်ရင် နှစ်ရက်ကြိုပြီးငှားနေရတယ်။ မသိတဲ့ခရီးသည်တွေက တံတားကြီးကိုလာ၊ ဒီရောက်တော့ ရထားကစောင့်ရနဲ့ အဆင်မပြေဘူး။ တံတားဟိုဘက် ဒီဘက် ၁ မိုင်ခရီးကို အပျော်စီးရထားတွေနဲ့ လွန်းပျံပြေးဆွဲပေးမယ်ဆိုရင် တော်တော်လေးအဆင်ပြေသွားမယ်"ဟု ၎င်းကပြောသည်။

အဆိုပါလူ ၂၀ ဆံ့ *RGC* ရထားမှာခရီးသည်တစ်ဦးလျှင်ငွေကျပ်၅၀၀၀နှုန်းဖြင့် စင်းလုံးငှားပါက ငွေကျပ်တစ်သိန်းကျသင့်မည်ဖြစ်ကာ လူ၅၀ဆံ့ *RBE* ရထားမှာ

**စာမျက်နှာ ၃ ကော်လံ ၅ သို့**



ကြေးမုံ

# သစ်တစ်ပင်ချင်းအမြင်နှင့် တောအုပ်တစ်ခုလုံးအကြည့်

နိုင်ငံတကာပဋိပက္ခစောင့်ကြည့်လေ့လာရေးအဖွဲ့ (INTERNATIONAL CRISIS GROUP -ICG)သည် လူထုအစိုးရသစ်နှင့် ပတ်သက်သော အစီရင်ခံစာ (MYANMAR'S NEW GOVERNMENT; FINDING ITS FEET?)ကို ၂၀၁၆ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ နိုင်ငံတကာပဋိပက္ခစောင့်ကြည့်လေ့လာရေးအဖွဲ့ (ICG)က လူထုအစိုးရသစ်၏မူဝါဒနှင့်လုပ်ဆောင်ချက်များကို ဝေဖန်ချက်များပြုလုပ်ထားသော်လည်း ချိုင့်သုံးသပ်ချက်များ ပြုလုပ်ရာ၌ အားတက်သော သဘောထားအမြင်များကိုတွေ့ရပါသည်။ ဘက်လိုက်မှုကင်း၍ မျှတသည့် ဝေဖန်ချက်များကို ပြုလုပ်လိုသောသတင်းမီဒီယာပုဂ္ဂိုလ်အဖွဲ့အစည်းများအနေဖြင့် ဤအားတက်သော သဘောထားအမြင်များကို လေ့လာသုံးသပ်စေလိုပါသည်။

နိုင်ငံတကာပဋိပက္ခစောင့်ကြည့်လေ့လာရေးအဖွဲ့ (ICG)ကလူထုအစိုးရသစ်သည် တိုင်းရင်းသားပြည်သူ လူထုတစ်ရပ်လုံးနှင့်တကွ နိုင်ငံတကာအသိုင်းအဝိုင်းကပါ ကျေနပ်အားရသည့် အပြောင်းအလဲများကို ဖော်ဆောင်လျက် ဗဟိုမှအာဏာကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်အုပ်ချုပ်ခဲ့သော ခေတ်ကာလ၏ သမိုင်းအမွေဆိုးများ ဖြေလျှော့ရန်ဦးတည်၍ အရေးကြီးသည့် အရေးယူဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့သည်ဟု ရှုမြင်သုံးသပ်ထားပါသည်။ သစ်ပင်တစ်ပင်ချင်းထက် တောအုပ်တစ်ခုလုံးကို ခြုံငုံသုံးသပ်ထားသည့် သဘောထားအမြင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သစ်ပင်တစ်ပင်ချင်းကြည့်လျက် စိတ်ပျက်နေသော ပြည်သူလူထုနှင့် သတင်းမီဒီယာများအနေဖြင့် အထက်ဖော်ပြပါ သဘောထားအမြင်ကို နှလုံးသွင်းပြီး ယောနိသောမနသိကာရပြုသင့်ပါသည်။

တိုင်းပြည်၏ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ရသည်ဖြစ်သော်လည်း လူထုအစိုးရသစ်နှင့် တပ်မတော်ကြား ဆက်ဆံရေးသည် ဒီမိုကရေစီအခြေခံမှုများကိုထိပါးမှုမရှိသည့်နည်းတူ အခြေခံကျသည့် မည်သို့သော ထိပ်တိုက်ရင်ဆိုင်မှု မရှိစေရန်လည်း ချိန်ဆညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ခြင်းအပေါ် နိုင်ငံတကာပဋိပက္ခစောင့်ကြည့်ရေးအဖွဲ့(ICG)က ကနဦး အောင်မြင်မှုအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။ ဤအသိအမှတ်ပြုမှုသည် လူထုအစိုးရသစ်နှင့်တပ်မတော်အတွက် ဝမ်းမြောက်အားတက်စရာကိစ္စရပ်ဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက်လည်း ဝမ်းမြောက်အားတက်စရာကိစ္စရပ်ဖြစ်သည်ဟု ယူဆပါသည်။

နိုင်ငံတကာပဋိပက္ခစောင့်ကြည့်လေ့လာရေးအဖွဲ့ (ICG)က လူထုအစိုးရသစ်၏ အဓိကစိန်ခေါ်ချက်များသည် တိုင်းပြည်လွတ်လပ်ရေးရသည့် အချိန်မှစ၍ ဆင့်၍ဆင့်၍စုပုံလာသည့် ပြဿနာအနန္တကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ရေးကိုဦးတည်လျက် စီးပွားရေးကဏ္ဍတစ်ရပ်လုံး အချိုးညီညီဖွံ့ဖြိုးတိုးတက်နိုင်စေသည့် ပြုပြင်ပြောင်းလဲမှုများဖော်ဆောင်ရေးနှင့် တက်စုံရွက်စုံမဖွင့်နိုင်သေးသည့် ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ရေးလုပ်ငန်းစဉ်တို့ကြား ဟန်ချက်ညီညီထိန်းညှိနိုင်ရေးဖြစ်သည်ဟု တင်ပြထားသည်။ ပြည်သူလူထုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့ကို စိတ်ဓာတ်တက်ကြွစေမည့် မူဝါဒများချမှတ်ရုံမျှဖြင့် တိုင်းပြည်၏အနန္တပြဿနာရပ်များ မဖြေရှင်းနိုင်သည်ကိုလည်း နိုင်ငံတကာပဋိပက္ခစောင့်ကြည့်လေ့လာရေးအဖွဲ့ (ICG)က ထောက်ပြထားပါသည်။ လူထုအစိုးရသစ်နှင့် တိုင်းရင်းသားပြည်သူလူထုအများစုသည် ဤထောက်ပြချက်အပေါ် နှလုံးသွင်းပြီးဟုယုံကြည်သော်လည်း တချို့သောအားမလိုအားမရဖြစ်နေသည့် ပြည်သူများအနေဖြင့် ဤထောက်ပြချက်အပေါ်သုံးသပ်ဆင်ခြင်စေလိုပါသည်။

နိုင်ငံတကာပဋိပက္ခစောင့်ကြည့်လေ့လာရေးအဖွဲ့က အကြံပြုထားသည့် တခြားသော အရေးကြီးသည့်အချက်တစ်ရပ်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးလုပ်ငန်းစဉ်များ အောင်မြင်သည်နှင့်အမျှ ဤအောင်မြင်မှု၏အသီးအပွင့်များကို တပ်မတော်အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားရမည်ကို ရုပ်လုံးကြွပုံပေါ်လာစေရန် လှုံ့ဆော်စည်းရုံးနိုင်ရေးဖြစ်ပါသည်။ ဤအကြံပြုချက်သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် အစဉ်တစိုက်ကိုင်စွဲခဲ့သော အမျိုးသားပြန်လည်သင့်မြတ်ရေးမူဝါဒနှင့် တစ်ထပ်တည်းကိုက်ညီလျက်ရှိပါသောကြောင့် ဝမ်းမြောက်ဝမ်းသာကြိုဆိုအပ်ပါသည်။ ။

# မကွေးတိုင်းဒေသကြီးအတွင်းရှိ သင်တန်းကျောင်း၊ စက်ရုံ၊ မွေးမြူရေးဌာနတို့ကို ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂**



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို အမှတ်(၅) စက်မှုသင်တန်းကျောင်း(မကွေး)၌ ကြည့်ရှုစစ်ဆေးစဉ်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇူလိုင် ၃၀ ရက်က မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ သွားရောက်ပြီး လျှပ်စစ်စစ်ဆေးရေး၊ ဘွိုင်လာစစ်ဆေးရေးနှင့် စက်မှုလုပ်ငန်းများစစ်ဆေးရာတွင် အသုံးပြုသည့် အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့သည်။

ထို့နောက်ဆက်လက်၍ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များနှင့် သင်တန်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်တွင် အမှန်တကယ် ပြန်လည်အသုံးချနိုင်သည်အထိ သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်အစိတ်အပိုင်းများ တပ်ဆင်ရာတွင် စစ်ဆေးပြီးကြောင်း မှတ်သားသည့် အလေ့အကျင့်များရှိရန်နှင့် Safty ၏ အရေးကြီးမှုကို သိရှိအောင် သင်ကြားပေးရန်လိုကြောင်း၊ မော်တော်ယာဉ်ဆိုင်ရာ အခေါ်အဝေါ် အသုံးအနှုန်းများကို Up to Date သိရှိအောင် လေ့လာ၍ ပြန်လည်သင်ကြားပေးစေလိုကြောင်း၊ သင်တန်းနည်းပြ ဆရာ ဆရာမများအနေဖြင့် သင်တန်းသားများကို သင်ကြားလေ့ကျင့်ပေးနေသလို တစ်ဖက်ကလည်း မိမိတို့၏ အရည်အသွေး ပိုမိုတိုးတက်စေရေး အစဉ်အမြဲ လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း၊ ကျောင်းသားများ၏ တီထွင်စမ်းသပ်မှုများကိုလည်း အသိအမှတ်ပြုချီးမြှင့်ရန်လိုကြောင်း မှာကြားပြီး စာတွေ့လက်တွေ့ သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အထက်မင်းလှမြို့နယ် မလွန်မြို့ရှိ လယ်ယာသုံး စက်ကိရိယာပစ္စည်းများ ထုတ်လုပ်သည့် အမှတ် (၁၇) အကြီးစားစက်ရုံ (မလွန်)သို့ ရောက်ရှိရာ ဆန်စက်ငယ်အလုပ်ရုံတွင် စပါးများ လက်တွေ့ကြိတ်ခွဲနေသည့် အခြေအနေ၊ စပါးခြွေလှေ့စက် ထုတ်လုပ်မှုအလုပ်ရုံ၊ သံရည်ကျို အလုပ်ရုံ၊ စက်ပစ္စည်း အစိတ်အပိုင်းများထုတ်လုပ်မှုအလုပ်ရုံ၊ ပုံသွင်းနှင့် မာရှိန်ပြောင်း အလုပ်ရုံ၊ ထွန်စက်တပ်ဆင်အလုပ်ရုံနှင့် မြင်းကောင်ရေ ၉၀ ရှိ ထွန်စက်ဖြင့် လက်တွေ့သရုပ်ပြ ထွန်ယက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ အမှတ်(၄)အထည်စက်ရုံ(ပွင့်ဖြူ)သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စက်ရုံမှူးက စက်ရုံဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ YOONWADI KYAW Co., Ltd. မန်နေဂျင်းဒါရိုက်တာက အပ်ချည်များ ထုတ်လုပ်မည့် အစီအမံတို့ကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် ဆက်လက်ရပ်တည်ရန် အခက်အခဲရှိပါက ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း (Public Private Partnership)၊ ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင်ရွက်ခြင်း (Joint Venture)၊ ပုဂ္ဂလိကသို့ နှစ်တို၊ နှစ်ရှည်ငှားရမ်းခြင်း (Lease)နှင့် ပုဂ္ဂလိကသို့အပြီးအပိုင် လွှဲပြောင်းရောင်းချခြင်း (Privatization) နည်းလမ်းတို့ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ငွေကြေး၊ အချိန်ထပ်မံစိုက်ထုတ် ရင်းနှီးမြှုပ်နှံသော်လည်း အကျိုးအမြတ်ဖြစ်ထွန်းမှုမရှိနိုင်လျှင် အဓိပ္ပာယ်ရှိမည် မဟုတ်ကြောင်း၊ အထည်ထုတ်လုပ်မှုနည်းပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း၊ မိမိတို့ ထုတ်ကုန်များအား ဈေးကွက်ထိုးဖောက်ရောင်းချနိုင်ရေးအတွက် ဈေးကွက်သုတေသနပြုလုပ်ရန်လိုကြောင်း၊ မိမိတို့ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်မှုရှိ၊ မရှိကို သုံးစွဲသူပြည်သူက ဆုံးဖြတ်မည်ဖြစ်ကြောင်းမှာကြားပြီး စက်ရုံမှ ထုတ်လုပ်ထားရှိသည့် အဝတ်အထည်များ၊ ပိတ်ကြမ်းများ၊ အပ်ချည်လုံးမျိုးစုံနှင့် စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မြင်းနှင့် သိုးမွေးမြူရေးဌာန(ပွင့်ဖြူ)သို့ ရောက်ရှိပြီး ဌာနတာဝန်ခံက မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရန် သိုးများမွေးမြူထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြွေဆိပ်ဖြေဆေး ထုတ်လုပ်နိုင်ရေးအတွက် သန်မာပြီး ကျန်းမာရေးကောင်းမွန်သည့် သိုးနှင့် မြင်းများ များစွာလိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် သိုးများကို ယခုထက်ပိုမို၍ မွေးမြူရမည်ဖြစ်ကြောင်း၊ ဌာနရှိ မြေကွက်လပ်များတွင် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးရောင်းချပြီး မိမိဝင်ငွေဖြင့် ရပ်တည်နိုင်အောင် ကြိုးစားဆောင်ရွက်ရန် လိုကြောင်း မှာကြားကာ သိုးများ မွေးမြူထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ရထားသံလမ်းကင်းစခန်းများ လိုက်လံစစ်ဆေး

**ပဲခူး ဩဂုတ် ၂**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၁) တပ်ခွဲ (ပဲခူး)မှ တပ်ခွဲမှူး ဒုတိယရဲမှူး သက်ထွန်းသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်ကာလအတွင်း ရထား/ဘူတာနှင့် မီးရထားလမ်းများ လုံခြုံရေးတို့အတွက် ပဲခူးတပ်ခွဲအပိုင်နယ်မြေအတွင်း လုံခြုံရေးတာဝန်ချထားသော ရထားလမ်း/ဘူတာ ကင်းစခန်းများသို့ ယနေ့ နံနက်ပိုင်းက သွားရောက်စစ်ဆေးပြီး လုံခြုံရေးဆိုင်ရာကိစ္စရပ်များ မှာကြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရွှေဘုန်းအောင်(ပဲခူး)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ဇွန် ၁ ရက်နေ့တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ရာရှက်ဒ် မာမွတ်အား ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်စေရေးအတွက် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အတွေ့အကြုံဖလှယ်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ သမားရိုးကျ မဟုတ်သော လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ရာရှက်ဒ် မာမွတ်အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌနှင့်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ရာရှက်ဒ် မာမွတ်နှင့် ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေးနှင့် အခြားအကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဩဂုတ် ၃**

မစ္စတာ ဆာဟဲလ် မူစတာဖာ အာမက် အာဂျီစပ် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဆာဟဲလ် မူစတာဖာ အာမက် အာဂျီစပ်ကို ၁၉၆၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၂ ခုနှစ်တွင် King Abdulaziz University မှ B.A. (Systems) ဘွဲ့ကိုလည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် သံတမန်ရေးရာတက္ကသိုလ်မှ ဒီပလိုမာကိုလည်းကောင်း ရရှိခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံ၊ တူရကီနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ရှိ ဆော်ဒီအာရေဗျသံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ပီရူးနိုင်ငံရှိ ဆော်ဒီအာရေဗျသံရုံးတွင် ၂၀၁၃ ခုနှစ်မှစ၍ သံရုံးယာယီတာဝန်ခံအဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့မှစ၍ ဒုတိယသံအမတ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသုံးဦးနှင့် သမီးသုံးဦးရှိသည်။ **(သတင်းစဉ်)**

### ❒ ဂုတ်ထိပ်ဘူတာမှ

စင်းလုံးငှားပါက ကျပ် ၂၅ သိန်း ကျသင့်မည်ဖြစ်သည်။

"တံတားကြီးကို လုံခြုံရေးအရမသွားရဘူးဆိုတော့ သူတို့သတ်မှတ်ထားတဲ့နေရာကပဲ လှေ့လာရပါတယ်။ တံတားကြီးကို ဖြတ်သန်းလှေ့လာဖို့ လက်ရှိစီစဉ်ပေးထားတဲ့ ရထားကလည်း တချို့ခရီးသည်တွေအတွက် အဆင်မပြေဘူး။ ခရီးသည်တော်တော်များများက ဂုတ်ထိပ်တံတားကြီးကို တိုက်ရိုက်လာကြတယ်။ ဒီရောက်မှ တံတားကို ဖြတ်သန်းလို့မရ၊ ရထားနဲ့ ကြည့်မယ်ဆိုတော့လည်း အဆင်မပြေ။ အပျော်စီးရထားတွေ ဂုတ်ထိပ်ကနေ စီစဉ်ပေးမယ်ဆိုရင် နှစ်ဦးနှစ်ဖက်အဆင်ပြေမယ့်ကိစ္စပါ"ဟု လာရောက်လည်ပတ်သူ မဟေမာက သုံးသပ်ပြောဆိုသည်။

ဂုတ်ထိပ်တံတားကြီးကို ပြည်တွင်းပြည်ပဧည့်သည် အများအပြား လာရောက်လည်ပတ်လျက်ရှိရာ နွေရာသီကာလတွင် တစ်ရက်လျှင် ခရီးသည် ၁၀၀၀ ကျော် လာရောက်ပြီး မိုးရာသီကာလတွင် ခရီးသည် ၂၀၀ ကျော် လာရောက်လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **(အောင်ရဲသွင်)**

# ဗြိတိန်နိုင်ငံ အဆင့်မြင့်ပညာရေးစနစ်အကြောင်း ဆွေးနွေးမည်

**ရန်ကုန် ဩဂုတ် ၂**

ဗြိတိန်အစိုးရတက္ကသိုလ် ဖြစ်သည့် University of Bedfordshire (UOB)၏ Executive Dean of Academic Partnerships, Professor Helen Bailey (MA, PhD, FRSA) သည် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ Park Royal Hotel, Yadanar Room တွင် ဆွေးနွေးပွဲတစ်ရပ် ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဗြိတိန်နိုင်ငံ၏ အဆင့်မြင့်ပညာရေးစနစ်ကို လည်းကောင်း၊ UOB နှင့် STIMU တို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိသည့် ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများအားလည်းကောင်းဆွေးနွေးမည်ဖြစ်သည်။

University of Bedfordshire ကို ၁၈၈၂ ခုနှစ်တွင် Teacher Training College အဖြစ် စတင်တည်ထောင်ခဲ့ပြီး Chancellor အဖြစ် အောက်လွှတ်တော် ဥက္ကဋ္ဌ Rt Hon John Bercow က လည်းကောင်း၊ Vice Chancellor အဖြစ် Bill Rammell က လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

လက်ရှိတွင် ကျောင်းသား ကျောင်းသူ သုံးသောင်းကျော် တက်ရောက်ပညာသင်ကြားလျက်ရှိပြီး Campus ပေါင်း ခြောက်ခုဖြင့် ဖွဲ့စည်းထားကာ ပင်မ campus ဖြစ်သည့် Luton Campus သည် လန်ဒန်မြို့လယ်မှ မိနစ် ၂၀ ခန့် ကွာဝေးသည့်နေရာတွင် တည်ရှိကာ ကျောင်းသားများနေထိုင်ရန် အဆောင်များပါဝင်သည်။

UOB နှင့် STIMU တို့ ပူးပေါင်းဆောင်ရွက်နေသည့် သင်တန်းများမှာ Master of Business Administration (General)၊ Master of Business Administration (Hospital and Health Services Management)၊ M.Sc (Public Health)၊ M.Sc (Nutrition and Dietetics)၊ BA (Hons) in Business Administration၊ BA (Hons) in Accounting၊ BEng (Hons) Civil Engineering၊ BEng (Hons) Civil and Architectural Engineering၊ BEng (Hons) Architectural Engineering၊ BEng (Hons) Electronic Engineering၊ BSc (Hons) Construction Management တို့ဖြစ်သည်။

စိတ်ပါဝင်စားသော မိဘနှင့် ကျောင်းသား ကျောင်းသူများသည် Building 10, Phase 3, MICT park, Hlaing Universities Campus, Hlaing Township၊ ဖုန်း-၀၁-၅၀၇ ၁၅၁၊ ၀၁-၅၀၇၁၅၂၊ ၀၁-၅၀၇၀၄၈ တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြစ်ရေကြီးခြင်းသတိပေးချက်

**နေပြည်တော် ဩဂုတ် ၂**

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချောက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

# ပါတီညီလာခံများပြီးနောက် ကောက်ယူသည့်လူထုစစ်တမ်းတွင် သမ္မတလောင်း ကလင်တန် အသာစီးရ




**ဝါရှင်တန် သြဂုတ် ၂**

နောက်ဆုံးကောက်ယူခဲ့သည့် လူထုသဘောထားစစ်တမ်းများအရ ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီ ကလင်တန်သည် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရန့်ထက် လူထုထောက်ခံမှုပိုမိုရရှိနေသည်ဟု သိရသည်။

လွန်ခဲ့သည့် သီတင်းပတ်ကကျင်းပခဲ့သည့် ဒီမိုကရက်တစ်ပါတီညီလာခံပြီးနောက် ကောက်ယူခဲ့သည့် လူထုသဘောထားစစ်တမ်းရလဒ်များကို စီဘီအက်စ် သတင်းဌာနက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကလင်တန်သည် လူထုထောက်ခံမှု ၄၆ ရာခိုင်နှုန်း ရရှိနေပြီး ၃၉ ရာခိုင်နှုန်းသာရရှိနေသည့် ထရန့်ထက် ခုနစ်ရာခိုင်နှုန်းပိုမိုရရှိနေသည်။

ယခုထုတ်ပြန်သည့်ရလဒ်သည် ဒီမိုကရက်တစ်ပါတီညီလာခံပြီးနောက် ကောက်ယူသည့်စစ်တမ်းတွင် ကလင်တန်က အသာစီးရရှိနေခြင်းဖြစ်ပြီး အလားတူ ရီပတ်ဘလီကန်ပါတီညီလာခံပြီးနောက် ကောက်ယူသည့် စစ်တမ်းတွင်လည်း ထရန့်က အသာစီးရရှိခဲ့ဖူးသည်။

စီဘီအက်စ်သတင်းဌာနက ကောက်ယူခဲ့သည့် လူထုစစ်တမ်းတွင် ဒီမိုကရက်တစ်ပါတီညီလာခံသည် ပါတီစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည်ဟု ဖော်ပြထားသည်။ သမ္မတလောင်းပဏာမရွေးကောက်ပွဲများတွင် ဘာနီဆန်ဒါးစ်ကိုထောက်ခံသူ ၇၃ ရာခိုင်နှုန်းခန့်က ၎င်းတို့အနေဖြင့် ကလင်တန်ကို ထောက်ခံဆန္ဒမဲပေးသွားမည်ဖြစ်ကြောင်း ပြောကြားကြသည်။


လူထုသဘောထားစစ်တမ်းများ အမျိုးမျိုးထွက်ရှိနေသော်လည်း တူညီချက်တစ်ခုမှာ လူထုစစ်တမ်းများတွင် ပြန်လည်ဖြေကြားသူတစ်ဝက်ခန့်က ကလင်တန်ရော ထရန့်ပါ နှစ်ယောက်စလုံးကို မကြိုက်နှစ်သက်သည့်အမြင်များရှိနေဆဲပင်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# ရုပ်ရှင်ရိုက်ကူးရန် ဟိုချီမင်းမြို့သို့ရောက်ရှိနေသည့် ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း မိုက်တိုင်ဆန်

**ဟိုချီမင်း သြဂုတ် ၂**

ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း မိုက်တိုင်ဆန်မှာ ဟောင်ကောင် အမျိုးသမီးဒါရိုက်တာ ဘာဘရာဝေါင် ရိုက်ကူးသော ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်ရန် ဟိုချီမင်းမြို့တော်သို့ရောက်ရှိနေကြောင်း ဒေသန္တရမီဒီယာများက သြဂုတ် ၂ ရက်တွင် ရေးသားဖော်ပြသည်။

အမေရိကန် လက်ဝှေ့သမားဟောင်း မိုက်တိုင်ဆန်သည် လူဆိုးဂိုဏ်းခေါင်းဆောင်တစ်ဦးအဖြစ် အဓိကအခန်းကဏ္ဍမှ ပါဝင်သရုပ်ဆောင်သူ နာမည်ကျော် ဗီယက်နမ်သရုပ်ဆောင် ထရန်ဘောင်ဆန်ထုတ်လုပ်သော ဟာသရုပ်ရှင်ကား "Girls 2"တွင် ဧည့်သည်အဖြစ် ပါဝင်သရုပ်ဆောင်နေကြောင်း အွန်လိုင်းသတင်းစာ Nguoi Lao Dong ကဆိုသည်။ မိုက်တိုင်ဆန်သည် အဆိုပါရုပ်ရှင်ကား၌ လူဆိုးဂိုဏ်းခေါင်းဆောင်လက်မှ ရုပ်ရည်ချောမောလှပသော ဟောင်ကောင်မိန်းမပျိုသုံးဦး လွတ်မြောက်စေရန် ကူညီသည့် ဇာတ်ကောင် ဒရာဂွန်အဖြစ် သရုပ်ဆောင်ထားသည်။



"မိုက်တိုင်ဆန်က ဖော်ရွေမှုကင်းပြီး ကြမ်းကြုတ်တဲ့ပုံပေါ်ပေမယ့် တကယ်တော့ သူက ချစ်စရာကောင်းသူပါ" ဟု ထရန်ဘောင်ဆန်က ပြောကြားသည်။ မိုက်တိုင်ဆန်မှာ ဗီယက်နမ်နိုင်ငံ၌ ရက်သတ္တပတ်ကြာနေထိုင်မည်ဖြစ်သော်လည်း မလှုပ်သာသော အချိန်ဇယားကြောင့် ရှုခင်းများလှည့်ပတ်ကြည့်ရှုရန် အချိန်ရရှိမည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဟောင်ကောင်နှင့် တရုတ်(တိုင်ပေ)မင်းသမီးများစွာ ပါဝင်သရုပ်ဆောင်မည့်"Girls 2" ရုပ်ရှင်ကားကို ဗီယက်နမ်နိုင်ငံမတိုင်မီ ဟောင်ကောင်နှင့် အခြားအာရှဈေးကွက်များသို့ ခရစ္စမတ်ကာလအတွင်း ဖြန့်ချိသွားမည်ဖြစ်သည်။

၂၀၁၅ ခုနှစ်ကလည်း မိုက်တိုင်ဆန်သည် ဒွန်နီယန်း ဇာတ်ကောင် Ip Man အဖြစ်သရုပ်ဆောင်ထားသည့် အောင်မြင်သော တရုတ်ရုပ်ရှင်ကား "IpMan 3"တွင် ဧည့်သည်သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ "Girls 2" ရုပ်ရှင်ကားတွင် မိုက်တိုင်ဆန်မှာ အချိန်ပိုမိုကြာမြင့်စွာ ပါဝင်သရုပ်ဆောင်မည်ဟု ထရန်က ဆိုသည်။ **ဆင်ဟွာ။**



# စင်ကာပူ-အမေရိကန် သံတမန်ဆက်ဆံရေး နှစ် (၅၀)ပြည့်အထိမ်းအမှတ် ဝါရှင်တန်၌ ကျင်းပမည်

**ဝါရှင်တန် သြဂုတ် ၂**

စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးသည် သမ္မတ ဘာရက်အိုဘားမား၏ ဖိတ်ကြားချက်အရ အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေကြောင်း၊ စင်ကာပူ-အမေရိကန် သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၅၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကို အိမ်ဖြူတော်တွင် ကျင်းပသည့်အခါ ဝန်ကြီးချုပ်လီရှန်လုံးတက်ရောက်ရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သြဂုတ် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဇူလိုင် ၃၁ ရက်မှ သြဂုတ် ၅ ရက်အထိ ကြာမြင့်မည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် သမ္မတအိုဘားမားက တည်ခင်းဧည့်ခံသည့် ညစာစားပွဲကို သြဂုတ် ၂ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

ဝန်ကြီးချုပ်လီသည် သမ္မတအိုဘားမားနှင့် သြဂုတ် ၂ ရက်တွင် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးသည့်အခါ ပစိဖိတ်သမုဒ္ဒရာဖြတ် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်နှင့်ပတ်သက်၍ ဆွေးနွေးရန်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

စင်ကာပူဝန်ကြီးချုပ်တစ်ဦးအနေဖြင့် အမေရိကန်သို့ ချစ်ကြည်ရေးခရီးလာရောက်ခြင်းမှာ ၁၉၈၅ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။ စင်ကာပူနှင့် အမေရိကန်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် ယခုခရီးစဉ်က မျှော်မှန်းကြောင်း၊ နှစ်နိုင်ငံစလုံးရှိ အခြေခံအဆောက်အအုံလုပ်ငန်းဆိုင်ရာ ကုမ္ပဏီများအကြား နည်းပညာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး နားလည်မှုစာချွန်လွှာတစ်ရပ်ကို သြဂုတ် ၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ တာဝန်ရှိသူများက ပြောကြားကြသည်။

ပစိဖိတ်သမုဒ္ဒရာဖြတ် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်သည် အာရှ-ပစိဖိတ်ဒေသ၌ အမေရိကန်၏ တွေ့ထိဆက်ဆံမှု တိုးတက်ရေးအတွက် အရေးကြီးလှကြောင်း ဝန်ကြီးချုပ်လီက ပြောကြားသည်။

**ရိုက်တာ။**

# ဆီးရီးယားနိုင်ငံရှိ မြို့တစ်မြို့ပေါ်သို့ အဆိပ်ဓာတ်ငွေ့ပါစည်များကြဲချခဲ့ဟုဆို

**ဒမတ်စကတ် သြဂုတ် ၂**

ဆီးရီးယားနိုင်ငံ ဆာရာကတ်မြို့ပေါ်သို့ အဆိပ်ဓာတ်ငွေ့ပါရှိသော စည်များကို သြဂုတ် ၁ ရက်က ကြဲချခဲ့ကြောင်း၊ ယင်းမြို့မှာ ရုရှားစစ်ရဟတ်ယာဉ်တစ်စင်း ပစ်ချခံခဲ့ရသည့် မြို့အနီးတွင် တည်ရှိသောမြို့ဖြစ်ကြောင်း ကယ်ဆယ်ရေးလုပ်သားများက သြဂုတ် ၂ ရက်တွင် ပြောကြားကြသည်။

ဆာရာကက်မြို့၌ အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှုကြောင့် အမျိုးသမီးများနှင့်ကလေးသူငယ်များအများစုဖြစ်သည့် လူပေါင်း ၃၃ ဦးအထိ အဆိပ်ဓာတ်ငွေ့သင့်မှုဝေဒနာကိုခံစားကြရကြောင်း ဆီးရီးယားအရပ်ဘက်ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဆီးရီးယားအရပ်ဘက် ကာကွယ်ရေးဌာန၏ ဝတ်စုံများကို ဝတ်ဆင်ထားသူများက အဆိပ်ဓာတ်ငွေ့သင့်ခံရသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေပုံကို အဆိုပါဌာနက အင်တာနက်ရှိ ယူကျူ့ဝက်ဘ်ဆိုက်တွင် ဗီဒီယိုမှတ်တမ်းလွှင့်တင်ထားသည်။

ကလိုရင်းဓာတ်ငွေ့ဖြင့် တိုက်ခိုက်သည်ဟု ယူဆရသော်လည်း မည်သည့်အဆိပ်ဓာတ်ငွေ့ဖြစ်သည်ကို အတည်ပြုနိုင်ခြင်းမရှိသေးကြောင်း၊ အဆိပ်ဓာတ်ငွေ့ပါရှိသော စည်များကို ဆာရာကတ်မြို့ပေါ်သို့ ရဟတ်ယာဉ်တစ်စင်းက ကြဲချခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားအရပ်ဘက်ကာကွယ်ရေးဌာနက ပြောကြားသည်။

**ရိုက်တာ။**

# အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်၌ အရှည်လျားဆုံးရထားဥမင်လိုဏ် စတင်ဖောက်လုပ်

**နယူးဒေလီ သြဂုတ် ၂**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း မဏိပူရ်ပြည်နယ်၌ ၁၁၁ ကီလိုမီတာ ရှည်လျားသော ရထားလမ်းပေါ်တွင် တည်ရှိမည့် အရှည်လျားဆုံး ဥမင်လိုဏ်ခေါင်းတစ်ခုကို စတင်တည်ဆောက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ ရထားလုပ်ငန်းဝန်ကြီး ဆူရက်ချ်မရာဘူသည် ဂျာရီဘမ်-တူပူးလ်-အင်ဖာရထားလမ်းပေါ်တွင် အမှတ်စဉ် (၁၂)ခုမြောက် ဥမင်လိုဏ်ခေါင်းကို တည်ဆောက်ရန် ဇူလိုင် ၂၉ ရက်တွင် အုတ်မြစ်ချပေးခဲ့သည်။ ယင်းရထားလမ်းတစ်လျှောက်တွင် ရထားဥမင်လိုဏ်ခေါင်းပေါင်း ၃၇ ခု ပါဝင်မည်ဖြစ်သည်။

၁၁၁ ကီလိုမီတာ ရှည်လျားသော ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းကို အကောင်အထည်ဖော်ရန် ၂၀၀၈ ခုနှစ်ကတည်းကပင် မျှော်မှန်းခဲ့ပြီး နောက်ပိုင်းတွင် အမျိုးသားအဆင့်စီမံကိန်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။

အရှည်လျားဆုံး ရထားဥမင်လိုဏ်ခေါင်း တည်ရှိသည့် အဆိုပါရထားလမ်းပေါ်တွင် ကမ္ဘာ့အမြင့်ဆုံး ရထားမြစ်ကူးတံတားတစ်စင်းလည်းပါဝင်မည်ဖြစ်ပြီး ဟိုင်ရီးမြစ်ကိုဖြတ်၍ တည်ရှိမည်ဖြစ်သည်။ ဆောက်လုပ်ဆဲအဆိုပါတံတားရှည်မှာ အမြင့် ၁၄၁ မီတာ ရှိသည်ဟု သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပရာ မေးခွန်းရှစ်ခုမေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်၏ ကျောက်ဖြူမြို့နယ် ဒိုးမတောင်ချောင်းပိတ်ကာ တည်ဆောက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည်၊ မတည်ဆောက်ပေးပါက မည်သည့်အကြောင်းကြောင့် မတည်ဆောက်ပေးသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ကျောက်ဖြူမြို့နယ် ဒိုးမတောင်ချောင်းနှင့် တလင်းကြီးချောင်းပေါ်တွင် ရေထိန်းတံခါးနှင့် ရေငန်တားတာတည်ဆောက်ခြင်းဖြင့် ချောင်းအထက်ပိုင်းရှိလယ်မြေများသို့ ဆားငန်ဒီရေဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ တည်ဆောက်သင့်သောနေရာများမှာ ဒိုးမတောင်ကျေးရွာနှင့် သဲချိုင်ရွာကြားရှိ ဒိုးမတောင်ချောင်းနှင့် ဒိုးမတောင် ကျေးရွာနှင့် မိုင်ဝက်ခန့်ကွာဝေးသော တလင်းကြီးချောင်းတို့ပေါ်တွင် ဖြစ်ပါကြောင်း။

အထက်ပါလုပ်ငန်းများအတွက် ကုန်ကျမည့်ငွေများကို စိစစ်တွက်ချက်ရာတွင် ရေထိန်းတံခါးများ၊ ဆက်စပ်တာပေါင်များ တည်ဆောက်ခြင်းနှင့် ဒိုးမတောင်ချောင်း၏ ရေဆင်းဧရိယာ၊ နှစ်စဉ်ရွာသွန်းသည့် ပျမ်းမျှမိုးရေချိန်၊ ချောင်း၏ရေစီးနှုန်းစသော ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုများအပေါ် မူတည်၍ ရေတံခါးများတည်ဆောက်ပေးရမည်ဖြစ်ခြင်းကြောင့် အသေးစိတ် လေ့လာတိုင်းတာပြီးမှသာ ခန့်မှန်းကုန်ကျငွေကို တွက်ချက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

ဒိုးမတောင်ချောင်းနှင့် တလင်းချောင်းပေါ်တွင် ရေထိန်းတံခါးနှင့် ရေငန်တားတာ တည်ဆောက်ခြင်းအားဖြင့် ချောင်းအထက်ပိုင်းရှိ ကျေးရွာ



ဦးဘရှိန်



ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း

အုပ်စုခြောက်ခုမှ လက်ရှိလုပ်ကိုင်နေသည့် လယ်မြေ (၁၅၉၄)ဧကအပြင် အသစ်ပေါ်ထွက်လာမည့် စိုက်ဧက(၂၅၉၇) ဧက စုစုပေါင်းဧက (၄၂၀၀)ခန့်ကို ရေငန်ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး အထက်ပါလုပ်ငန်းများကို စူးစမ်းလေ့လာ တိုင်းတာတွက်ချက်မှုအပေါ် မူတည်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရ ရန်ပုံငွေတွင်လျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ တည်ဆောက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၏ ပခုက္ကူမြို့နယ် ကုက္ကိုလှမြစ်ရေတင်စီမံကိန်းဧက (၅၀၀၀) မှာ ရေပေးဝေခြင်းကောင်းမွန်စွာရှိနိုင်သော ဧက ၁၀၀၀ ခန့်သာရှိသဖြင့် ကျန်ဧက ၄၀၀၀ အတွက် မည်သို့ဆောင်ရွက်မည် သို့မဟုတ် ကျန်ဧက ၄၀၀၀ ကို ဖျက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ၂၀၁၂ ခုနှစ် နောက်ပိုင်းမှစ၍ RD-0 မှ RD-16000 ထိ ဧက ၁၀၀၀ခန့်ကိုသာ နှစ်စဉ်ရေပေးဝေလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ မြစ်ရေတင်လုပ်ငန်းရှိ RD-0 မှ RD-16000 ထိကို ရေပေးဝေရေးဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် မြောင်းပေါင်မြှင့်ခြင်း ဆောင်ရွက်ထားရှိပြီး၍ ၎င်းအပိုင်းမှ ဧက ၁၀၀၀ အတွက် ရေပေးဝေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နှစ်စဉ် မြစ်ရေဝင်ရောက်လွှမ်းမိုးလျက်ရှိသည့် လက်ရှိပျက်စီးနေသော ပင်မမြောင်း RD-16001 မှ RD- 53750 ထိ နောက်ပိုင်း ရေပေးမြောင်းများမှာ နှစ်စဉ်အကြီးစားပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်နိုင်မှသာ ရေပေးဝေနိုင်မည်ဖြစ်ခြင်း၊ တောင်သူများကလည်း ၎င်းတို့၏ အစီအစဉ်ဖြင့် မိမိပိုင်မြေများအပေါ်တွင် ငှက်ပျောခြံ၊ ငရုတ်စိုက်ခင်းများ စိုက်ပျိုးထားသည့်အပြင် ဥယျာဉ်ခြံများ စိုက်ပျိုးလုပ်ကိုင်နေခြင်းကြောင့် နှစ်ကာလကြာရှည်စွာ ဌာနမှ ရေပေးဝေမှုမပြုခဲ့သောပင်မမြောင်း RD-16001 မှ RD- 53750 ထိ မြောင်းပေအရှည် (၃၇၇၅၀) ပေအား ဖျက်သိမ်း၍ မူလပိုင်ရှင် တောင်သူများထံသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင်ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းဝင်းက နိုင်ငံအဝန်း အဂတိလိုက်စားမှု ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတစ်ရပ်ကို တင်သွင်းသည်။

ယင်းအဆိုအပေါ် လယ်ဝေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးက ထောက်ခံဆွေးနွေးပြီး လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကကြေညာ၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေမှုများ၊ အုပ်စုလိုက်မူးယစ်ဆေးဝါးသုံးစွဲသည့်နေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေးအဆိုကို အတည်ပြု

**နေပြည်တော် ဩဂုတ် ၂**

"မြန်မာနိုင်ငံအနှံ့အပြားတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ၊ အုပ်စုလိုက်မူးယစ်ဆေးဝါးသုံးစွဲသည့် နေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲသူများအား ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေး" အဆိုကို အတည်ပြုခဲ့သည်။



ဦးစိုင်းဝမ်းလှိုင်းခမ်း

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း တင်သွင်းထားသည့် အထက်ပါအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနက ရှင်းလင်းဖြေကြားခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ယင်းအဆိုကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းက ယင်းအဆိုနှင့်စပ်လျဉ်း၍ မူးယစ်ဆေးဝါးရောင်းချသူများ၏ အဓိကပစ်မှတ်သည် လူငယ်ထုဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာပေးခြင်းလုပ်ငန်း၏ ပစ်မှတ်ကိုလည်း လူငယ်ထုကိုသာ ဦးတည်ရမည်ဖြစ်ပါကြောင်း၊ လူငယ်အများဆုံးနေရာများဖြစ်သည့် စာသင်ကျောင်းများတွင် မူးယစ်ဆေးဝါးပညာပေးလုပ်ငန်းများဖြစ်သည့် ဟောပြောပွဲ၊ အက်ဆေးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲစသည်တို့ကို စာသင်ကျောင်းများတွင် အကြိမ်ရေများများဖြင့် ခပ်စိပ်စိပ်ဆောင်ရွက်သင့်သည့်အပြင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများ၏ အကူအညီကို ရယူပြီး ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကား သုံးစွဲနေမှုများကို အလွယ်တကူတိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များဖော်ပြထားသည့် နံရံကပ်ပိုစတာများကို ကပ်ခြင်းဖြင့် မသမာသူများကို စိုးရိမ်စိတ်ကြီးထွားစေခြင်းစသည့် နည်းလမ်းပေါင်းစုံသုံး၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သင့်ပါကြောင်း။

မူးယစ်ဆေးဝါး အန္တရာယ်သည် မြန်မာတစ်မျိုးသားလုံးကို ခြိမ်းခြောက်သည့်အဆင့်ကို ကျော်လွန်ပြီး အန္တရာယ်ပေးသည့်အဆင့် ရောက်ရှိနေပြီဖြစ်သည့်အတွက် အစိုးရအနေဖြင့် ပြည်သူလူထု၏ အားကိုယူ၍ အလျင်အမြန်တားဆီးနှိမ်နင်းရမည့် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးသက်ဝင်းက ပြည်သူလူထုအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအတွင်း တက်ကြွစွာပါဝင်လာကြသည်ကို ကြိုဆိုရမည်ဖြစ်သော်လည်း ကမ္ဘာ့ကုလသမဂ္ဂနှင့် UNODC တို့က ချမှတ်ထားသည့် မူဘောင်များ၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ တည်ဆဲဥပဒေတို့နှင့် ညီညွတ်စွာဆောင်ရွက်ပါက လုပ်ငန်းစဉ်များပိုမိုအောင်မြင်ပြီး ဘိန်းစိုက်ပျိုးသည့် ဒေသများအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုများ၏ လူမှုစီးပွားဘဝတိုးတက်လာကာ ဘိန်းကင်းစင်နယ်မြေများ ရေရှည်တည်တံ့နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အဆက်ဆက်တွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တိုင်းရင်းသားအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နေသည်ကိုလည်း သိရှိပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပြီး မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရက ချမှတ်သောလမ်းစဉ်များအတိုင်း တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်တစ်ခုတည်းအတွက်မဟုတ်ဘဲ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးက မြန်မာရှေးဘုရင်များ လက်ထက်မှစ၍ ယနေ့အချိန်ထိ မူးယစ်ဆေးဝါးအန္တရာယ်သည် ကြီးမားစွာကျရောက်လျက်ရှိနေကြောင်း၊ ရည်ရွယ်ချက်ကောင်းသည့် ဥပဒေများ၊ အမိန့်များ ပြဋ္ဌာန်းထုတ်ပြန်ခဲ့သော်လည်း သက်ဆိုင်ရာတာဝန်ရှိသူများက ထိရောက်သည့် ဖမ်းဆီးအရေးယူခြင်း မရှိခဲ့သည့်အတွက် ယနေ့မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်အပါအဝင် ကျေးလက်ဒေသများပါမကျန် နေရာအနှံ့တွင် ရောင်းချခြင်း၊ သုံးစွဲခြင်း၊ သယ်ယူဖြန့်ဖြူးခြင်း၊ ထုတ်လုပ်ခြင်းများသည်



ဦးမျိုးဝင်း

လိုင်စင်ရ တရားဝင်ဆိုင်များကဲ့သို့ ဖြစ်နေပါကြောင်း။

မြန်မာနိုင်ငံတွင် ကြီးမားစွာ အန္တရာယ်ကျရောက်နေသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်ကို ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အရေးတကြီး အဆောတလျင် ထိရောက်စွာ ဖမ်းဆီးအရေးယူပြီး ပြည်သူတစ်ရပ်လုံးအား အသိပညာပေးခြင်း၊ ဆေးစွဲသူများကို ပြန်လည်ပြုစုပျိုးထောင်သည့်စခန်းများ ဖွင့်လှစ်၍ ဆေးဝါးကုသပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် အစိုးရအား လွှတ်တော်က တိုက်တွန်းသင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တင်လင်းဦးက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရာတွင် လုပ်ဆောင်ရမည့် နည်းလမ်းများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသော ဓာတုဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို မိမိနိုင်ငံအတွင်းသို့ ဝင်ရောက်လာနိုင်သော လမ်းကြောင်းများကို ပိတ်ဆို့ခြင်း၊ စစ်ဆေးရှာဖွေခြင်း၊ ဖမ်းဆီးအရေးယူခြင်းများ ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဘိန်းစိုက်ပျိုးသည့်နေရာများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာများကို သတင်းစုံစမ်းဖော်ထုတ်ပြီး ဖျက်ဆီးရှင်းလင်းရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးခြင်း ပြုလုပ်နေသော ပင်ရင်းဌာန၊ နေရာများကိုလည်း ပြည်သူလူထုနှင့် ပူးပေါင်းဖော်ထုတ်၍ ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲနေသူများကို ပြည်သူလူထုအကူအညီ ရယူဖော်ထုတ်ပြီး လူငယ်ပြုစု ပျိုးထောင်ရေးဌာနများ၊ ဆေးရုံများသို့ပို့ဆောင်၍ ဆေးကုသမှုခံယူစေခြင်း၊ ပြုစုပျိုးထောင်ခြင်းများ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မြို့နယ်၊ ရပ်ကွက်များတွင်သာမက ကျေးလက်ဒေသများအထိ ပြည်သူလူထုကို အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးသည် လူသားအားလုံး၏ ပကတိစစ်မှန်သော ရန်သူကြီးဖြစ်သည်ဟု ခံယူလျက် မူးယစ်ဆေးဝါးများ ကမ္ဘာ့မြေပြင်မှ လုံးဝချုပ်ငြိမ်းပပျောက်သွားရေးကို နိုင်ငံတကာမှ လူသားအားလုံးက ဘုံရည်မှန်းချက်အဖြစ်ထားရှိလျက် လက်တွဲညီညီ တိုက်ဖျက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် အသိအမှတ်ပြုခံယူလျက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တပ်မတော်အနေဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် တစ်ခဲနက်ပါဝင်ကာ အားသွန်ခွန်စိုက် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန်တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၏ "မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ သီရိမြိုင်ရပ်ကွက် အပါအဝင် သီရိမင်္ဂလာရပ်ကွက်၊ မုပွန်ရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်နှင့် ရွှေမြိုင်သီရိရပ်ကွက်ကြီးများရှိ လူနေအိမ်ရာမြေကွက်များကို နိုင်ငံတော်မှ အနှစ် (၃၀) အငှားဂရန်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြေယာအရှုပ်အရှင်း ကင်းရှင်းသူများကိုသာ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးက အထက်မြန်မာပြည် မြေနှင့်အခွန်နည်းဥပဒေနှင့် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာများ နည်းဥပဒေတို့အရ လျှောက်ထားသူ၏ မြေပေါ်ရှိအဆောက်အအုံ ခိုင်မာမှုအပေါ် မူတည်ပြီး ၁၀နှစ် နှစ်တိုမြေငှားဂရန်၊ နှစ် ၃၀ နှစ်ရှည်မြေငှားဂရန်များ ထုတ်ပေးလျက်ရှိကြောင်း ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီးက ရပ်ကွက်တိုးချဲ့မြေများတွင် မြေကွက်စတင်ချထားပေးစဉ်ကပင် ပိုင်ဆိုင်မှုအထောက်အထား ထုတ်ပေးထားခြင်းမရှိသော မြေကွက်များနှင့်ပတ်သက်၍ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ရောင်းဝယ်၊ လွှဲပြောင်း၊ ပေးအပ်ခြင်းစသည့်ကိစ္စများအတွက် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ခဲ့သည့် စာချုပ်အထောက်အထားများဖြင့်လည်းကောင်း၊ အမွေဆက်ခံမှု၊ အမွေပုံစီမံခန့်ခွဲမှု ကိစ္စများအတွက် တရားရုံး၏ အမိန့်ဒီကရီများဖြင့်လည်းကောင်း၊ မြေပိုင်ဆိုင်မှု၊ အငြင်းပွားခြင်း ကိစ္စများအတွက် သက်ဆိုင်ရာတရားရုံးများ၏ လက်ရောက်ရရှိစေမှု၊ ပိုင်ဆိုင်ကြောင်း

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# ဘာသာစကားနှင့် အသံထွက်

## ခင်သန်းဌေး(အင်္ဂလိပ်စာ)

နိုင်ငံခြားဘာသာစကားတစ်ရပ်ကို လေ့လာရာတွင် ဘာသာစကားနှင့်အသံထွက်သည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ကျွန်မတို့ ငယ်စဉ်က သင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများက မှန်ကန်သော အင်္ဂလိပ်ဘာသာစကားအသံထွက်ဖြင့် လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ ကျွန်မက နယ်မြို့လေးတစ်မြို့မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ရန်ကုန်မြို့တွင် ပညာရေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိခဲ့ပါသည်။ ကျွန်မပညာရေးတက္ကသိုလ်မှ B.Ed ဘွဲ့ရရှိခဲ့ပါသည်။ ကျွန်မတို့ကို သင်ကြားပေးသော အင်္ဂလိပ်စာဆရာ ဆရာမကြီးအများစုမှာ မြန်မာလူမျိုးအများစု ဖြစ်ပါသည်။ ကျွန်မတို့မှာ ဆရာ ဆရာမကြီးများ၏ သင်ကြားပြသပုံ၊ အသံထွက်များကို အားကျအတုယူခဲ့ပါသည်။ မိမိ၏ဆရာ ဆရာမကြီးများကို မြန်မာစကားတောင် တတ်ပါရဲ့လားဟု ထင်မိသည်။ အကြောင်းမှာ စာသင်ချိန်တစ်ချိန်လုံး အင်္ဂလိပ်ဘာသာဖြင့် ပြောရုံမက စာသင်ခန်းပြင်ပတွင်လည်း ကျွန်မတို့ကို အင်္ဂလိပ်စကားဖြင့်သာ ပြောဆိုပါသည်။ အလွန်နှစ်သက် သဘောကျပါသည်။

ကျွန်မတက္ကသိုလ်တွင် ဆရာမဖြစ်လာသောအခါ နည်းပြဘဝမှစ၍ ဌာနမှူးနှင့် ကထိက၊ လက်ထောက်ကထိက ဆရာ ဆရာမကြီးများက အတန်းမဝင်မီ သေချာပြင်ဆင်ရန်၊ အထူးသဖြင့် အသံထွက်မှန်ကန်ရန်အတွက် dictionary ကြည့်၍ သေချာပြင်ဆင်ရန် ကျွန်မတို့အား မှာကြားလေ့ကျင့်ပေးခဲ့ပါသည်။ ကျွန်မတို့၏ ပါမောက္ခဆရာကြီး ဆရာမကြီးများက မှာကြားသည်မှာ "မြန်မာတစ်နိုင်ငံလုံးရှိ အင်္ဂလိပ်စာကို အသုံးပြုနေရသည့် ဘွဲ့ရပြီးသူများအားလုံးဟာ မင်းတို့ ပြုစုပျိုးထောင်လိုက်သူများဖြစ်သည်။ သူတို့တွေအတွက် မင်းတို့မှာ တာဝန်အပြည့်အဝရှိသည်"ဟု ပြောပါသည်။ လေးစားလိုက်နာခဲ့ပါသည်။

ပညာတော်သင်သွားစဉ်အချိန်က နိုင်ငံခြားသားဆရာမကြီးတစ်ဦးက မင်းတို့ရဲ့ တပည့်တွေက Native speaker (အင်္ဂလိပ်ဘာသာစကားကို မိခင်ဘာသာစကားအဖြစ် ပြောသူများ) မဟုတ်သည့်အတွက်ကြောင့် သူတို့ရဲ့ အသံထွက်ကို Native speaker တစ်ဦးကဲ့သို့ ဖြစ်ရမည်ဟု မမျှော်လင့်ပါနှင့်၊ မှန်ကန်သည့် အသံထွက်ဖြစ်လျှင် ရပါပြီဟု ပြောကြားခြင်းကို ကြားခဲ့ရပါသည်။

ကျွန်မတို့ငယ်စဉ်က BBS ဟုခေါ်သော မြန်မာ့အသံအင်္ဂလိပ်ပိုင်း အစီအစဉ်ကို အချိန်ပေး၍ နားထောင်လေ့ရှိပါသည်။ သတင်းကြေညာသော ဦးလှဘူး၊ ဒေါ်နီနီနေဝင်း၊ ဒေါ်လှညွန့်၊ ဦးညီညီ၊ ဦးခင်မောင်သွင်၊ ဦးဖေတင်သိန်း အစရှိသူများကို နှစ်သက်အားကျခဲ့ပါသည်။ ကျွန်မတို့ခေတ်က ရေဒီယိုသာရှိပါသည်။ သို့ပါ၍ လိုင်းပေါင်းစုံကိုဖမ်းပြီး သီချင်းများ၊ ပုံပြင်များကို နားထောင်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ငါတို့ မြန်မာ့အသံက အင်္ဂလိပ်လို အသံလွှင့်သူတွေတော်လိုက်တာ၊ နိုင်ငံခြားသားတွေအတိုင်းပဲဟု တွေးကာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ယခု ရုပ်မြင်သံကြားခေတ်သို့ရောက်ရှိပြီး Channel ပေါင်းများစွာလည်း ရှိနေပါပြီ။ TV ပေါ်ကာစက အင်္ဂလိပ်ဘာသာဖြင့် သတင်းကြေညာသူများမှာ အလွန်ကောင်းပါသည်။ မြန်မာဆန်ဆန်မျက်နှာထား၊ မြန်မာ့ဝတ်စုံဖြင့် အင်္ဂလိပ်ဘာသာစကားကို ပြောကြားနေသည်မှာ အလွန်ကောင်းမွန်လှသည့်အတွက် ကြည်နူးဂုဏ်ယူမိပါသည်။

**အင်္ဂလိပ်ဘာသာစကားမှာကား ငယ်စဉ်ကစ၍ သင်ကြားရပါသည်။ သို့အတွက်ကြောင့် သင်ကြားရချိန်ပိုများပါသည်။ အဘယ်ကြောင့် မှန်ကန်သောအသံထွက်ကို မရနိုင်ရပါမည်နည်း။ အာရုံစိုက်ရန်သာလိုပါသည်။ များစွာလေ့ကျင့်စေလိုပါသည်။**

မီဒီယာလုပ်ငန်းတွင် အသံလွှင့်လုပ်ငန်းသည် လူထုနှင့်အများဆုံး ထိတွေ့ရသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာစကားညှပ်၍ ကြေညာနေရသော ကြော်ငြာများစွာလည်းရှိနေပါသည်။ အသံထွက်အမှားများများ များစွာ တွေ့နေရပါသည်။ ဥပမာ အလှကုန်ကြော်ငြာများ၌ မျက်နှာကို ဒီအလှဆီဖြင့်(cream) ဖြင့် scrub လုပ်ပါသည်ဟု ပြောရာ၌ "ဆက်ကရပ်" ဟု ပြောပါသည်။ အမှန်မှာ "ဆကရပ်" သာဖြစ်ပါသည်။

ယနေ့ခေတ်တွင် အင်္ဂလိပ်ဘာသာစကားပြောသင်တန်းများ များစွာရှိပြီး အင်္ဂလိပ်သာသာစကားကိုလည်း တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပါသည်။ အသံထွက်မမှန်လျှင် မိမိပြောသောစကားကို ကြားရသူက အဓိပ္ပာယ်လွဲမှားစွာယူဆနိုင်ပါသည်။ အသံထွက်အမှားများကို ကြားရတိုင်း စိတ်မကောင်းဖြစ်ရပါသည်။ ကျွန်မတို့ ဆရာကြီးတွေ ဆရာမကြီးတွေ ကြားရင် "မင်းတို့ မသင်ပေးကြဘူးလား"ဟု အမေးခံရဦးမည်မှာ မလွဲပါ။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် နိုင်ငံခြားဘာသာစကားများကို လေ့ကျင့်သင်ကြားပေးနေပါသည်။ ထိုသို့ သင်ကြားရာတွင် အသံထွက်ကို အလွန်ဦးစားပေးပါသည်။ ဥပမာ တရုတ်ဘာသာစကားအတန်းတွင် ကျောင်းသားတစ်ဦးလျှင် မှန်အသေးတစ်ချပ်စီ ယူဆောင်စေပြီး မိမိ၏ ပါးစပ်ကို မှန်၌ကြည့်၍ အသံထွက်ကို လေ့ကျင့်ပေးပါသည်။ ထိုသူများမှာ အခြေခံပညာအထက်တန်းအောင်ပြီးမှ နိုင်ငံခြားဘာသာစကားကို သင်ကြားရခြင်းဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာစကားမှာကား ငယ်စဉ်ကစ၍ သင်ကြားရပါသည်။ သို့အတွက်ကြောင့် သင်ကြားရချိန်ပိုများပါသည်။ အဘယ်ကြောင့် မှန်ကန်သောအသံထွက်ကို မရနိုင်ရပါမည်နည်း။ အာရုံစိုက်ရန်သာလိုပါသည်။ များစွာလေ့ကျင့်စေလိုပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အင်္ဂလိပ်စာကို အသုံးပြုနေသောသူများအားလုံး မှန်ကန်သော အသံထွက်ဖြင့် ယခင်မြန်မာ့အသံမှ သတင်းကြေညာသူများကဲ့သို့ အားကျဖွယ်သူများဖြစ်ပါစေကြောင်း။ ။

## ပြည်တွင်းစစ်များနှင့် တိုင်းရင်းသားရေးရာပြဿနာများ ဆွေးနွေး

**ကျောက်မဲ သြဂုတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၇)ရပ်ကွက် ရွှေကျင်ကျောင်းတိုက်တွင် ယနေ့နံနက် ၁၁ နာရီက အမေရိကန်နိုင်ငံ ချီကာဂိုတက္ကသိုလ်မှ နိုင်ငံရေးသုတေသီ ပရော်ဖက်ဆာ ဒေါက်တာဂျိမ်း(စ်)ဒီဖာရွန်နှင့် အဖွဲ့သည် ရှမ်းစာပေနှင့်ယဉ်ကျေးမှု ဥက္ကဋ္ဌ ဦးစိုင်းဘ၊ ဒု-ဥက္ကဋ္ဌ ဦးစိုင်းအုန်းမြင့်တို့ ဦးဆောင်သော အဖွဲ့ဝင် ၃၀ တို့နှင့် တွေ့ဆုံ၍ ပြည်တွင်းစစ်များနှင့် တိုင်းရင်းသားရေးရာပြဿနာများခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ပရော်ဖက်ဆာ ဒေါက်တာဂျိမ်း(စ်)ဒီဖာရွန်က ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြည်တွင်းစစ်များ ဖြစ်ပွားလျက်ရှိကြောင်း၊ ပြည်တွင်းစစ်များ ဖြစ်ပွားရသည့် အကြောင်းအရင်းမှာ လက်နက်ကိုင်အဖွဲ့အစည်းများ နိုင်ငံတိုင်း၌ရှိနေခြင်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်နားလည်မှု မရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့တို့ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ရာတွင် တိကျစွာလိုက်နာရန်လိုအပ်ကြောင်း၊ နိုင်ငံအသီးသီးတွင်လည်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်း အချင်းချင်း ဆွေးနွေးညှိနှိုင်း အဖြေရှာမှသာ ပြည်တွင်းငြိမ်းချမ်းရေး အမှန်တကယ်ရရှိမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

**ကျောက်မဲ(မြန်/ဆက်)**

## ရေဝပ်ဧရိယာအတွင်းကျရောက်ခဲ့သော ပြောင်းရွှေ့ရွာများအား အစားထိုးမြေများတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်

**နေပြည်တော် သြဂုတ် ၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းတည်ဆောက်ခြင်းကြောင့် တမံ၏ရေဝပ်ဧရိယာအတွင်း ကျရောက်ခဲ့သည့် ပနန်းကျေးရွာ၊ စပယ်ကျေးရွာ၊ ယင်းမာကျေးရွာနှင့် စင်ပုံကျေးရွာများ၏ စိုက်ပျိုးမြေများအား အစားထိုးစိုက်ပျိုးမြေများဖော်ထုတ်ပေးခြင်း၊ ဖော်ထုတ်ပေးသည့် စိုက်ပျိုးမြေများ၏ မြေဆီမြေဩဇာဆိုင်ရာ မြေဆီလွှာများတိုင်းတာစစ်ဆေးခြင်း၊ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီပြီး တောင်သူများအတွက် အကျိုးအမြတ်ပိုမိုရရှိနိုင်သည့် သီးနှံပုံစံများချမှတ်ပေးခြင်း၊ စိုက်ပျိုးရေးနှင့် တွဲဖက်လျက် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ထူထောင်ရေးနှင့် စားကျက်မြေများ သတ်မှတ်ဖော်ထုတ်ပေးနိုင်ရေးစီမံဆောင်ရွက်ပေးခြင်း၊ တောင်သူများကိုယ်တိုင် လွယ်ကူစွာဆောင်ရွက်နိုင်သည့် သဘာဝမြေဩဇာထုတ်လုပ်သုံးစွဲနည်းများအပါအဝင် စိုက်ပျိုးနည်းပညာများ ကွင်းဆင်းကူညီပံ့ပိုးခြင်းများကို ဌာနဆိုင်ရာအသီးသီးတို့က ကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ဇူလိုင် ၂၂ ရက်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်ရှိန်နှင့်အဖွဲ့သည် ပနန်းကျေးရွာ၊ စပယ်ကျေးရွာ၊ ယင်းမာကျေးရွာနှင့် စင်ပုံကျေးရွာများမှ တောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး နည်းစနစ်များကို ဟောပြောခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း အမျိုးမျိုးကို လက်တွေ့သရုပ်ပြသခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး တောင်သူများက သိရှိလိုသည်များ ဆွေးနွေးမေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးက အသေးစိတ်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဂျပန်ဥစားပိန်းများ စမ်းသပ်စိုက်ပျိုး

**နေပြည်တော် သြဂုတ် ၂**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဂျပန်နိုင်ငံမှ မျိုးပေးစိုက်စေသည့် ဂျပန်ဥစားပိန်းများအား ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်စိုက်ပျိုးလုပ်ကိုင်လာကြသည်။ ဂျပန်ဥစားပိန်းများသည် မြန်မာနိုင်ငံအခြေစိုက် MAF ကုမ္ပဏီမှ တိုက်ရိုက်မျိုးပေးစနစ်ဖြင့် စိုက်ပျိုးပြီး လိုအပ်သည့် မျိုးဥများ၊ ဆေးဝါးများနှင့် သီးနှံအတွက် အစာများကို ကုမ္ပဏီမှ တိုက်ရိုက်ကြီးကြပ်မှုဖြင့် တောင်သူများကစိုက်ပျိုးပေးရသည်။ ယင်းပိန်းအား စိုက်ပျိုးမည့် တောင်သူများအနေဖြင့် မြေ၊ ရေနှင့် စိုက်ပျိုးမည့် တောင်သူသာလိုအပ်ပြီး ရရှိလာသည့် ပိန်းဥများကိုလည်း MAF ကုမ္ပဏီကပင် တစ်ပိဿာ ကျပ် ၃၆၀ ဖြင့် ပြန်လည်ဝယ်ယူ မည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ပန်းမျိုးသည် တစ်ဧကလျှင် အပင်ရေ တစ်သောင်းစိုက်ပျိုးနိုင်ပြီး အပင်တစ်ပင်၏ဥမှာ တစ်ပိဿာခွဲခန့် ရရှိနိုင်ကြောင်းနှင့် စိုက်ပျိုးစရိတ်မှာ ကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်းနှင့် အဆိုပါ စိုက်ပျိုးစရိတ်ကုန်ကျမှုများတွင် ပေါင်းမြက်ရှင်းခမှာ အများဆုံး ပါဝင်ကြောင်း သိရသည်။

"မြန်မာနိုင်ငံအခြေစိုက် ဂျပန်နိုင်ငံမှ ကုမ္ပဏီတစ်ခုဖြစ်တဲ့ MAF ကုမ္ပဏီက ကျွန်တော်တို့ရွာကို ဟောပြောပွဲဆင်းတော့ ဥစားပိန်း၊ ပဲတောင့်ရှည်၊ ဖရုံနှင့် ရုံးပတီသီးများ ဂျပန်နည်းပညာဖြင့် စိုက်ပျိုးလိုရင် ဆက်သွယ်နိုင်ကြောင်းပြောလို့ ဥစားပိန်းမျိုးကို ဆက်သွယ်စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးမည့် ပိန်းမျိုးဥများကို ကုမ္ပဏီက ပေးပြီး တစ်ဧကကို ပိဿာချိန် ၄၀၀ ပျိုးရတယ်။ ဆေးဝါးနဲ့ လိုအပ်တဲ့ အစာတွေကိုလည်း ကုမ္ပဏီကပဲ ပေးတာပါ။ သီးနှံပေါ်တဲ့အချိန်မှာ ကုမ္ပဏီကပြန်ဝယ်ပြီး မျိုးပေးထားတယ်။ ပိန်းဥနဲ့ ဆေးဝါးတွေရဲ့ တန်းဖိုးငွေကိုနုတ်ပြီး ကျန်သီးနှံတန်းဖိုးကို စိုက်ပျိုးတောင်သူက ရရှိမှာဖြစ်ပါတယ်"ဟု ပျဉ်းမနားမြို့နယ် ရွာသာကျေးရွာမှ ဂျပန်ဥစားပိန်းစိုက်ပျိုးသူ ဦးဇော်ဦးက ပြောသည်။

ယခုစိုက်ပျိုးသော ပိန်းများသည် ဧပြီလမှစတင်၍ စိုက်ပျိုးကာ စက်တင်ဘာလတွင် ဥများဖော်နိုင်ပြီး ရက်ပေါင်း ၁၆၀ ရက် စိုက်ပျိုးရကြောင်းနှင့် ဂျပန်ဥစားပိန်းမျိုးကို စိုက်ပျိုးရခြင်းမှာ ဈေးကွက်ခိုင်မာခြင်း၊ စိုက်ပျိုးနည်းပညာများ တိုးတက်ခြင်းနှင့် ဝင်ငွေများတိုးပွားစေ ရန်ရည်ရွယ်၍ စိုက်ပျိုးကြကြောင်း သိရသည်။

**စိုးမိုး(မြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

သြဂုတ် ၂ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ ပါ ဆောင်းပါးရှင် ထိုက်၏ ဖျားနာသူအားပေးပါ ဆောင်းပါး ပထမပိုဒ် စာကြောင်းရေ ၄ ပါ "အိန္ဒိယနိုင်ငံက ဆရာဝန်ကြီးတွေကို ဖိတ်ကြားပြီး"အစား "ပြင်သစ်နိုင်ငံက ဆရာဝန်ကြီးတွေကို ဖိတ်ကြားပြီး" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စာရေးသူ)**

## ပြင်ဆင်သိမှတ်ပေးပါရန်

ဇူလိုင်လ ၃၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ တွင် ဖော်ပြပါရှိသော 'ပြောပါရစေ အောင်ဘာလေ' ဆောင်းပါးတွင် ထည့်သွင်းဖော်ပြခဲ့သော မန္တလေးမှ 'လောကခံ မောင်ကို' ၏ ဖြစ်ရပ်များတွင် ကိုမောင်ကိုသည် ဈေးချိုတော်တွင် ကုန်သည်လုပ်ငန်း လုပ်ကိုင်သူဖြစ်ကြောင်း၊ အသောက်အစား၊ လောင်းကစား မရှိသူဖြစ်ကာ ထီဆုပေါက်ငွေမှာ ငွေကျပ်ငါးသောင်းဆုဖြစ်ကြောင်း ပြင်ဆင်သိမှတ်ပေးပါရန် စာရေးသူမှ အနူးအညွတ်တောင်းပန်အပ်ပါသည်။

**(စာရေးသူ)**

# ၁၉၂၁ ခုနှစ်နောက်ပိုင်း တက္ကသိုလ်အဆောင်နေ ကျောင်းသားကျောင်းသူများဘဝ

## ဦးလူနီ ပါမောက္ခချုပ်(ငြိမ်း)

ရှေးယခင်က တက္ကသိုလ်ကျောင်းများသို့ နယ်မှမိဘများနှင့် ခွဲခွာပြီး ကျောင်းလာတက်ကြသော ကျောင်းသား ကျောင်းသူများကို မိဘများကဲ့သို့ ပြုစုစောင့်ရှောက်ရန် အစိုးရက တက္ကသိုလ်အဆောင်များဖွင့်လှစ်ပေးပါသည်။ ထိုအဆောင်ထားသောစနစ်ကို အခြေအနေအရ ၁၉၉၇ ခုနှစ်တွင် ရပ်စဲခဲ့ပါသည်။ သို့သော် ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနသည် တက္ကသိုလ်များတွင် ကျောင်းသားများထားသောစနစ်ကို ပြန်လည်စတင်နေပြီဖြစ်သည်။ စာရေးသူသည် မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာန ပါရဂူဘွဲ့ ကြီးကြပ်ရေးကော်မတီတွင် ယနေ့တိုင်ဆောင်ရွက်ပေးနေသဖြင့် မန္တလေးတက္ကသိုလ်မှ ဆရာ ဆရာမများသာမက နယ်တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် မပြတ်တွေ့ရပါသည်။ အချို့ကျောင်းသား ကျောင်းသူများမှာ တက္ကသိုလ်ကျောင်းဆောင်များတွင် မနေကြသူများရှိကြောင်း သိရသည်။ ထို့အပြင် စာရေးသူ၏ သမီးမှာ မန္တလေးအဝေးသင်တက္ကသိုလ် ရူပဗေဒဌာနမှ ဆရာမတစ်ဦးဖြစ်သဖြင့် နယ်တက္ကသိုလ်မှ ဆရာ ဆရာမများ မန္တလေးအဝေးသင်တက္ကသိုလ်သို့ သင်ကြားရေးကိစ္စ၊ စာမေးပွဲကိစ္စနှင့် လာကြသည့်အခါ နယ်မှတက္ကသိုလ် ကျောင်းသူများသည်ပင် တက္ကသိုလ်ကျောင်းဆောင်များတွင် နေခွင့်ရသော်လည်း အဆောင်စည်းကမ်းမလိုက်နာနိုင်ကြသဖြင့် အဆောင်တွင်မနေကြဘဲ ရပ်ကွက်ထဲတွင် သင့်သလိုနေကြသည်ဟု ပြော၍ သိရသည်။

ထို့ကြောင့် တက္ကသိုလ်များမှ ကျောင်းဆောင်စည်းကမ်းများကို မကြောက်ကြရန်နှင့် တက္ကသိုလ်ကျောင်းဆောင်များမှ အဆောင်မှူးများသည် မိဘနှင့်တူကြောင်း၊ အဆောင်နည်းပြ ဆရာ ဆရာမများသည် မိမိတို့၏ အစ်ကိုကြီး၊ အစ်မကြီးများသဖွယ် ပြုစုစောင့်ရှောက်ကြမည့်သူများအဖြစ် သဘောပေါက် နားလည်စေလိုပါသည်။

စာရေးသူသည် အဆောင်ကျောင်းသားဘဝနှင့် ငါးနှစ်နေခဲ့ပြီး အဆောင်မှူးအဖြစ် ခုနစ်နှစ်ဆောင်ရွက်ခဲ့သဖြင့် အဆောင်အတွေ့အကြုံများစွာရှိပါသည်။ စာရေးသူ အဆောင်မှူးဘဝနှင့် ပြုစုပျိုးထောင်ခဲ့သော စိုက်ပျိုးရေးကျောင်းသားများနှင့် မန္တလေးတက္ကသိုလ်ကျောင်းသားများထဲမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ယနေ့ခေတ်အထိ နိုင်ငံတော် အကြံပေးပုဂ္ဂိုလ်များအဖြစ် ဆောင်ရွက်နိုင်သူများကို မွေးထုတ်ခဲ့ကြောင်း စာရေးသူ ဆောင်းပါးရေးသားခဲ့ဖူးပါသည်။

ယခုဆောင်းပါးတွင် အင်္ဂလိပ်ခေတ်မှစပြီး ခေတ်အဆက်ဆက် တက္ကသိုလ်ကျောင်းဆောင်များမှ စည်းကမ်းကောင်းသော နိုင်ငံ့သားကောင်းရတနာများစွာ ပေါ်ထွက်ခဲ့သည်ကို သင့်သလို ဖော်ပြလျက် ကျောင်းဆောင်စည်းကမ်းများမှ နမူနာအချို့ကိုထုတ်၍ ရေးသားသွားမည်ဖြစ်ပါသည်။ စာရေးသူ ထုတ်နုတ်ရေးသားမည့် ကျောင်းဆောင်စည်းကမ်းများမှာ ခေတ်အဆက်ဆက် အဆောင်များတွင် နေထိုင်ခဲ့သော ကျောင်းသားကျောင်းသူများထံမှ သိရသော၊ ခံစားခဲ့ကြသော စည်းကမ်းများဖြစ်ပါသည်။

စာရေးသူ၏ ဖခင်သည် ၁၉၂၀ ခုနှစ် ကျောင်းသားသပိတ်တွင် မြင်းခြံမြို့ အထက်တန်းကျောင်းမှ ကျောင်းသားခေါင်းဆောင်အဖြစ် သပိတ်မှောက်ခဲ့သူဖြစ်ပြီး ရန်ကုန်တက္ကသိုလ်တွင် ၁၉၂၂ ခုနှစ်မှ ၁၉၂၆ ခုနှစ်အထိ တက်ရောက်၍ ရန်ကုန်တက္ကသိုလ်ကျောင်းဆောင် အဆောင်ကျောင်းသားအဖြစ် နေခဲ့ပါသည်။ ထိုစဉ်က တက္ကသိုလ်သည် အင်္ဂလိပ်အစိုးရက ၎င်းတို့အုပ်ချုပ်ရေးတွင် ပါဝင်ထမ်းဆောင်မည့် ဝန်ထမ်းများမွေးထုတ်ရန် အဓိကရည်ရွယ်သဖြင့် အဆောင်စည်းကမ်းများသည် အလွန်တင်းကျပ်ပါသည်။ သို့သော် ၁၉၂၀ ခုနှစ် သပိတ်ပြီးသည့်နောက်တွင် စည်းကမ်းများ ယခင်ကလောက် မတင်းကျပ်တော့ပါ။

စာရေးသူ၏ဖခင် အဆောင်ကျောင်းသားဘဝက စည်းကမ်းများအနက် စာရေးသူသဘောကျသည့် စည်းကမ်းအချို့မှာ ကျောင်းသားများ ထမင်းစားခန်းဝင်သည့်အခါ စွပ်ကျယ်လက်ပြတ်နှင့် ရှပ်အင်္ကျီမပါဘဲ ထမင်းစားခန်းသို့ ဝင်စားခြင်း မပြုလုပ်ရပါ။ ကျောင်းသားများသည် အဆောင်ဝန်ထမ်းများနှင့် အချင်းများပါက ကျောင်းသားများကို ခေါ်ယူ၍ အဆောင်မှူးက ဆုံးမပါသည်။ ထို့အပြင် မြို့ထဲမှ အဆောင်သို့ပြန်လာသည့်အခါတွင်လည်း ထိုစဉ်က လိုက်ပို့သော လန်ချားဆွဲသူနှင့် အခကြေးငွေပေးရာတွင် ငြင်းခုံပါကလည်း ကျောင်းသားကိုခေါ်၍ ဆုံးမသည်။ ဆိုလိုသည့်သဘောမှာ မိမိတို့မလုပ်နိုင်သောကိစ္စကို ဆောင်ရွက်ပေးသောဝန်ထမ်းများ၊ အလုပ်သမားများနှင့် စကားများရန်တွေ့ခြင်းသည် အလွန်အောက်တန်းကျသော လုပ်ငန်းကိုလုပ်သည်ဟု ဆုံးမပြောဆိုခြင်းဖြစ်သည်။

အဆောင်ကျောင်းသားများသည် လူမရှိဘဲ မိမိအခန်း မီးဖွင့်ထားခြင်း၊ မီးမပိတ်ဘဲအိပ်ခြင်းပြုလုပ်ပါကလည်း ဒဏ်တပ်သည်ဟု သိရပါသည်။ စာရေးသူ၏ ဖခင်သည် ရန်ကုန်ပြည်ကျောင်းဆောင်၊ တကောင်းကျောင်းဆောင်တို့တွင် နေထိုင်ခဲ့ပြီး ခေတ်စမ်းစာပေကို စတင်ရေးသားခဲ့သူ သိပ္ပံမောင်ဝ၊ စာရေးဆရာ ဇဝနဦးသိန်းတို့နှင့်အတူ နေခဲ့ပါသည်။ ကျောင်းဆောင်တွင် ခြင်များပေါသဖြင့် သိပ္ပံမောင်ဝက 'ချောင်က မောင်ဝ' အမည်ဖြင့် 'ခြင်သူပုန်' အကြောင်း ဆောင်းပါးရေးသည်။ ဇဝနဦးသိန်းက ရွှေတိဂုံစေတီတော်တွင် ဘုရားစာများ ရေးသားခဲ့ပုံကို ပြောပြပါသည်။ ထိုစဉ်က စာရေးသူတို့ဖခင်၏ အဆောင်နည်းပြဆရာမှာ သင်္ချာဆရာ ဦးကြင်ဖြစ်ပြီး ကျောင်းသားများကို စာပေနှင့်တကွ အားကစားပါ အထူးအားပေးသူဖြစ်ကြောင်း၊ ကျောင်းသားများကို ညီအရင်းသဖွယ် စောင့်ရှောက်ကြောင်း ပြောပြဖူးပါသည်။ နောက်ပိုင်းတွင် ICS စာမေးပွဲ အောင်မြင်သဖြင့် ICS ဦးကြင်အဖြစ် အုပ်ချုပ်ရေးသို့ ပြောင်းသွားသည်ဟု သိရသည်။

သို့ဖြင့် ကျောင်းဆောင်များသည် ပညာထူးချွန်သူများ၊ ဝန်ထမ်းကောင်းများ၊ အားကစားလူတော်များ ရှေးကပင် များစွာမွေးထုတ်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ခေါင်းဆောင်များဖြစ်သော ဝန်ကြီးချုပ်ဦးနု၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးကျော်ငြိမ်း စသည့်သူတို့မှာလည်း အဆောင်များတွင် နေထိုင်သူများဖြစ်ပါသည်။ စာရေးသူ၏ ဦးလေးများသည် ၎င်းတို့နှင့် ကျောင်းနေဖက်များဖြစ်သဖြင့် စာရေးသူမှာ ရှေးခေတ်အဆက်ဆက် ရန်ကုန်တက္ကသိုလ်ကျောင်းဆောင်များ၏ စည်းကမ်းနှင့်အုပ်ချုပ်မှုများစွာကို သိရပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်က စာရေးသူ၏ ဦးလေး ဦးစိုးမောင်မှာ ကျောင်းသားသမဂ္ဂငွေထိန်းအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ဦးစိုးမောင်သည် ဦးကျော်ငြိမ်းနှင့် အဆောင်နေကျောင်းသားအဖြစ် ရင်းနှီးစွာနေခဲ့သဖြင့် ၁၉၅၈ ခုနှစ် ဖဆပလနှစ်ခြမ်းကွဲသည့်အခါ ဦးနုနှင့် ဦးကျော်ငြိမ်း အပြန်အလှန်ပေးစာတွင် ဦးစိုးမောင်အား သူ့လူကိုယ့်လူ အငြင်းပွားအကြောင်းဖြစ်ခဲ့ရသည်။ ထိုအကြောင်းကို သတင်းစာဆရာ မိုးကြိုးဦးအုံးခင်သည် သတင်းစာတွင် ဆောင်းပါးအဖြစ် ရေးသားခဲ့ပါသည်။

စာရေးသူ၏ဦးလေး ဦးမောင်မောင်(ခေါ်) ဦးအောင်သူကလည်း ၁၉၃၀ ခုနှစ် သပိတ်တွင် မြင်းခြံခရိုင် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သပိတ်ပြီးဆုံးသည့်အခါ ရန်ကုန်တက္ကသိုလ်သို့ ကျောင်းတက်ပြီး ရန်ကုန်တက္ကသိုလ်အဆောင်တွင် နေခဲ့ပါသည်။ ကျောင်းသားများဖွဲ့စည်းထားသော သံမဏိတပ်တွင် ဗိုလ်ချုပ်အဖြစ် ဆောင်ရွက်ပြီး ကျဆုံးသွားသော ကျောင်းသား ဗိုလ်အောင်ကျော်မှတ်တမ်းကို ကျောင်းသားသမဂ္ဂတွင် မှတ်တမ်းတင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ စာရေးသူဦးလေးအား သံမဏိမောင်မောင်ဟု သိကြသည်။ ထိုနည်းတူ မန္တလေးဥပစာကောလိပ်မှစပြီး စာရေးသူတို့ခေတ်အထိ အဆောင်တွင်နေခဲ့သူများသည် တိုင်းပြည်ခေါင်းဆောင်များ၊ စီးပွားရေးထူးချွန်သူများ၊ နိုင်ငံရေးတော်သူများ များစွာထွက်ပေါ်ခဲ့ပါသည်။ ဤနေရာတွင် အဆောင်ကျောင်းသား ကျောင်းသူမဟုတ်ဘဲ မိဘနှင့်အတူနေထိုင်ပြီး တက္ကသိုလ်တက်သည့်သူများထဲမှလည်း ထူးချွန်သူများစွာ ပေါ်ထွန်းခဲ့ပါသည်။ စာရေးသူ၏ ဆောင်းပါးခေါင်းစဉ်အရသာ ၎င်းတို့အကြောင်း ထည့်၍ မရေးသားခြင်းဖြစ်သည်။ စာရေးသူသည် ပါလီမန်ဒီမိုကရေစီခေတ်(ဝန်ကြီးချုပ်ဦးနုခေတ်) မန္တလေးတက္ကသိုလ်ကျောင်းဆောင် ကျောင်းသားအဖြစ်နေခဲ့ပါသည်။ နယ်မှလာပြီး မိဝေး၊ ဖဝေးနေရသဖြင့် ကျောင်းဆောင်တွင် အဆောင်မှူး၊ အဆောင်နည်းပြများကို မိသားစုသဖွယ် လေးစားကြည်ညိုခဲ့ပါသည်။

တက္ကသိုလ်ကျောင်းဆောင်များသည် ခေတ်အဆက်ဆက် နိုင်ငံတော်ကိုယ်စားပြု အားကစားသမားများ မွေးထုတ်ပေးခဲ့ပါသည်။ အထူးသဖြင့် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှ နိုင်ငံကျော် ဘောလုံးကစားသမားများ စဉ်ဆက်မပြတ်မွေးထုတ်ပေးခဲ့သည်ကို မှတ်တမ်းတင်လိုပါသည်။

စာရေးသူ၏ ဖခင်ခေတ် ၁၉၂၃ မှ ၁၉၂၆ ခုနှစ်များတွင် ရန်ကုန်တက္ကသိုလ်ခြင်းလုံးအသင်းသည် တော်ဝင်အခမ်းအနားတွင် ဧည့်ခံရသော "ခြင်းဝိုင်း" ဖြစ်ခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ် အနှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ၁၉၇၀ ခုနှစ် ထုတ်သောမဂ္ဂဇင်းတွင် ထိုခေတ် ကျောင်းသားဟောင်းတစ်ဦးက ရန်ကုန်တက္ကသိုလ် ခြင်းလုံးအသင်းအကြောင်းရေးခဲ့ပါသည်။ ထိုဆောင်းပါးတွင် ဆောင်းပါးရှင်က စာရေးသူ၏ ဖခင်အား "ဟောတလုံးကိုဗိုလ်"ဟု ရေးသားထားသည်။ ယခုအောင်ဆန်းကွင်း ရှေးခေတ်အခေါ် BAA အားကစားကွင်းတွင် ရန်ကုန်တက္ကသိုလ် ခြင်းလုံးအလှပြခတ်ရသည့်အခါတိုင်း စာရေးသူ၏ ဖခင်သည် ခြင်းလုံးမင်းသားအဖြစ် ခတ်ရပါသည်။ ပရိသတ်မှ ဝိုက်ခြင်းတစ်လုံးခတ်ပါဦးဟု အော်သည့်အခါ 'ဟောဗျ တစ်လုံး'ဟု တစ်လုံးပြီးတစ်လုံး အသံထွက်ပြီးခတ်သဖြင့် ပရိသတ်မှ ၎င်းအမည်ပေးထားသည်ဟု ရေးသားထားကြောင်း ဖတ်ရပါသည်။ စာရေးသူထံတွင် ၁၉၂၃မှ ၁၉၂၆ အထိ ရန်ကုန်တက္ကသိုလ်မှ ပုံနှိပ်ထုတ်ဝေသော အားကစားမှတ်တမ်းစာအုပ်များရှိသဖြင့် ၎င်းကိစ္စကို ၁၉၉၅ ခုနှစ် ရန်ကုန်တက္ကသိုလ် စိန်ရတုမဂ္ဂဇင်းတွင် ရှေးခေတ် ရန်ကုန်တက္ကသိုလ်မှ ခြင်းမင်းသားများဟု ခေါင်းစဉ်တပ်၍ ရေးသားခဲ့ပါသည်။

တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် ကျောင်းဆောင်များတွင် မိဝေး၊ ဖဝေး နေရသော်လည်း အများနှင့် နေတတ်လာကြသည်။ စည်းလုံးညီညွတ်စုပေါင်းလုပ်ကိုင်နိုင်ကြသည်။ ထိုအချက်ကို တစ်စိတ်တစ်ဒေသဖော်ပြလို၍ ရန်ကုန်တက္ကသိုလ် အဆောင်နေကျောင်းသားများ ဦးဆောင်၍ ခြင်းလုံးကစားကြသည်ကို အနည်းငယ် ထပ်မံဖော်ပြလိုပါသည်။ ရန်ကုန်တက္ကသိုလ်နှစ်ပတ်လည်အားကစားမှတ်တမ်းများကို (University College Rangoon) Annual Athletic Sports ခေါင်းစီးတပ်၍ (British Burma Press) မှ ပုံနှိပ်ပါသည်။ အားကစားပွဲများကိုလည်း BAA Ground, Victoria Avenue (ယခု အောင်ဆန်းအားကစားကွင်း) တွင် ကျင်းပကြပါသည်။

၁၉၂၆ ခုနှစ် ရန်ကုန်တက္ကသိုလ် ခြင်းလုံးလက်ရွေးစင်အသင်းကို အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်-

Chin Lone Exhibition by the Prome Road Hostel Chin Lone Club

1. Maung Sein Tin, Tagaung Hall
2. Maung Ba Thein, Tagaung Hall
3. Maung Ko Gyi, Prome Hall
4. Maung Hla Kin, Prome Hall
5. Maung Gale, Pagan Hall
6. Maung Bo, Pagan Hall

Trained by Saya Kyin

Music Rangoon Town Police Band ဟု ဖော်ပြထားပါသည်။

နံပါတ်(၁) မောင်စိန်တင်မှာ သိပ္ပံမောင်ဝ ဖြစ်ပါသည်။ နံပါတ်(၅) မောင်ကလေးမှာ စာရေးသူ၏ ဦးလေးတစ်ဦးဖြစ်ပါသည်။ ထိုဦးလေးမှာ စာရေးသူ၏ ဖခင်နှင့် အခြားဦးလေးများကဲ့သို့ ကျောင်းသားသမဂ္ဂနှင့် ကျောင်းသားအရေးများတွင် မပါဝင်ခဲ့ပါ။ B.A ဘွဲ့ရပြီး ပညာရေးဝန်ကြီးဌာနတွင် ပညာဝန်ထောက်ဘဝဖြင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ နံပါတ်(၆) မောင်ဗိုလ်မှာ စာရေးသူ၏ ဖခင်ဖြစ်ပြီး ခြင်းလုံးအသင်း၏ အဖွဲ့ခေါင်းဆောင်ဖြစ်ပါသည်။ အဆောင်ကျောင်းသားများ နိုင်ငံကိုယ်စားပြုကစားခဲ့သော ခြင်းလုံးအားကစားအသင်းဖြစ်ပါသည်။

ကျောင်းဆောင်များတွင် နယ်အသီးသီးမှလာသော ကျောင်းသားမိတ်ဆွေများနှင့် အတူတကွနေထိုင်ရသဖြင့် အများနှင့်သင့်မြတ်အောင် နေတတ်ခြင်း၊ အများအကျိုး အတူတကွ ဆောင်ရွက်တတ်လာခြင်းတို့မှာ ဘဝတစ်လျှောက် အလွန်အသုံးဝင်သော အတွေ့အကြုံများဖြစ်ပါသည်။ ထို့အပြင် ကျောင်းဆောင်များတွင် သဟာယနှင့် စာဖတ်အသင်းများရှိသဖြင့် စာရေးသူကိုယ်တိုင်လည်း အမှုဆောင်လုပ်ပြီး အတူနေကျောင်းသားများ၏ အကျိုးဆောင်ရွက်ခြင်း၊ စာပေဗဟုသုတရှာဖွေခြင်း၊ အဆောင်ညစာစားပွဲများကို ဦးဆောင်ကျင်းပပေးခြင်းတို့ကို လုပ်ပေးခဲ့ရသည်မှာလည်း အခြားနေရာများတွင် မရနိုင်သော အတွေ့အကြုံများဖြစ်ပါသည်။ စာရေးသူ၏ အဆောင်နေကျောင်းသားဘဝတွင် မြင်းခြံခရိုင် အသင်းဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အခြားကျောင်းသား အသင်းအဖွဲ့များတွင်လည်းကောင်းပါဝင်ပြီး ကျောင်းသား ကျောင်းသူများ၏ ဗလငါးတန်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့ပါသည်။

ကျောင်းသားများနည်းတူ ကျောင်းသူများ အဆောင်များတွင်လည်း အဆောင်မှူးသည် ကျောင်းသူများ လိမ္မာရေးခြားရှိရန် အမြဲဆောင်ရွက်ပေးပါသည်။ ညနေ ၆ နာရီထိုးပါက ကျောင်းသူများ အပြင်မထွက်ရ အမိန့်ထုတ်ထားပြီး Roll call ခေါ်၍ အဆောင်မှူး ဆရာမကြီးများက နေမှု၊ ထိုင်မှုကအစ လှုပ်ရှားမှုများကို သင်ကြားပေးပါသည်။ ကျောင်းသားဆောင်များသို့ ညစာစားပွဲတက်သည့် ကျောင်းသူများကို အဆောင်နည်းပြများကိုယ်တိုင် လိုက်ပို့ပြီး စည်းကမ်းတကျ ပါဝင်စေခဲ့ပါသည်။ ကျောင်းသား ကျောင်းသူများစုပေါင်းပြီး လုပ်ရသော အခြားအခမ်းအနားများကိုလည်း စည်းကမ်းတကျ ပါဝင်ဆောင်ရွက်တတ်ရန် သင်ပေးပါသည်။ အချို့အဆောင်မှူးဆရာမများသည် ကျောင်းသူများကို ပစ္စည်းကိုင်တွယ်အသုံးပြုပုံ ဥပမာ-မီးပူ၊ မီးခလုတ်၊ ဆပ်ပြာစသည်တို့ သုံးစွဲပုံကို အသေးစိတ်သင်ပေးပါသည်။ ကျောင်းသူများကို မိခင်ရင်းသဖွယ် စောင့်ရှောက်ပါသည်။

ကျောင်းဆောင်များတွင် ဘာသာရေး အသင်းအဖွဲ့များလည်းရှိပါသည်။ စာရေးသူနေထိုင်ခဲ့သော အောင်မင်္ဂလာကျောင်းဆောင်တွင် စာရေးသူတို့ ဥပုသ်နေ့တိုင်း ဝတ်ရွတ်၊ ဝတ်တက်မှုများလုပ်ကြပါသည်။ ကျောင်းသူဆောင်မှ ဘာသာရေး အသင်းများနှင့် ပူးပေါင်း၍လည်း နာမည်ကြီးဆရာတော်နှင့် လူပုဂ္ဂိုလ်တို့ကို ပင့်ဖိတ်၍ ဘာသာရေးဟောပြောပွဲများ၊ စာပေဟောပြောပွဲများလည်း ပြုလုပ်ပါသည်။ အဆောင်ကျောင်းသား ကျောင်းသူများသည် ဦးဆောင် ဦးရွက်ကောင်းသော မိဘများနှင့်အတူ နေရသကဲ့သို့ ကောင်းသော အလေ့အထများ ရကြပါသည်။ ကျောင်းဆောင်များတွင်နေသော ကျောင်းသားများအတွက် ပို၍ အားသာချက်မှာ အားကစားပွဲများ၊ ကျပန်းစကားပြောပွဲများ၊ စကားရည်လုပွဲများကို နှစ်စဉ်အဆောင်တွင် ဘာသာရပ်အလိုက်လည်းကောင်း ခွဲ၍ သင့်တော်သလို ကျင်းပပေးပါသည်။ တက္ကသိုလ်တစ်ခုလုံးအတိုင်းအတာနှင့် ပြုလုပ်သောပွဲများကိုမူ နေ့ကျောင်းသားများနှင့် ပူးပေါင်းဆောင်ရွက်ရပါသည်။

ကျောင်းဆောင်နေသူများထဲမှ ပျက်စီးသွားသောသူများ မရှိဘူးလားဟု မေးခွန်းထုတ်ရန်ရှိပါသည်။ အကြီးအကျယ် မပျက်စီးပါ။ လက်ဖက်ရည်ဆိုင်နှင့် လက်တောက်ခုံများတွင် အချိန်ဖြုန်းပြီး စာမေးပွဲကျသူများလည်းရှိခဲ့ပါသည်။ သို့သော် မည်မျှဆိုးသွမ်းသွားသည်ဟု အပြောခံရသော ကျောင်းသားများသည်ပင် စာကြိုးစားမှ စာမေးပွဲအောင်သည်ဟု နားလည်ကြပါသည်။ မသမာသောနည်းဖြင့် မဖြေဆိုကြပါ။ သို့သော် စာမေးပွဲအောင်ရန်အတွက် ထပ်မံကြိုးစား၍ စာမေးပွဲပြန်ဖြေပြီး စာမေးပွဲအအောင်ယူကြပါသည်။

သို့ဖြစ်၍ စာရေးသူ အချုပ်တင်ပြလိုသည်မှာ ကျောင်းသား ကျောင်းသူများသည် အဆောင်စည်းကမ်းများကို ကြောက်ရန်မလို။ လူငယ်တစ်ယောက်၏ ဘဝတိုးတက်ရေးအတွက် တက္ကသိုလ်မှ ဘာသာရပ်သင်ကြားရေးသာမက ကျောင်းဆောင်များမှ ဘက်စုံဖွံ့ဖြိုးရန် သင်ပြပေးသော နေရာဖြစ်ပါသည်။ ယနေ့ခေတ်သည် လူငယ်များကို ပြုပြင်ရေးလုပ်ငန်းများ၊ ပြုစုပျိုးထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေချိန်ဖြစ်ပါသည်။ ထို့ကြောင့် အခွင့်အရေးရရှိပါက တက္ကသိုလ်ကျောင်းဆောင်များမှရသော အတွေ့အကြုံများကို ရယူကြပါရန် ရေးသားလိုက်ပါသည်။ ။



## နော်ဝေနိုင်ငံသံအမတ်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ်၂**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နော်ဝေနိုင်ငံသံအမတ်ကြီး မစ္စအန်အိုလီစတန်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နော်ဝေနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂**


တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စအန်အိုလီစတန်အား ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**





## တပ်မတော်နှစ်ရပ်အကြား တွေ့ဆုံဆွေးနွေးမှုနှင့် အတွေ့အကြုံဖလှယ်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပါကစ္စတန်တပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌဗိုလ်ချုပ်ကြီး ရာရှက်ဒ် မာမွတ်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် နှစ်ဖက်တပ်မတော်ခေါင်းဆောင်များသည် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍**(အပေါ်ပုံ)** အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ကြည်း၊ ရေ၊ လေဆိုင်ရာ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များစေလွှတ်ရေး၊ တပ်မတော်နှစ်ရပ်အကြား တွေ့ဆုံဆွေးနွေးမှုနှင့် အတွေ့အကြုံဖလှယ်ရေးကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာများ၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အခြားပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ညပိုင်းတွင် ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နေပြည်တော်ရှိ Park Royal Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

## ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတွင် အသုံးပြုရန် ကျပ်သိန်း ၁၀၀၀ လှူဒါန်း

**ပဲခူး ဩဂုတ် ၂**

မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) မှ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများအနေဖြင့် ထိထိရောက်ရောက် ပြင်ဆင်နိုင်ရေးနှင့် ကယ်ဆယ်နိုင်ရေးအတွက် အလှူငွေများ ထောက်ပံ့ လှူဒါန်းလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များကြုံတွေ့လာပါက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးဘိုဘိုဝေမောင်နှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များက အလှူငွေကျပ်သိန်း ၁၀၀၀ ကို ဩဂုတ် ၂ ရက်က ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဝင်းသိန်းထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လှူဒါန်းမှုများထဲတွင် ပထမဆုံး အလှူငွေအများဆုံး စံချိန်တင်လှူဒါန်းမှုဖြစ်ပါကြောင်း၊ ယခုလို လိုအပ်ချက်ရှိသောနေရာကို လှူဒါန်းတဲ့အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး၏ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

အလှူငွေပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးဘိုဘိုဝေမောင်က ယမန်နှစ်က ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်များဖြစ်ပွားချိန်အတွင်း ဖောင်ဒေးရှင်းအနေဖြင့်သော်လည်းကောင်း၊ အခြားပရဟိတအဖွဲ့များနှင့် အလှူရှင်များအနေဖြင့် လည်းကောင်း၊ ခက်ခဲပင်ပန်းစွာ၊ လူအား၊ ငွေအားဖြင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေးပြတ်တောက်၍ ဝေးလံခေါင်သီသော အချို့ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများရောက်ရှိရန် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရကြောင်းနှင့် ထိုအတွေ့အကြုံများကို အခြေခံ၍ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ယခုလိုလှူဒါန်းရခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရသောကြောင့် ဖြစ်ပွားမှုများကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများမှ အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီဆောင်ရွက်မှုများပြုလုပ်နိုင်ရန် ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။ ဖောင်ဒေးရှင်းအနေဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ၂၀၁၆ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုလျှင် လှူဒါန်းငွေကျပ် သိန်း ၁၀၀၀ စီဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုသို့ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

**(ဝ၁၀)**



○ စာမျက်နှာ ၅ မှ

မြွက်ဟကြေညာပေးမှုစသည့် အမိန့်ဒီဂရီများဖြင့်လည်းကောင်း၊ ဂရန်လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်အလက်များဖြင့်လည်းကောင်း ပြည့်စုံစွာလျှောက်ထားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် သီရိမင်္ဂလာရပ်ကွက်၊ မုပွန်ရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်နှင့် ရွှေမြိုင်သီရိရပ်ကွက်များရှိ တိုးချဲ့လူနေအိမ်ရာမြေကွက်များကို မြေနေရာချထားခဲ့သည့်အချိန်တွင် မြေကွက်ဖော်ထုတ်၍ မဲနှိုက်စနစ်ဖြင့် နေရာချထားပေးခဲ့သော်လည်း မြေပိုင်ဆိုင်မှုအထောက်အထားထုတ်ပေးခဲ့မှုမရှိခြင်း၊ ၎င်းပုဂ္ဂိုလ်များနှင့် လက်ရှိနေထိုင်သူတို့အကြား အောက်ခြေအရပ်စာချုပ် အဆင့်ဆင့်ဖြင့် လွှဲပြောင်းဝယ်ယူ၍ နေထိုင်ခြင်း၊ မြေပိုင်ဆိုင်မှု အထောက်အထားမရှိသော မူလနေရာချထားပေးခြင်းခံရသူများ ကွယ်လွန်ခြင်း၊ ပြောင်းရွှေ့သွား၍ ၎င်းတို့၏ အမွေဆက်ခံသူများမှနေထိုင်ပြီး အမွေပိုင်ဆိုင်မှု အရှုပ်အရှင်းများရှိခြင်း၊ မူလနေရာချထားခြင်းခံရသူက ပုံစံအမျိုးမျိုးဖြင့်လွှဲပြောင်း၍ နေထိုင်ခြင်းတို့ကြောင့် လက်ရှိနေထိုင်သူများကိုသာ အခြေပြု၍ မြေငှားဂရန်ချထားမည်ဆိုပါက မြေယာပိုင်ဆိုင်မှု အငြင်းပွားခြင်းကိစ္စရပ်များအတွက် တိုင်ကြားမှုအများအပြားရှိလာမည်ဖြစ်ပါကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

**(သတင်းစဉ်)**



# မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ပေါ်ထွက်ရေး အမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ပြောကြား

**နေပြည်တော် ဩဂုတ် ၂**

မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုများနှင့် အခြားဂိုဏ်းဖွဲ့ကျူးလွန်မှုခင်းများအကြား ဆက်စပ်နေမှုမှာလည်း နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်သည့် စီးပွားရေးကို လှိုက်စားစေသည့်အပြင် တည်ငြိမ်အေးချမ်းသာယာရေး၊ လုံခြုံရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုပါ ခြိမ်းခြောက်လျက်ရှိကြောင်းနှင့် ပြီးပြည့်စုံသော ဘက်ပေါင်းစုံ ချဉ်းကပ်မှုများပါဝင်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ပေါ်ထွက်ရေး အမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ယနေ့ နံနက် ၉ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (၁/၂၀၁၆) အစည်းအဝေးတွင် ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် နီးနွှယ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက မူးယစ်ဆေးဝါးပြဿနာသည် လူမှုစီးပွားရေးပိုင်းတွင် ကြုံတွေ့ရသော Impact on Social and Economy နှင့် မှုခင်းဆိုင်ရာ တရားစီရင်ရေးပိုင်းတွင် ရိုက်ခတ်သော Impact on Criminal Justice များ တွေ့ရှိရကြောင်း၊ Social and Economy Impact အနေဖြင့် ပြည်သူ့ကျန်းမာရေးကိစ္စများ၊ ခွဲခြားဆက်ဆံခံရမှုများ၊ ဆင်းရဲမွဲတေမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍများတွင် အဟန့်အတားတစ်ခုအဖြစ် တည်ရှိနေကြောင်း၊ Criminal Justice အပိုင်းတွင်လည်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများ၊ ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှုလျှော့ချရေးကိစ္စများ၊ အကြမ်းဖက်မှုနှင့် မှုခင်းကျဆင်းရေးကိစ္စများ၊ တားဆီးနှိမ်နင်းရေးနှင့် တရားစွဲဆိုရေးကိစ္စများ၊ အကျဉ်းထောင်အတွင်း ပြဿနာများနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများအား ရိုက်ခတ်လျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာအရ မူးယစ်ဆေးဝါးသုံးစွဲမှုသည် အရွယ်ရောက်သူလူဦးရေ ၂၀ တွင် တစ်ဦးမှာ သုံးစွဲလျက်ရှိပြီး ထိုသုံးစွဲမှုလူဦးရေပမာဏသည် ပြင်သစ်၊ ဂျာမနီ၊ အီတလီနှင့် အင်္ဂလန်နိုင်ငံများ၏ လူဦးရေစုစုပေါင်းနှင့် အကြမ်းဖျင်းတူညီကြောင်း။

၎င်းတို့အနက် ဆေးသုံးစွဲသူ ၂၉ သန်းသည် စွဲလမ်းမှုပြဿနာများနှင့် ရင်ဆိုင်နေရပြီး ၁၂ သန်းသည် မူးယစ်ဆေးဝါး အကြောတွင်း ထိုးသွင်းသူများဖြစ်ကြောင်း၊ ၁ ဒသမ ၆ သန်းသည် HIV ရောဂါ ခံစားနေရကြောင်းနှင့် ခြောက်သန်းသည် အသည်းရောင်အသားဝါ(စီ)ပိုးရှိသူများဖြစ်ကြောင်း လွန်ခဲ့သည့် (၄)နှစ်ကြာကာလအတွင်း သုံးစွဲမှုအများဆုံး ကမ္ဘာ့မှတ်တမ်းတစ်ခုဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာ၌ အကြမ်းဖက်မှုပြဿနာများလည်း ရှိနေပြီး မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများမှတစ်ဆင့် ဖြစ်မှုများ ကျူးလွန်နေသလို မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ထုတ်လုပ်မှုအပိုင်းတွင်လည်း စနစ်တကျ စီစဉ်ထားသော အကြမ်းဖက်မှု၊ လူသတ်မှုများနှင့် ဈေးကွက်ယှဉ်ပြိုင်မှုများ ဖြစ်လာကြောင်း၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်ကာလ ကြာရှည်စွာ ခံစားနေရကြောင်း။

နိုင်ငံတော်အစိုးရအဆက်ဆက် မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်ထားနိုင်စွမ်းမရှိဘဲ ပိုမိုဆိုးရွားလာသည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၆ ခုနှစ် ဧပြီလတွင် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးအစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးမှ ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒများ ရေးဆွဲနိုင်ရေး လုပ်ငန်းအကြံပြုချက်များအရ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ် ပေါ်ထွက်လာရေး ဆောင်ရွက်သွားရန်လည်း အစီအစဉ်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ UNODC၊ ONCB နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ ပေါ်ထွက်လာရေး လမ်းပြမြေပုံနှင့်ပတ်သက်၍ တင်ပြဆွေးနွေးသည်။

ထို့နောက် ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ၌ ခွင့်ပြုချက်မဲ့ ကျူးကျော်ဆောက်လုပ်ထားသော ဘာသာရေးအဆောက်အအုံ တရားမဝင်လွှဲပြောင်းပေးအပ်သူများနှင့် မီးရှို့ဖျက်ဆီးသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာရှိ နိုင်ငံတော်ပိုင် မြေလွတ်မြေလပ်နှင့်မြေရိုင်း သုည ဒသမ ၅၀ ဧကရှိ မြေနေရာတွင် ခွင့်ပြုချက်မဲ့ ဝတ်ပြုအဆောက်အအုံအပါအဝင် အဆောက်အအုံလေးလုံး ကျူးကျော်ဆောက်လုပ်ပြီး တရားမဝင် အသုံးပြုမှုနှင့်ပတ်သက်၍ ဒေသရှိ သံဃာတော်များနှင့် ကျေးရွာနေ အများပြည်သူတို့က ကန့်ကွက်တားမြစ်သဖြင့် သက်ဆိုင်ရာသို့ အဆင့်ဆင့်တင်ပြကာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး မြို့နယ်အုပ်ချုပ်ရေးမှူးက အရေးယူဆောင်ရွက်မှုပြုခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ဝတ်ပြုဆောင်ဂေါပကအဖွဲ့ဝင် နှစ်ဦးတို့သည် ဇွန် ၂၅ ရက်နှင့် ၂၈ ရက်တို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ နိုင်ငံပိုင်မြေလွတ် မြေလပ်နှင့် မြေရိုင်းကျူးကျော်မှုဆိုင်ရာဥပဒေအရ အရေးယူရန်နှင့် မလိုက်နာပါက တရားစွဲဆိုသွားမည်ဟု ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆုံးဖြတ်ခဲ့မှုအပေါ် ဝတ်ပြုဆောင်အဖွဲ့က ကျောက်ရိုးစီမြေ သုည ဒသမ ၂၀ ဧကပေါ်ရှိ တိုးချဲ့အဆောက်အအုံသုံးလုံးကို ၎င်းတို့အစီအစဉ်ဖြင့် ဖျက်သိမ်းပေးခဲ့သော်လည်း အလှူရှင်များ လှူဒါန်းထားသည်ဟု ဆိုသည့် ဧရိယာ သုည ဒသမ ၃၀ ဧကပေါ်ရှိ မူလအဆောက်အအုံကိုမူ ဘာသာရေးအယူအဆအရ ဖျက်သိမ်းရန် ငြင်းဆန်ခဲ့သဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေစဉ် ၎င်းအဆောက်အအုံအား ဇူလိုင် ၁ ရက် ညနေ ၃ နာရီ ၄၈ မိနစ်တွင် လူတစ်စုက မီးရှို့ဖျက်ဆီးခဲ့သည်။

လက်ရှိအချိန်တွင် မီးရှို့ဖျက်ဆီးခံထားရသော ခွင့်ပြုချက်မဲ့ ဝတ်ပြုဆောင်မြေနေရာအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၃၃ အရ ဒေသအာဏာပိုင်က ဒေသန္တရအမိန့်ထုတ်ဆင့်လျက် ကန့်သတ်နယ်မြေဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၏ အခြားအမိန့် တစ်စုံတစ်ရာ မထုတ်ပြန်မီအထိ တားမြစ်ဧရိယာအဖြစ် သတ်မှတ်ထားရှိခဲ့သည်။

တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် ဘာသာအသီးသီးမှ တရားမဝင် အဆောက်အအုံများ ဆောက်လုပ်မှုနှင့်ပတ်သက်၍ ဥပဒေအတိုင်းစိစစ်ဆောင်ရွက်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာရှိ ဘာသာရေးဝတ်ပြုဆောင်အား တရားမဝင် လွှဲပြောင်းပေးအပ်သူများကိုလည်းကောင်း၊ ဝတ်ပြုဆောင်အား မီးရှို့ဖျက်ဆီးခဲ့သူများကိုလည်းကောင်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **ပွင့်ဖြူမှ**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် အဖွဲ့ဝင်များက သွားရောက်အားပေးစကားများပြောကြားပြီး အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့် ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်ထုပ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ကျောင်းစုကျေးရွာနေ တောင်သူ ဦးထွန်းလွင်က "ယခုနှစ် မြစ်ရေတက်တာမြန်တယ်။ ပစ္စည်းသိမ်းချိန်မရလိုက်ဘူး။ နှစ်စဉ်တက်မြဲဆိုပေမယ့် အရင်နှစ်တွေက တဖြည်းဖြည်းတက်တော့ ပစ္စည်းသိမ်းချိန်ရတယ်။ မဲဇလီရေလွှဲဆည်မြောက်မုန်းမြောင်းမကြီးရေလွှတ်တာက နောက်ကျတော့ အရင်နှစ် ဇန်နဝါရီလမှာ ပျိုးနုတ်/ကောက်စိုက်တော့ ဇွန်လဆန်းပိုင်မှာ စပါးသိမ်းပြီးနေပြီ။ အရင်နှစ်မတ်လဆန်းပိုင်းမှ ဆည်ရေစလွှတ်တော့ ဇူလိုင်လကုန်အထိ စပါးသိမ်းလို့မပြီးကြသေးဘူး။ စပါးခင်းအချို့ ရေထဲနစ်ကုန်တာရှိတယ်"ဟု ပြောသည်။

အဆိုပါမြစ်ရေဝင်ရောက်လျက်ရှိသည့် ကျေးရွာများသို့ တပ်မတော်သားများ၊ မင်းဘူးခရိုင်နှင့် ပွင့်ဖြူမြို့နယ်အတွင်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကျေးရွာများအရောက် ကူညီဆောင်ရွက်ပေးလျက်ရှိရာ စေတနာရှင် အလှူရှင်များကလည်း ကျေးရွာများအရောက် ရေသန့်ဘူးနှင့် စားသောက်ဖွယ်ရာများကို သွားရောက်ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **သူရထွန်း(ပွင့်ဖြူ)**

## ဧရာဝတီမြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ငါးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းတာရရှိသော ၂၂၈၅ စင်တီမီတာသည် နှစ်ပေါင်း ၅၁ နှစ်အတွင်း အမြင့်ဆုံးရေမှတ်ဖြစ်သည်။ ဧရာဝတီမြစ်ရေ (ညောင်ဦးမြို့)၏ ၂၉-၇-၂၀၀၄ ရက်တွင် တိုင်းတာရရှိသော ယခင်အမြင့်ဆုံးရေမှတ်မှာ ၂၂၆၃ စင်တီမီတာဖြစ်သည်။ **(ကြေးမုံ)**

# ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်းအုပ်စု (ခ)၌ ကျရောက်

**နေပြည်တော် ဩဂုတ် ၂**

မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ရှိ Novotel ဟိုတယ်၌ ကျင်းပရာ မြန်မာအသင်းသည်အုပ်စု (ခ)တွင် မလေးရှား၊ ဗီယက်နမ်၊ ခြေစစ်ပွဲအောင် အသင်းတို့နှင့် ကျရောက်လျက်ရှိသည်။

၂၀၁၆ ဆူဇူကီးဖလားမဲခွဲပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် နှင့် တာဝန်ရှိသူများက အမှာစကားပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲတွင် အသုံးပြုမည့်ဘောလုံးအား ပြသပြီး ဆူဇူကီးဖလားပြိုင်ပွဲ ခြေစစ်ပွဲနှင့် နောက်ဆုံးအဆင့်အုပ်စုများအား မဲနှိုက်ရွေးဆွဲကြသည်။

၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲကို တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိသည့် ခုနစ်သင်း၊ ခြေစစ်ပွဲအောင် တစ်သင်းတို့ဖြင့် ကျင်းပမည်ဖြစ်ပြီး လေသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ဖိလစ်ပိုင်၊ လက်ရှိချန်ပီယံ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ အုပ်စု(ခ)တွင် မြန်မာ၊ မလေးရှား၊ ဗီယက်နမ်၊ ခြေစစ်ပွဲအောင်အသင်းတို့ ပါဝင်လျက်ရှိသည်။ အုပ်စု(က)ပွဲစဉ်များကို ဖိလစ်ပိုင်နိုင်ငံ၊ အုပ်စု(ခ) ပွဲစဉ်များကို မြန်မာနိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲများကို သက်ဆိုင်ရာနိုင်ငံများတွင် ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် နှစ်ကျော့ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတစ်လျှောက်တွင် အောင်မြင်မှုကြီးကြီးမားမား မရရှိသေးပေ။ ၂၀၀၄ ပြိုင်ပွဲတွင်သာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီး ကျန်အကြိမ်များတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ အုပ်စုပွဲများကို နိုဝင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**




ဆူဇူကီးဖလားပြိုင်ပွဲအုပ်စုမဲခွဲပွဲ ကျင်းပစဉ်

# ကြေးမုံ ဖတ်ကြည့်

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှု ရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်း ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

## ကျော်စောမင်း

**၁။ ကဗျာ**

ကဗျာ၏အသက်ကို ကာရန်ဟု ဆိုခဲ့ကြ၏။ ဖွဲ့စည်းပုံကို ပြောခြင်းဖြစ်သည်။ ယခု ထိုခေတ်လွန်သွားပါပြီ။ ကဗျာ၏ အနှစ်မှာ ရသဖြစ်၏ ဟူသောအယူအဆကတော့ မပြောင်းလဲပေ။ ရသမှ ခံစားချက်ပေါ်လာသည်။ ထိုခံစားချက်ကြောင့် ကဗျာကပြောသော တရားကိုယ် Theme လိုရင်းဆိုက်သည်။

ကာရန်သည် အသံမျှသာ ဖြစ်၏။ ကဗျာ၏ အသက်ကို ကာရန်ဟုပြောခဲ့စဉ်ကလည်း ကာရန်ညီခြင်း (ဝါ) ပါဒအချင်းချင်း၊ ဝါကျအချင်းချင်း အသံတူဖြင့် တွဲချိတ်ခြင်းကိုသာ ဆိုလိုခဲ့ခြင်း ဖြစ်သည်။ ခေတ်ပေါ်ကဗျာသည် ကာရန်ညီခြင်းနှင့် ဖွဲ့စည်းပုံဘောင်ဝင်ခြင်းတို့ကို လွန်ဆန်နိုင်ခဲ့သော်လည်း ကာရန်တည်းဟူသော အသံ (အတိအကျပြောရလျှင် ဝဏ္ဏကာရန်)ကို မလွန်ဆန်နိုင်ပေ။ စာလုံးမှန်သမျှ (အယောသဉ်ပင်) အသံရှိနေ၍ ဖြစ်သည်။

ကဗျာဆရာသည် (မွေးရာပါ ပါရမီကြောင့်) ဘာသာစကားကို အကောင်းဆုံးအသုံးချသူ၊ အသုံးချနိုင်သူဖြစ်၏။ ကဗျာဆရာအစစ်၏ စာလုံးများမှာ ကိုယ်ပိုင်မှုဖြင့် ဝင်းလဲ့နေတတ်သည်။ မိမိ၏ဆိုလိုရင်းကို တိကျသောအသံများဖြင့် ဖွဲ့စည်းပြသည်။ ဤအချက်ကို ဥပမာများဖြင့် ရှင်းရမည်ဖြစ်ရာ ဂန္ထဝင်ကဗျာများဖြင့် အလွယ်တကူ ဥပမာပြပါမည်။

(က) လေပြည်ထဲတွင် ငယ်ရုပ်ဆင်သည်၊ အသင်ယောက်ျားကောင်းတကားဟု မင်းသုဝဏ်က ဆိုခဲ့၏။ အင်ကာရန်၏ အင်အားကို ကဗျာဆရာတိုင်း မြင်ပါသည်။ လေပြည်ထဲမှာ ခန့်ညားစွာဖြင့် မဟာပုရိသတကားဟု အစားထိုးကြည့်လျှင် အာကာရန်၏အင်အားသည် အင်ကာရန်လောက် မကောင်းသည်ကို တွေ့မည်။ ယောက်ျားမှ ကျား၊ ယောက်ျားကောင်းမှ ကောင်းနှင့် အဆုံးသတ်ကြိယာ တကားတို့ လိုက်ဖက်စွာအားဖြည့်ကြပုံ တွေ့မည်။

ကဗျာဆရာသည် စကားလုံးရွေးချယ်မှု diction နှင့် အင်အားကောင်းသောအသံများ ရွေးချယ်မှု phonology တွင် အထူးကျွမ်းကျင်သူဖြစ်သည်။ ဤအချက်သည် ကဗျာဆရာအစစ်ကို ခွဲထုတ်ပေးလိုက်လေသည်။

(ခ) အဆန်းထွင်ကြသောခေတ်မှ ကဗျာတစ်ပုဒ်၏ အစပိုင်းကို ပြပါမည်။ ရွက်ဝါကြွေ လွေလွေလွင့်လောင်းလောင်း သင့်ဇာတ်ကြောင်း ပြန်ပြောင်းပြေပြေပြော လွမ်းလျောလျောလျောင်းလျောင်းလဲ ကြွေသဲ ဆတ်ဆတ်ခါ ရွက်ဝါစောစွာ ကြွေလို့သာ တစ်နှိုင်း။ လွေလွေမှ တစ်နှိုင်းအထိမှာ တွေ့ရသော စကားဆန်း အသံဆန်းများတွင် ပြန်ပြောင်းပြေပြေပြော တစ်ပါဒသာ အရာဝင်သည်ကို တွေ့မည်။ ထို ၁၉၅၀ ဝန်းကျင်သည် ကဗျာပုံစံသစ်များ၊ စာလုံးသစ်များတီထွင်ခြင်းဓလေ့ ခေတ်စားလှသည်။

(ဂ) ခေတ်ဟောင်းကို ပြန်ကြည့်လျှင် ဝဏ္ဏပဘာ ကလျာဖူးစသစ် ပျိုမြစ်မြစ်လျှင် ကျစ်လျစ်တင့်စံပယ် လှမျိုးကြွယ်သား ဆံသွယ်မြမြိတ်စို့ ဆင်းရောင်ပျို့ကို နတ်တို့ ဆင်းထိုက်တန် ဆိုသည့် ဝဏ္ဏပဘာချီ (အချို့မူတွင် သုဝဏ်ပဘာ) ပိုဒ်စုံရတုကို တွေ့မည်။ တစ်ပါဒလျှင် လေးလုံးရေးရသော ဟန်ကို ဖောက်ထွက်၍ လေးလုံးတစ်ပိုဒ်၊ ငါးလုံးတစ်ပိုဒ်ရေးခြင်း ဖြစ်သည်။ ကလျာဖူးစသစ် ဆိုသော တစ်ပိုဒ်သည်သာ ငါးလုံးနှင့် တန်တန်ရာရာရှိသည်။ ကျစ်လျစ်တင့်စံပယ်ကို ကျစ်လျစ်စံပယ်၊ ဆံသွယ်မြမြိတ်စို့ကို ဆံသွယ်မြိတ်စို့၊ နတ်တို့ ဆင်းထိုက်တန်ကို နတ်တို့ ထိုက်တန်ဟူ၍ တစ်လုံးစီ လျှော့လိုက်ခြင်းအားဖြင့် ဘာမှ ပျက်စီးမသွား။ ကဗျာသည် စကားလုံး မဖွာရပါ။ ဤကဗျာတွင် စကားလုံးဖွာလှသည့်အပြင် စိတ်မှန်း abstract နယ်ပယ်သို့ဝင်သဖြင့် ကဗျာနှင့် ကဗျာဖတ်သူ ဝေးကွာသွားရပုံကို နတ်တို့ ဆင်းထိုက်တန်တွင် မြင်ရ၏။

မြတ်မျိုးမြင့်မှန် ကြင်ပေတန်၍ ရွယ်ရန်ရည်ရင့် ဆင်တိုင်းတင့်သား နတ်နှင့် နှုန်းနှုန်း၊ ဝင်းငြိမ့်ရွှန်းကို. . . ဆိုသော ဧကပိုဒ်ရတုသည်လည်းကောင်း၊ ရွယ်ရန်ငွေ့၍ ရန်းလေ့ရာထိ ရဲရဲညိမျှ ရဝိတန္တ ရတနသို့ ရှုပနိကာယ် ဆိုသော ကဗျာတွင် လည်းကောင်း စာလုံးကစားထားသဖြင့် အမြင်ဆန်းခြင်းမှအပ ကဗျာဟု မဆိုသာ။

ပေးလျှူစွန့်ကြ သည်ဘဝတွင် နှမလက်လျှော့ နေလေတော့ ဟု ချစ်ပေ့ါမကြုံ (မကျုံ). . . ဆိုသည့် ကဗျာတွင်ကား စကားလုံးအဆန်းအပြားမပါဘဲ အသံအင်အားဖြင့်သာ ကဗျာမြောက်စေခြင်းကို တွေ့ရပါမည်။

(ဃ) ရထားယာဉ်သာ နေစကြာလည်း ရောင်ဝါမထွန်း ချမ်းရှာလွန်း၍. . . ဟု ကုန်းဘောင်ခေတ် စာဆိုတစ်ဦးက ဖွဲ့သည်။ ဤကဗျာအတွက် ပညာရှင် နှစ်ဖွဲ့ကွဲပြီး ငြင်းခုံကြသည်။ ချမ်းသူမှာ ရတုရေးသူ စာဆိုဟု ယူဆသောအဖွဲ့နှင့် နေစကြာလည်း ဟူသော ရှေ့စကားကြောင့် နေကချမ်းခြင်းဟုယူဆသောအဖွဲ့တို့ ဖြစ်သည်။ လူချမ်းနေချမ်း အငြင်းအခုံဟု မှတ်သားနိုင်ပါသည်။ ပုံမှန်တွေး common sense အရတော့ လူကသာ ချမ်းရပါမည်။ ယုဂန္ဓိုတောင်ထိပ်တစ်ဝိုက်မှာ ထင်ထင်ရှားရှား လှည့်ပတ်သွားလာလေ့ရှိသောနေက ရောင်ဝါမထွန်းနိုင် မပွင့်လင်းနိုင်လောက်အောင် နှင်းကျနေသဖြင့် ကျွန်တော် ချမ်းပါသည်ဟု ပြောခြင်းဟု ပထမအစုက ယူသည်။ လူနေ ရောင်ဝါမထွန်း အစရှိသည့် စာသားများတွင် သာမန်အနက် (ပင်ရင်းအနက်) denotation ကိုတွေ့ပြီး ချမ်းရှာလွန်း၍တွင် ဂယက်အနက် connotation ကိုပါ တွေ့ရသည်။

ဒုတိယအစုကမူ နှင်းအင်အားကြောင့် နေပင်လျှင် ချမ်းနေရရှာဟု ယူပြီး နေအား ချမ်းနိုင်သောသတ္တိပေးသည့် အလင်္ကာမြောက်သော အဖွဲ့အနွဲ့ (personalization/ personification/ ဩဇဂုဏ်)ဟု ဖွင့်သည်။ အလွန်အကျူးဖွဲ့ဆိုခြင်း (အတိသယဝုတ္တိ) အလင်္ကာလည်းမြောက်ပါသည်။

မူရင်းအခံရှိသူ (ထိုမျှ ချမ်းအေးစေသော နှင်းထူထပ်ခြင်းကို ကြုံဖူးပြီး အရိုးကွဲမတတ် ခိုက်ခိုက်တုန် ချမ်းဖူးခဲ့သူ အချို့ကမူ ဤကဗျာကိုဖတ်ပြီး ကျောစိမ့်အောင် ချမ်းလာလိမ့်မည်။ သစ်ကြီးဝါးကြီး တောကြီးတောင်ကြီးရိပ်ကို ပြန်လည်ခံစားမိလိမ့်မည်။ ဤလို ခံစားမှုအကျိုးဆက်ကို ရစေလျှင် sennotation (ဓမ္မာရုံအနက်) ဟု ခေါ်ပါသည်။ ဆဋ္ဌမအာရုံကို နှိုးဆွစေသော အရေးအသားဟု ပြောရပါမည်။ (ဆေးနက်သုတ်ထားသော ဆွမ်းလောင်းအသင်း ဓမ္မာရုံဟု မထင်ကြပါရန်။)

**၂။ အပြ 'တတ်'မှ ပြဇာတ်**

ပြဇာတ်သည် ပြောဇာတ် မဟုတ်ပေ။ အသံသွင်းဇာတ်လမ်းတို့၊ ဇာတ်ပြောဖျော်ဖြေခန်းတို့ ကွက်စိပ်တို့မှာ ပြောဇာတ်ဖြစ်၏။ ပုံပေါ်အောင် ပြောနိုင်ရသည်။ ပြဇာတ်က အပြပါပါသည်။ ဇာတ်စင်အခင်းအကျင်းဆင်ပြီး လူကိုယ်တိုင် သရုပ်ဆောင်ပြရသည်။ ဇာတ်ဆောင်များ၏ စရိုက်နှင့် ညီညွတ်သောစကားပြောနှင့် ဟန်ပန်တို့ကို ဇာတ်ဆရာက သေသေချာချာရွေးချယ်ရသည်။ ဒါရိုက်တာက ဇာတ်ဆရာအလိုရှိသည့်အတိုင်း စရိုက်ပေါ်အောင် လှုပ်ရှားကြ ပြောဆိုကြစေရန် ညွှန်ကြားပေးရသည်။ ဒါ သမားရိုးကျတွေပဲ Theatre of Absurd တို့ကို မော်ဒန်ပုံစံမဟုတ်ဘူးဟု ပြောချင်ကြသူများကိုတော့ အခြေခံအဆင့် ဘယ်လောက်ပိုင်ပိုင် လုပ်ပြဖူး (သို့မဟုတ် လေ့လာလေ့ကျက်ခဲ့ဖူး)သလဲဟုပဲ မေးရပါမည်။

ပြဇာတ်တွင် သရုပ်ဆောင်မည့်သူများသည် ရုပ်ရှင်သရုပ်ဆောင်များထက်ပင် ပို၍စာပေါင်ပဲ့ရပါသည်။ ဇာတ်သဘင်နယ်ပယ်တွင် ဇဘောင်ပဲ့သည်ဟု ခေါ်ကြသော စာပေါင်ပဲ့ခြင်းကို တစ်လုံးတည်း အကျဉ်းပြောရလျှင် ဗျဉ္ဇနဗုဒ္ဓိ(၁၀)ပါးဖြင့် ပြည့်ခြင်းဟုပြောရပါမည်။ ပြတ်သားခြင်း၊ ရှင်းလင်းခြင်း၊ ဌာန်ကရိုဏ်း ပယတ်မှန်ခြင်း၊ အနှေးအမြန် အလေးအပေ့ါ မှန်ခြင်း စသည်များ ဖြစ်သည်။

ကဗျာအကြောင်းမှ ဆက်လာသည်ဖြစ်၍ ပြဇာတ်အကြောင်းကို ကဗျာဖြင့် ဆက်ပြောပါမည်။

သူတို့အဆုတ် ထားခဲ့မြုပ်သည့် ဗုံးငုတ်တိုက်မှား. . . ဟု အစချီသော သူ့မှာတမ်းကဗျာ (မင်းသုဝဏ်)ကို ကြားဖူးကြပါလိမ့်မည်။ တက်သံ၊ သက်သံ၊ ကျသံ၊ တိုင်သံဟု ရှိသော အသံ လေးပါးကို စနစ်တကျ သုံးစွဲတတ်ရန်မှာ ကဗျာဆရာများအတွက် အရေးကြီးလှပါသည်။ သူ့မှာတမ်းကဗျာ၏ အစသုံးပိုဒ်မှ ဆုတ် မြုပ် ငုတ် ဆိုသည့် (သံလတ်ဟုလည်း ခေါ်သော) တိုင်သံများကြောင့် တိမ်တိမ်မြုပ်ထားခြင်း၊ မပြူ့တပြူရှိခြင်း submerge အခြေအနေကို ပြော၏။ ထိုအကြောင်းကို ပြဇာတ်အသွင်ပြောင်းလျှင် တိုက်ပွဲဖြစ်ဟန်၊ ရန်သူဆုတ်ပြေးဟန်၊ ရန်သူနောက်လိုက်ရင်း မြေမြှုပ်မိုင်း ပေါက်ကွဲဟန်၊ ပြောက်ကျားလူငယ် ဒဏ်ရာရသွားဟန် စသည်ဖြင့် အချိန်ယူ ပျိုးပေးမှ ရမည်။ အကောင်းဆုံးဇာတ်ညွှန်း၊ အကောင်းဆုံးဆက်တင်၊ အကောင်းဆုံးဒါရိုက်တာတို့ဖြင့် မွမ်းမံသည့်တိုင် ကဗျာ၏ အသံလတ်များက ပေးသောရသကို ရမည်မဟုတ်ပါ။ ကဗျာ၏ ကြီးမြတ်မှုကို စင်တင်သရုပ်ဖော်ရန် ခက်ပါသည်။ ပြဇာတ်ကိစ္စတစ်ခု ဆက်ပြောချင်ပါသည်။ သူ့မှာတမ်းကို ပြဇာတ်ဖြင့်ပြလျှင် မြေပေါ်တွင် ဒဏ်ရာဖြင့် လဲနေသော ပြောက်ကျားလူငယ်၏ နောက်ဆုံးမှာကြားချက်တို့ကို ပေါ်အောင်ဖော်ရတော့မည်ဖြစ်သည်။ မိဘတို့အတွက် မှာတမ်း၊ ချစ်သူအတွက် မှာတမ်းတို့ကို ဇာတ်နာစေရန်အတွက် ထိုးဇာတ်ထည့်ပြီး အချိန်ယူချင်လိမ့်မည် ထင်ပါ၏။ ထိုသို့ ယူလျှင် ပျက်ပြီ။ သူ့မှာတမ်း၏ အသက်မှာ တိုင်းပြည်၏ လွတ်လပ်ရေးခရီးမှ စောစောစီးစီး ကိုယ်လွတ်ရုန်းထွက်သွားရ၍ တိုင်းပြည်အပေါ် အားနာလှကြောင်း ဖြစ်သည်။ ပြဇာတ်ရှည်ကြီးအဖြစ် တခမ်းတနားပြနိုင်လျှင်တော့ ထိုနောက်ဆုံးခန်းတွင် မောင်ပြောက်ကျားလေး၏ ရည်ရွယ်ချက်ပန်းတိုင်တို့ကို အားကောင်းစွာ ပြနိုင်ပါလိမ့်မည်။ ပြဇာတ်တို့တွင်ကား ရွာသားတို့၏ အပြောလောက်နှင့်ပင် ကန့်သတ်ထားရပါလိမ့်မည်။ ထိုအခါ ဇာတ်၏ ရှေ့နောက် အလေးအပေ့ါ balance လွတ်သွားပြီး tempo ခေါ် အရှိန်က အူလည်လည်ကြီး ဖြစ်သွားလိမ့်မည်။

နောက်တစ်ခုက မြင်ကွင်းကိစ္စဖြစ်သည်။ တောလမ်းတွင် ဗုံးပေါက်ခြင်းဖြစ်၍ သစ်ငုတ် သစ်ပင်တွင် မှီထားရပုံကို ပြလျှင်ပင် သာမန်ဇာတ်စင်များအတွက် မလွယ်။ ပရိသတ်က အပြည့်မမြင်။ အမျိုးသားကဇာတ်ရုံလို ဇာတ်စင်ကို အထက်စီးအနေအထားဖြင့် ကြည့်ရလျှင်တော့ အဆင်ပြေနိုင်သည်။ ပြဇာတ်ရေးလျှင် ဇာတ်ဆောင်တို့၏ က္ကရိယာပုတ် (က္ကရိယာပထ)ကိုပါ စဉ်းစားရကြောင်း ပြောလိုရင်း ဖြစ်ပါသည်။

ကြုံ၍ တစ်ခုပြောလိုပါသည်။ ကျွန်တော်တို့၏ အပြအနုပညာကို အိမ်နီးချင်းနိုင်ငံများ၏ ပေါ်ပင်နည်းနာများက လွှမ်းမိုးတတ်သည်။ အော်ဟစ်ပြော၊ မသေခင်လွမ်းစရာတွေ တစ်ဝကြီးပြော၊ ပေါက်ကွဲငိုယို စသော overacting များသည် overtone ကို ဖြစ်စေ၏။ ဇာတ်ဆိုလျှင် ပေါတောတော သရုပ်လွန်တွေ၊ ဆိုးဆိုးမိုက်မိုက် သရုပ်လွန်တွေပါမှဟု ယူဆနေကြလျှင်တော့ ခက်ပါလိမ့်မည်။

**၃။ စကားပြေအလှ**

သိုင်းဝိုင်းဖွဲ့နွဲ့မှုကောင်းသဖြင့် တစ်ပိုဒ်လုံးကို ဖတ်သောအခါ သံစုံတီးဝိုင်းကြီးကို နားထောင်နေရသလို၊ ဆေးရောင်စုံသော ပန်းချီကားတစ်ချပ်ကို ကြည့်နေရသလို ဝေဝေစည်စည်ရှိသော အရေးအဖွဲ့သည် ဝတ္ထုများ၊ အထူးသဖြင့် ဝတ္ထုရှည်ကြီးများတွင် ဂုဏ်တစ်ခုဖြစ်၏။ ဤလို ရေးဖွဲ့ပုံမျိုးကို ပန်းချီ၊ ကဗျာနှင့် ဂီတတွင်ပါ ထက်သန်တတ်သည့် စာရေးဆရာတို့၏လက်ရာ (ဥပမာ ဒဂုန်တာရာ၊ တက္ကသိုလ်ဘုန်းနိုင်)တို့တွင် တွေ့ရပါသည်။

ဝါကျတစ်ခုချင်း၏အလှကား စကားလုံးသုံးစွဲမှုအပေါ်တွင် မှီတည်သည်။

'အနှစ် ၂၀ မျှ တိုင်းပြည်အတွက် လုပ်ဆောင်လာခဲ့ပြီးနောက် မိမိကိုယ်ကို ပြန်ကြည့်လိုက်သောအခါ ကြိုးတိုက်အတွင်း၌ ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။ (ဗိုလ်မှူးချစ်ကောင်း၊ အနှစ်နှစ်ဆယ်) ဤဝါကျသည် ထိုမှတ်တမ်း (ယခုလပိုင်းတွင် ပြန်လည်ထွက်ရှိ)၏ အဖွင့်ဝါကျ ဖြစ်၏။ အလွန်ငြိသည်။ ရေနံ့သာခင်ခင်ကြီး ဝတ္ထု၏ အဖွင့်တွင်လည်း ဤဝါကျနှင့် မနီးယိုးစွဲဝါကျကို တွေ့ရသည်။ စာရေးသူ မောင်သိန်းဆိုင်က သူစွဲလမ်းလွန်း၍ ယူသုံးသည်ဟု ဆိုပါသည်။

ဤလိုဖမ်းစားတတ်သော စာလုံးမျိုးကို အောင်သင်းက ငြိလုံးဟု ခေါ်ပါသည်။ catch/ catch sentence ဟု ခေါ်မည်ထင်သည်။ ငြိလုံးဖြစ်ပါစေတော့ဟု တမင်ကြိုးစားရေးလိုက်ခြင်း မဟုတ်သော်လည်း စာရေးသူ၏ ထိုစာရေးဖွဲ့စဉ် စိတ်အနေအထားအရ ငြိလုံးများ 'ထွက်ကျ' သွားခြင်းဖြစ်၏။ သိန်းဖေမြင့်၏ 'ကတုံး ၂ တုံးသည် ပြုံးတုံးတုံးနှင့် ရှိကြလေ၏ (တက်ဘုန်းကြီး)' 'လွတ်လပ်ရေးသဘင်အကြောင်း ဝေဝေဆာဆာဖော်ပြထားသော




သတင်းစာတစ်စောင်ကို အဝိုင်ဝယ်ယူ၍ (လွတ်လပ်ရေးရတော့မှ)' ဆိုသော ဝါကျများတွင် ငြိလုံးရှိသည်။ မောင်ထင်၏ 'ကိုယ်ရောင်ကိုယ်ဝါ မည်းမှောင်စွာဖြင့် ပေါ်လာသည်ကား (ထားဝယ်လုံချည်)'တွင်လည်း ငြိလုံးကို တွေ့မည်။ မောင်ထင်ကား ချီးမွမ်းခြေကျောက်ဟု ပညာရှင်တို့ ခေါ်ကြသော ironic/ satiric tone မျိုးကို အလွန်သုံးလေ့ရှိသည်။ ကိုဒေါင်းဝတ္ထုတိုများတွင် တောက်လျှောက်တွေ့နိုင်သည်။ ရာဇဓမ္မသင်္ဂဟကျမ်းအတွက် အမှာရေးရာ၌ပင်မလွတ်။ သူ၏ 'ငဘ' ဝတ္ထုကြီးမှာ လွတ်လပ်ရေးအကြိုကာလများတွင် ခေတ်ဆိုးကြုံခဲ့ရသော မြစ်ဝကျွန်းပေါ် လယ်သမားတစ်ဦး၏ ဒုက္ခပြွမ်းသောဘဝကို ရေးထားသည်။ ဂျပန်ခေတ်ဟု ခေါ်သော ကာလဆိုးကို ဖြတ်သန်းခဲ့ရသည့် မြန်မာပြည်ကို ကိုယ်စားပြုသည့် ဂန္ထဝင်မြောက်ဝတ္ထုကြီး ဖြစ်ပါသည်။ စာရေးဆရာ၏ မူပိုင်ဟန်ဖြစ်သော ထို'ချီးမွမ်းခြေကျောက်'များကြောင့် စာဖတ်သူတွင် နာရခက် လွမ်းရခက် ပြုံးရခက်ဖြစ်နေရ၍ ရသ အဆုံးမရောက်မချင်းကို သတိထားမိနိုင်ကြပါသည်။

အဖွဲ့လွန်သွားသော ဝတ္ထုများကိုကား ဥပမာ မပေးတော့ပါ။ ဝန်းကျင် စာပန်းချီခြယ်ခြင်း၊ အချစ်အလွမ်းတို့၌ လက်ကုန်ဖွဲ့ခြင်းများကြောင့် အတောမသတ်နိုင်၍ ဗေထိမပိတ်နိုင်သော တီးဝိုင်းလို ရသလွန်သွားသည်များ ရှာကြည့်နိုင်ကြပါသည်။ ရပ်သင့်သည့်နေရာတွင် မရပ်၍ ဆေးရောင်ကော စုတ်ချက်ပါ လွန်ကာ ပျက်သွားသော ပန်းချီကားနှင့် တူသည်။

စကားပြေဖြင့် ဝန်းကျင်ကို ဖော်သည်။ ဇာတ်ဆောင်တို့၏ ကိုယ်အမူအရာ၊ စိတ်အမူအရာတို့ကို ဖော်သည်။ ရိုးရိုးစကားပြေသည် တိုက်ရိုက်အနက် denotation ကို ပေး၏။ 'ဝရန်တာတွင် ကြောင်သုံးကောင် နေစာလှုံနေကြသည်' ဆိုသော ဝါကျတွင် denotation သက်သက်ကိုသာ တွေ့မည်။ '. . . စည်းစိမ်အပြည့်ဖြင့် နေစာလှုံနေကြသည်' ဟု ရေးလိုက်သောအခါ ကြောင်တို့၏ ယေဘုယျအမူအရာကိုပါ ဆက်လက်တွေးမိစေသော ဂယက်အနက် connotation ကို ပေးသည်။ တိုက်ရိုက်အနက်ထက် ပိုမြင့်လာသည်။ '. . . လွတ်လွတ်လပ်လပ် နေစာလှုံနေကြလေသည်' ဟု ရေးလျှင် ကြောင်တို့၏ အပူအပင်ကင်းမဲ့သော၊ အေးချမ်းစွာနေရသောအဖြစ်ကို တွေးမိပြီး ထိုမှတစ်ဆင့် မိမိကိုယ်တိုင် သစ်ရိပ်တစ်ခု၊ မြစ်ဆိပ်တစ်ခု၊ ပင်လယ်ကမ်းတစ်ခု၌ လွတ်လပ်အေးချမ်းစွာ နေခဲ့ဖူးသည့် ကိုယ်တွေ့အေးချမ်းမှုကိုပါ ပြန်ခံစားမိလာစေပါသည်။ ဤအဆင့်ကို စိတ်ခံစားမှု နှိုးဆွသော ဓမ္မာရုံအနက် ဟု ခေါ်ပါသည်။ အမြင့်ဆုံး စကားပြေ ဖြစ်ပါ၏။

(Sennotation ဆိုသော ဝေါဟာရကို တော်ရုံအဘိဓာန်များတွင် မတွေ့နိုင်ပါ။ စာပေသဘောတရားကျမ်းများနှင့် နွှယ်သော ခေတ်ပေါ်အဘိဓာန်တချို့တွင်သာ တွေ့ရမည်။)

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၂ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | မြတ်သင်း | မြတ်သင်းဝတ္ထုတိုပေါင်းချုပ် | ၅၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂ | ဒေါက်တာသန်းထွန်း | ခေတ်ဟောင်းခေတ်သစ်ရာဇဝင်နှစ်စောင်တွဲ | ၆၅၀၀ိ/- | စိတ်ကူးချိုချို |
| ၃ | ဇော်ဇော်အောင် | မကြည်ပြာနှင့်ယုဇန မခင်ပို | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၄ | သစ္စာနီ | ကဗျာအကြောင်းပြောရအောင် ကဗျာဆိုင်ရာဆောင်းပါးများ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၅ | တီးတိုး(Geophysics) | ကမ္ဘာ၊နေ၊ နေမိသားစု နှင့်စကြဝဠာ | ၃၀၀၀ိ/- | တီးတိုးစာပေ |
| ၆ | ဆရာဦးတင်ထွန်း | အထက်တန်းအဆင့်စနစ်သစ်စာစီစာကုံးနှင့်ပေးစာများ | ၁၈၀၀ိ/- | ခူဝံစာပေ |
| ၇ | ဆရာဦးတင့်ထွန်း | လိုတရ အင်္ဂလိပ်စကားပြောနည်းများ | ၃၅၀၀ိ/- | အာရုဏ်သစ်စာပေ |
| ၈ | ထင်အောင်အောင် | နိုင်ငံရေးသိပ္ပံ အဖွင့်နိဒါန်း | ၂၅၀၀ိ/- | မျိုးဆက်သစ် |
| ၉ | စိုးမြတ်နွယ် | မြန်မာ့လူ့ဝှက်စစ်ဘက်ဆိုင်ရာ မဟာမိတ်များ | ၁၈၀၀ိ/- | JournalistPublishing |
| ၁၀ | ဉပဒေ-ဦးစိန်လှိုင် | ဗုဒ္ဓဘာသာဖတ်စာ(၁) | ၂၀၀၀ိ/- | ဦးစိန်လှိုင် |
| ၁၁ | မင်းနိုင် | ဒီပံလင်းခေတ်ကြီး(၅)ပါး | ၅၀၀၀ိ/- | ပြည့်ဝပျော်ရွှင်စာပေ |
| ၁၂ | သုတေသီမောင်မောင် | မြန်မာနိုင်ငံခေတ်ပြားသမိုင်းသုတေသနကျမ်း ၁၈၅၇-၁၉၇၇ | ၃၀၀၀၀ိ/- | သုတေသီဦးမောင်မောင် |
| ၁၃ | ဆရာဦးခန့်ကျော် | အစွမ်းထက်မြန်မာ့ဂမ္ဘီရ ဆေးနည်းတိုများ | ၁၀၀၀ိ/- | ဦးခန့်ကျော်စာပေ |
| ၁၄ | တင်မောင်မြင့် | ဟတ်က်ဖင်း၏ စွန့်စားခန်းများ | ၂၅၀၀ိ/- | စာနဒီစာပေ |
| ၁၅ | Khin Hsu Wai | လွယ်ကူစွာလေ့လာနိုင်သော ကိုရီးယားဘာသာ ပထမခြေလှမ်း | ၄၀၀၀ိ/- | ရာပြည့် |
| ၁၆ | ကလောင်စုံ | သို့---သူမကဗျာများ | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၁၇ | ကလောင်စုံ | ရင်ခုန်သံအနီးအဝေး | ၁၀၀၀ိ/- | ရွှေစာပေ |
| ၁၈ | ပန်းချီ-မျိုးမာန် | ဝဋ်ကြွေးဆပ်ရာမြေကမ္ဘာသို့မဟုတ် ကိုယ်ချင်းစာတရား | ၁၅၀၀ိ/- | မြင့်မိုရ်မေမေစာပေ |
| ၁၉ | ဦးဝမ်ထိန် | အခြေခံပညာအောက်ဆင့် ကလေးများအတွက် ပတ္တမြားရွှေရည် စာစီစာကုံးများ | ၈၀၀ိ/- | ပတ္တမြားငမောက်စာပေ |
| ၂၀ | ပုညခင် | အရှေ့တံခါးအဝင် | ၃၅၀၀ိ/- | ပုညခင်စာပေ |
| ၂၁ | နန်းနန္ဒာ | မှော်ဝင်ပိုးထည် | ၁၂၀၀ိ/- | ပန်းဆက်လမ်းစာပေ |
| ၂၂ | နန်းနန္ဒာ | ငလက်မလေးတွမ် | ၁၂၀၀ိ/- | ပန်းဆက်လမ်းစာပေ |
| ၂၃ | SARA GILBERT | The Story of Google | ၁၀၀၀ိ/- | ပန်းဆက်လမ်းစာပေ |
| ၂၄ | Willam Shakespeare | Hamlet | ၁၃၀၀ိ/- | ပန်းဆက်လမ်းစာပေ |
| ၂၅ | ပန်းဆက်လမ်း စာတည်းအဖွဲ့ | စူးစမ်းစွန့်စား ပုံပြင်များ | ၁၈၀၀ိ/- | ပန်းဆက်လမ်းစာပေ |
| ၂၆ | ပန်းဆက်လမ်း စာတည်းအဖွဲ့ | မှော်ပဥ္စလက် ပုံပြင်များ | ၁၈၀၀ိ/- | ပန်းဆက်လမ်းစာပေ |
| ၂၇ | မြတ်ငြိမ်း | ဆရာအို၏ ဘဝနေဝင်ချိန်သင်တန်း | ၂၅၀၀ိ/- | ဇေယျာမိုးစာပေ |
| ၂၈ | သိန်းဟန်-၁ | ကုမ္ပဏီများကို ကြီးပွားတိုးတက်စေသော မဟာဗျူဟာများ | ၅၀၀၀ိ/- | သိန်းဟန်၁-စာပေ |
| ၂၉ | နေမင်း(သရက်) | ဘက်လိုက်သတင်းသမားရဲ့ အာဏာရှင် နိုင်ငံတော်ကို ဖြိုလှဲခြင်း | ၅၀၀၀ိ/- | လွင်ဦးစာပေ |
| ၃၀ | ထွေးကြူ | မူးယစ်ဆေးဝါးမူဝါဒ လမ်းညွှန် | ၄၀၀၀ိ/- | သတ္တစာပေတိုက် |
| ၃၁ | မောင်ခင်မင်(ဓနုဖြူ) | မြန်မာစကားအကြောင်းတစေ့တစောင်း | ၄၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၃၂ | ကိုကိုသက် | ဖူးဖူးသက်ရဲ့ အင်တာနက်မိတ်ဆက်စာမျက်နှာများ | ၁၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၃၃ | ရွှေမေတ္တာဆရာတော် ဒေါက်တာအရှင် ဝဏ္ဏိသရ | ရွှေမေတ္တာတရားပေါင်းချုပ်-၁ | ၂၀၀၀ိ/- | ကောင်းထွန်းစာပေ |
| ၃၄ | ကလောင်စုံ | အကြွေးငါးသိန်းကျေမည့်နည်း | ၁၅၀၀ိ/- | ဦးမြကြိုင်စာပေ |
| ၃၅ | ငြိမ်းအောင်-ဘာသာပြန် | ဒေါ်နယ်ထရန့်၏ အိမ်ခြံမြေရောင်းဝယ်နည်းမဟာဗျူဟာများ | ၂၅၀၀ိ/- | မျက်ပွင့်စာပေ |
| ၃၆ | မှော်ဝန်းကြည်မြတ် | ဂီတနက်သန် ဂန္ထဝင်ရေစီး | ၁၅၀၀ိ/- | သီဟနန္ဒာ |
| ၃၇ | ဒေါက်တာဒဂုန်ခင်သဇင် | သေခြင်းတရားနှင့်ဗေဒင်ပညာ | ၂၀၀၀ိ/- | သမီးဇောတိက |
| ၃၈ | ဟန်ဆန်း | လူကူးမျဉ်းကျားက လမ်းဖြတ်ကူးလျှင် ကမ္ဘာကျော်နိုင်ပါသည်။ | ၁၅၀၀ိ/- | GPG စာပေ |
| ၃၉ | မြတ်စိုးချိန် | ရန်ကုန်အကြောင်းတစေ့တစောင်း | ၁၅၀၀ိ/- | အဖြူရောင် ပွဲတင်သံစာပေ |
| ၄၀ | နေထွန်းနောင် | ထိုတောင်တန်း၏လျှို့ဝှက်ချက် | ၄၀၀၀ိ/- | မအိမွန်စာပေ |
| ၄၁ | အရှင်သူရိယ | မသိမဖြစ်-၃ | ၅၀၀ိ/- | မသိမဖြစ်စာပေ |
| ၄၂ | ဒေါက်တာအရှင်သူရိယ | မသိမဖြစ်-၄ နေ့စဉ်သုံး အဘိဓမ္မာ | ၆၅၀ိ/- | မသိမဖြစ်စာပေ |
| ၄၃ | မောင်မောင်လှမြင့် | ထွက်တော်မူနန်းကခွာတယ် | ၂၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၄၄ | နေမင်းရာဇာ ဒယ်ဒီတာအဖွဲ့ | မြန်မာရိုးရာ သင်္ချာEQ IQ ဉာဏ်စမ်းများ | ၂၀၀၀ိ/- | မဇ္ဈိမစာပေ |
| ၄၅ | ဗမောင် | အမေ့စကားနားထောင်ပါ ဒေါ်အောင်ဆန်းစုကြည်၏ အတွေးအမြင်များ | ၄၀ိ/- | လဝန်းပြာစာပေ |
| ၄၆ | ဆောင်းခူးလတ် | အမြူတေကဗျာများ | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၄၇ | ရဲမြင့်(စွန့်ဦးတီထွင်) | စာမဲ့ကတိနှင့် အခြားဆောင်းပါးများ | ၃၀၀၀ိ/- | အခွင့်အလမ်းစာပေ |
| ၄၈ | ညီတော်လှ | အမေရိကန်ဘီလျံနာ ၄၀ နှင့် အမေရိကန်တီထွင်သူ ၅၀ | ၂၀၀၀ိ/- | အိပ်မက်ရိပ်စာပေ |
| ၄၉ | နေထွန်းနောင် | ဘဝအဆက်ဆက်တိုင်း | ၄၀၀၀ိ/- | မအိမွန်စာပေ |
| ၅၀ | မင်းသိခ် | ဘာဘာဘာမှမသိဘူး | ၃၅၀၀ိ/- | ဘုမ္မာဝတီစာပေ |
| ၅၁ | ချစ်ဦးညို | ရတနာဂီရိ အကျဉ်းသား | ၅၅၀၀ိ/- | လင်္ကာဒီပစာပေ |
| ၅၂ | ချစ်ဦးညို | အဆိပ်နှင့် ကမ္ဘာတစ်သိန်း | ၃၅၀၀ိ/- | လင်္ကာဒီပစာပေ |
| ၅၃ | စန္ဒာဆွေ | ဒီမိုကရေစီမြတ်နိုးသူများသို့စာပေလက်ဆောင် | ၁၂၀၀ိ/- | ခူဝံစာပေ |
| ၅၄ | ထန်းတပင်စန်းလွင် | မီးလျှံများကိုဖြတ်ကျော်ခြင်း | ၁၂၀၀ိ/- | ညီမေတ္တာစာပေ |
| ၅၅ | အောင်ဆန်းစုကြည် | ဒီစကား ၁၀၀ အောင်ဆန်းစုကြည် | ၄၀၀၀ိ/- | စာအုပ်ဈေး |
| ၅၆ | မင်းထက်မောင် | အတော့်ကို ကိုးရိုးကားရားနိုင်လှတဲ့ အသံမြည်ပိုးတောင်မာကောင်လေး | ၁၅၀၀ိ/- | ခူဝံစာပေ |
| ၅၇ | မရွှေဆု | နတ်သမီးလေးပန်စီနှင့် အိပ်ရာဝင်ပုံပြင်များ | ၁၅၀၀ိ/- | ခူဝံစာပေ |
| ၅၈ | မင်းထက်မောင် | နွားပေါက်အသစ်ကလေး | ၁၅၀၀ိ/- | ခူဝံစာပေ |
| ၅၉ | ဒေါက်တာနိုက်တင်ဂေးလ် | ချမ်းသာရေးအတွက် ကျန်းမာရေးလက်ဆောင် | ၂၅၀၀ိ/- | ဇေယျာမြေ |
| ၆၀ | ကျော်သူ | ကျွန်တော်တို့လို လူပြိန်းများအတွက် | ၁၇၀၀ိ/- | ခမ်းတီလုံ |
| ၆၁ | ဇေယျာလင်း | ဇေယျာလင်း လက်ရွေးစင် | ၁၈၀၀ိ/- | စိတ်ကူးချိုချို |
| ၆၂ | မင်းနိုင်လေး(လမ်းမတော်) | ဘဝရတနာ ပန်းအလင်္ကာ ကလေးကဗျာများ | ၁၅၀၀ိ/- | ရန်အောင် |
| ၆၃ | ပုလောစိုးနှံ့သာ | ပြဒါးမဲ့မှန်ကဗျာများ | ၁၅၀၀ိ/- | နိုင်ငံ့ဂုဏ်ရည် |
| ၆၄ | ကလောင်စုံ | လေးနားညီသစ္စာရသကဗျာများ | ၂၅၀၀ိ/- | |
| ၆၅ | သန်းဝင်းလှိုင် | နှစ် ၃၀၀ မြန်မာနိုင်ငံရေး အဘိဓာန် | ၅၅၀၀ိ/- | စိတ်ကူးချိုချို |
| ၆၆ | ဆူးငှက် | ငှက်၏ ကောင်းကင်နှင့် အခြားဝတ္ထုတိုစု | ၂၀၀၀ိ/- | ခူဝံစာပေ |
| ၆၇ | မင်းထက်မောင် | ဒီလိုညနေခင်းမျိုးမှာ ငါစဉ်းစားနေမိတာ | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၆၈ | နေစိုးထက် | စစ်ပွဲများနှင့် မြန်မာနိုင်ငံ | ၂၅၀၀ိ/- | တွတ်ပီစာပေ |
| ၆၉ | ဦးနု | ဦးနု၏ ပြဇာတ်(၄)ပုဒ် | ၄၅၀၀ိ/- | စိတ်ကူးချိုချို |
| ၇၀ | ကျော်ဖြူစံ | ပုံပြဇာတ်တော်ကြီး ဆယ်ဘွဲ့(ပ) | ၇၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၁ | ကျော်ဖြူစံ | ပုံပြဇာတ်တော်ကြီး ဆယ်ဘွဲ့(ဒု) | ၇၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၂ | မအိ | အသစ်ဖြစ်မယ့် အဟောင်းကဗျာလက်ရွေးစင်၂ | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၃ | ကျော်သက်ဟန် | ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဦးသန့်နှင့် မြန်မာနိုင်ငံ ဦးသန့်အရေးအခင်းလှုပ်ရှားမှု | ၇၀ိ/- | စိတ်ကူးချိုချို |
| ၇၄ | Ven-Neminda | How to practice in sight meditation | ၁၀၀၀ိ/- | |
| ၇၅ | Ven- Neminda | Mahagand hayuno monastery and its History | ၁၀၀၀ိ/- | |
| ၇၆ | မောင်ကိုကို(အမရပူရ) | မောင်ကိုကို အက်ဆေးများ | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၇ | ထက်မြက် | အမှောင်ထုကို ဖြတ်သန်းခြင်း | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၈ | ဒေါက်တာဝင်းမောင်ထက် | အပြန်အလှန်ပြောကြားနေ့စဉ်သုံးမလေးစကား ၁၀၀၁ | ၂၀၀၀ိ/- | ဟန်သာဆု |
| ၇၉ | လွတ်တော်ရှေ့နေ မောင်ကောင်းဖေ | မြေရှင်သူဌေးကြီးဖြစ်ရပါစေ | ၂၅၀၀ိ/- | I Myanmar House |
| ၈၀ | ဒေါက်တာကျော်ဝင်း | ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ခြင်း | ၃၀၀၀ိ/- | ခေတ်ပြတိုက် |
| ၈၁ | မင်းအောင်မင်း | ဒီမိုကရေစီခေတ်နှင့်အညီ အလုပ်အကိုင်ရှာဖွေနည်း | ၂၅၀၀ိ/- | မြန်မာ့ခေတ် |
| ၈၂ | အောင်သူ(မန်း) | ခေတ်သုံးခေတ် အကျဉ်းသား | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၈၃ | တင်ချိုချော | စားပါအားမနာပါနဲ့ | ၆၀၀၀ိ/- | Synengy |
| ၈၄ | ရဲငြိမ်း | ဇရာပြို၊မောင်နှံနှင့် တောင်ပြုန်း | ၉၀ိ/- | သစ္စာအလင်း |
| ၈၅ | ကလောင်စုံ | ထောင်အရသာ | ၁၇၀၀ိ/- | စိတ်ကူးချိုချို |
| ၈၆ | ကျော်မောင်(မြိတ်) | သာသနာအမွေခံ | ၇၀ိ/- | သစ္စာအလင်း |
| ၈၇ | အသေမဦးခင် မြိတ်ဝင်းတင် | ဒိဋ္ဌိကွာစင် တရားဝင် | ၁၃၀၀ိ/- | သစ္စာအလင်း |
| ၈၈ | ကလောင်စုံ | သစ်ရွက်သေများပေါ်က ရက်စက်သောဂီတ | ၂၀၀၀ိ/- | နှင်းဆီဖြူ |
| ၈၉ | နောင်ခိုင် | မနက်ဖြန်သို့----အတွေးစများ | ၁၅၀၀ိ/- | ရန်အောင် |
| ၉၀ | ဖိုးစိုင်း(ဂျာနယ်လစ်) | ဒေါ်အောင်ဆန်းစုကြည်၏ ၂၁ ရာစု ပင်လုံမျှော်မှန်းချက် | ၂၀၀၀ိ/- | Journalist |
| ၉၁ | မောင်ဒေး | ကိုတာယာရှိ အီးဆာ၏ ဟိုက္ကူများ | ၁၅၀၀ိ/- | နှင်းဆီဖြူ |
| ၉၂ | ခင်မောင်နှင်း | ဗုဒ္ဓဘုရား သာသနာ ၅၀၀၀ ပဲလားနှင့် ဘာသာရေးဆောင်းပါးများ | ၁၅၀၀ိ/- | ဓမ္မရောင်ခြည် |
| ၉၃ | ကလောင်စုံ | ပဥ္စမံပရိုင်းမိတ် | ၂၀၀၀ိ/- | နှင်းဆီဖြူ |
| ၉၄ | မောင်ယဉ်မောင် | မာလာလာ | ၅၀၀၀ိ/- | The key |
| ၉၅ | ဦးဝင်းဖေ | မှုန်ရီဆိုင်းတိုင်းမြန်မာ | ၅၀၀၀ိ/- | နေရီရီ |

❊ စာမျက်နှာ ၁၀ မှ

Facebook တွင် တွေ့လိုက်ရသော စာတစ်ကြောင်းကို ဉပမာပြလိုပါသည်။ 'ဖျားနာနေတဲ့ စိတ်က ငယ်တုန်းက ခိုဝင်ခဲ့တဲ့ အဖေ့ ရင်ခွင်ကို လက်ကလေးနဲ့ လှမ်းလှမ်း ပုတ်တယ် (မိုးမြင့်မေ)'။ ဖျားနာနေတဲ့စိတ်သည် personification၊ လက်မဟုတ်ဘဲ လက်ကလေးဟု ဆိုသောကြောင့် လည်းကောင်း၊ ထိုလက်ကလေးဖြင့် 'လှမ်းလှမ်းပုတ်'သောကြောင့် လည်းကောင်း sennotation ဝင်သွားသည်ကို တွေ့ပါမည်။

၄။ ။ ဝတ္ထုတိုပေါင်းချုပ်များ

(က) ဝသုန္ဒရေလက်ရေး။ ။ မန္တလေးမှ ထုတ်ဝေသော ဝတ္ထုတိုပေါင်းချုပ်ဖြစ်သည်။ ယခုအခါ အတော်ကြီး အခြေအနေဆိုးနေပြီဖြစ်သော တိတ်တဆိတ်နယ်ချဲ့မှုကို အစောကြီး ကြိုတင် ထုတ်ဖော်ခဲ့သော ဝတ္ထုတိုများ ဖြစ်၏။ ရသစာပေဖြင့် တရားကိုယ် ဖြန့်ကြက်ခြင်းကို မြင်နိုင်ပါသည်။

(ခ) ပုံတူပြ allegorical ဝတ္ထုတိုများ။ မျက်နှာငွေလဟု ဆိုလျှင် မျက်နှာနှင့်ငွေလမင်းကိုရုပ်တူပြသောကြောင့်ရုပ်တူကိုပြ ရူပက ဆိုသော အလင်္ကာ ကျမ်းထွက်နှင့်အညီ ရူပကအလင်္ကာဖြစ်သည်။ ဝရန်တာစွန်းမှာ ငွေလမင်းက ထင်းထင်းသာဟုဆိုလျှင် အနှိုင်းခံကို ဖျောက်ထားသောကြောင့် သမာသ (သမာသ်) အလင်္ကာမြောက်သည်။ ဉပမေကို မြှုပ်သွေထားချန်၊ ဉပမံမျှ အကျဉ်းပြက၊ သမာသဟု အလင်္ကာကျမ်းတွင် ဆိုသည်။ ဝတ္ထုတစ်ပုဒ်လုံးက သမာသချည်း ဖြစ်နေသောအခါတွင်ကား သမာသဝတ္ထုဟု မဆိုသာပါ။ ထို့ကြောင့် ပုံတူပြ အမျိုးအစားအဖြစ် ယူရပါသည်။ ၁၉၈၅ လောက်မှ စတင်ခဲ့ပြီး ၂၀၁၂ နှစ်လယ်လောက်အထိ ဝတ္ထုတိုများတွင် ထင်ရှားသော ပုံစံတစ်ခုမှ ပုံတူပြ ဖြစ်၏။ ဝင်းစည်သူ၊ သိုက်ထွန်းသက်၊ နေဝင်းမြင့်၊ ဝင်းဖေတို့ ရေးလေ့ရှိကြသည်။ ကျယ်ပြန့်သော နောက်ခံကားကို ပုံစံငယ်ဖြင့် ထပ်တူပြုပြခြင်း ဖြစ်၏။ အရှောင်အတိမ်းများဖြင့် ရေးမှသာ စာမျက်နှာပေါ် ရောက်နိုင်သည့် ခေတ်တွင် ခေတ်၏ လိုအပ်ချက်ကြောင့် ပေါ်လာခြင်း ဖြစ်သည်။

ခင်နှင်းယု၏ ပန်းပုဆရာ ဦးသာယာနှင့် ဘုရင်ခံ မလိုချင်ပေါင်၊ ကျူး၏ ပင်လယ်နှင့် တူသော မိန်းမများတို့ကိုလည်း allegory အမျိုးအစားတွင် ထည့်နိုင်မည်ဟု ထင်ပါသည်။

၅။ ။ ဖတ်မိသမျှ

'ဖတ်ကြည့်' အတွက် ရရှိသော ငါးအုပ်အနက် တစ်အုပ်ကို အရင် ပြောလိုပါသည်။

ဆေးညွှန်းတွင် ဓာတုပစ္စည်းများ ဖွဲ့စည်းပုံရေးပြသော စာသည် အဖတ်ရခက်လှသည်။ မြန်မာလို ရေးသော စာများတွင်ကား ရှေးဟန်ကို အမွေခံသော သခင်ကိုယ်တော်မှိုင်းနှင့် လယ်တီပဏ္ဍိတတို့၏ ဝတ္ထုကြီးများ (မှာတော်ပုံ၊ တပင်ရွှေထီး စသည်)တို့မှာ အဖတ်ရခက်ပါသည်။ ခေတ်စာများတွင်တော့ အလံနီခေါင်းဆောင်တို့ ရေးသည့် စာမှာခက်သည်။ အလံနီဘာသာစကားဟုပင် လိုင်းသစ်ပေးရလောက်သော သီးသန့်ဟန်ဖြစ်သည်။ အမြဲတမ်း ခက်သော မြန်မာစာရေးဟန်ကိုကား ဉပဒေစာအုပ်များတွင် တွေ့သည်။

'အမိန့်တစ်ရပ်သည် အခွင့်အာဏာမရှိဘဲ ချမှတ်သည့် အမိန့်ဖြစ်သည်ဟု လည်းကောင်း၊ အခွင့်အာဏာရှိသည်ထက် ကျော်လွန် ဆုံးဖြတ်သည့် အမိန့်ဖြစ်သည်ဟုလည်းကောင်း၊ အပေါ်ယံကြည့်ရုံဖြင့် ဉပဒေအရ မှားယွင်း ချွတ်ချော်နေသည့် အမိန့်ဖြစ်သည်ဟု လည်းကောင်း ပေါ်လွင်ခြင်း မရှိလျှင် ယင်းအမိန့်များကို စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်ရန် အခွင့်အရေး မရှိကြောင်း၊ အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ဉပဒေအရ အပ်နှင်းထားသော အာဏာဖြင့် ဆောင်ရွက်ပေးရန် ရှိသည်ကို ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ကဖြစ်စေ ဆောင်ရွက်ပေးခြင်းမပြုသည့် ကိစ္စများတွင် ဉပဒေနှင့်အညီ ဆောင်ရွက်စေရန်အတွက် တစ်ဦးတစ်ယောက်၏ အခွင့်အရေးကို ထိပါးခြင်းမှ ကာကွယ်ရန် ဖြစ်ကြောင်း အဆိုပါ အမိန့်တွင် ဖွင့်ဆိုရှင်းလင်းခဲ့ပြီး လွှတ်တော်များ၏ ဆောင်ရွက်ချက်များသည် အာဏာပေးစာချွန်တော် ထုတ်ဆင့်ပေးရန် အကြောင်းပြချက်များတွင် အကျုံးဝင်ခြင်းမရှိကြောင်း သုံးသပ်လျက် ဖွဲ့စည်းပုံအခြေခံဉပဒေ ခုံရုံးဉက္ကဋ္ဌ၏ လျှောက်ထားချက်ကို ပယ်ချခဲ့ခြင်း ဖြစ်သည်။

အထက်ပါ စာပိုဒ်ကို နားလည်ရန် မခက်ဟု ထင်ရသော်လည်း လွယ်လွယ်တော့ နားမလည်နိုင်ကြောင်း တွေ့ပါလိမ့်မည်။ ဉပဒေ ကိစ္စဖြစ်၍ ခက်ခက်ခဲခဲ ဖြစ်အောင် ရေးထားခြင်း မဟုတ်ပါ။ ဉပဒေကိစ္စဖြစ်၍ ထိုသို့ ရေးရခြင်းသာဖြစ်ကြောင်း သိကြရပါမည်။

ဉပဒေ အခြင်းအရာတို့သည် သိမ်မွေ့သောကြောင့် စီရင်ချက်ကို မကျေနပ်နိုင်ခြင်းများ အလွယ်တကူ ပေါ်တတ်သည်။ သာမန်အားဖြင့် ခိုင်လုံသော်လည်း ဉပဒေကြောင်းအရ မခိုင်လုံခြင်း၊ သို့မဟုတ် မခိုင်လုံကြောင်းကို ခွင့်ပြုနိုင်သည့် ကင်းလွတ်ချက် ရှာတွေ့ခြင်းကြောင့် 'တရားနတ်စောင့်' သွားသည့် အခါမျိုးတွင် သာမန်ပြည်သူတို့က နားမလည်နိုင် ဖြစ်ရတတ်သည်။

■

# ရုပ်မြင်သံကြားအစီအစဉ်များ

[၃ - ၈ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ အဖွင့်
မိုးလေဝသအစီအစဉ်
တေးဂီတအစီအစဉ်
၆း၂၀ ကာတွန်းအစီအစဉ်
"Animal United" (အပိုင်း-၁)
၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ"
(အပိုင်း-၅၄)
၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ကိုယ့်ဘဝ ကိုယ့်အိပ်မက်"
(အပိုင်း-၁၄)
၈း၂၀ MRTV Entertainment Music
၈း၄၀ ထူးခြားဖွယ်ရာ
အင်ဒိုနီးရှားခရီးစဉ်
၉း၁၀ နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉း၂၀ အုန်းခွံအနုပညာရှင်
၉း၄၀ ပြည်သူ့နီတိ
"ဒူလာချစ်ဖေ"
၁၀း၀၀ ပန်းချီဆရာတင်ဝင်း(ဗိသနိုး)
၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း
"အရှုံးမလုပ်ရ"
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏
ပရိတ်တရားတော်
၈း၃၅ The Farmer (မြေပဲစိုက်ပျိုးခြင်း၊
ဂန္ဓမာစိုက်ပျိုးခြင်း)
၉း၃၅ "ဘဒ္ဒန္တ ဥတ္တမဉာဏာဘိဝံသ၊
(အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာ
သဒ္ဓမ္မဇောတိကဓဇ)၊
ဒုတိယဥက္ကဋ္ဌဆရာတော်၊
နိုင်ငံတော်သံဃမဟာနာယက
အဖွဲ့၊ မိုးကောင်းကျောင်းတိုက်၊
ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
ထံမှ နဝဂ်ဥပေါသထသီလ
ခံယူဆောက်တည်ခြင်း"
၁၀း၃၅ "အမျိုးသမီးများနည်းမျိုးစုံဖြင့်
ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ
ကုလသမဂ္ဂ ကွန်ဗင်းရှင်း"
(အပိုင်း-၃)
၁၁း၁၅ "လက်ဆင့်ကမ်းလို့
မျှဝေ ငြိမ်းချမ်းမှုပုံရိပ်တွေ"
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား
ပညာရေးအစီအစဉ်
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ"(အပိုင်း-၄၈)
၁း၃၀ "ရဟန်းစားရသော ဆွမ်းတစ်နပ်"
၃း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ
စကားဝိုင်း(စတော့အိတ်ချိန်း
တွင်အရင်းအနှီးမြှင့်တင်ခြင်းနှင့်
ရင်းနှီးမြှုပ်နှံခြင်း(အပိုင်း-၃)
၄း၁၅ "အခြေခံပညာကဏ္ဍ
တိုးတက်အောင်
စနစ်သစ်နှင့်ဖော်ဆောင်
၄း၃၅ Football Magazine
(ရန်ကုန်ယူနိုက်တက်အသင်း)
၅း၁၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
(စိုးထက်ဦးနှင့် ဖျံသွေး)
၅း၄၅ NHK Programme
"ကမ္ဘာတစ်ဝန်းသိရှိကြသော
ကုမ္ပဏီငယ်များ"
၆း၃၅ "ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ
"အခုရေစက်"
(မင်းသူ၊ ခင်မောင်ချင်း၊
ယုယမင်းကျော်) [ဒါရိုက်တာ-
သိမ်းစိုး(သီဟရတနာ)]
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါ ဂင်ချီ"
(အပိုင်း-၇၂)
၈း၃၅ "ဒေသတွင်း ဗိသုကာကိုတည်
ဆောက်နေသည့်အာဆီယံ"
၉း၀၀ -ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ"(အပိုင်း-၄၉)
-သုခမရင်ခွင်အငြိမ့်သဘင်"
မန္တလေးလူငယ်များအငြိမ့်"
(မင်းသမီး- မှုံနှံ့သာ၊ လူရွှင်တော်-
ထင်ပေါ်၊ ထင်ကျော်၊ လူလူ)
(ဒါရိုက်တာ-ဖုန်းမြင့်အောင်)

## မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ မွေးမြူသုတ
၈း၄၅ ဇာတ်လမ်းတို
၉း၁၅ သူနှင့်သူ၏သီချင်းများ
၉း၃၅ အမှတ်တရနေ့ရက်လေးများ
၁၀း၁၀ Made In Myanmar
၁၀း၂၅ သာယာသီကြွေးခေတ်ဆန်းတေး
၁၀း၃၅ Journal Talk
၁၀း၅၀ သီချင်းလက်ဆောင်
၁၁း၂၅ ကျန်းမာသုတ
၁၁း၄၀ Sport Review
၁၂း၀၀ ခရီးလည်းသွားစကားလည်းဆို
၁၂း၁၅ DVD Hits
၁၂း၂၅ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂း၃၅ နှစ်(၈၀)ကျော်ကြားတေးများ
၄း၂၅ ရှေးဟောင်းသုတ
၄း၅၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၅း၁၀ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အယ်ဒါနာ အပိုင်း(၄၇)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ အမျိုးသားရေးတေးကဗျာ
၆း၁၅ Top Magic
၆း၃၅ Meet Whith The Celebrities
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
မြစ်တစ်စင်းရဲ့အလကာ်
အပိုင်း(၃၃)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ရယ်စရာပျော်စရာ
ဟာသကမ္ဘာ
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"ရင်နှင့်အောင်ချစ်ရသူ"
အပိုင်း(၂၄)

## MRTV-4

၅း၀၀ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊
မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀ "ကုသိုလ်စွမ်းအားနှင့်
လူ့အရည်အချင်းများ"
တရားတော် [ပါမောက္ခချုပ်
ဆရာတော်ဒေါက်တာ
ဘဒ္ဒန္တနန္ဒမာလာဘိဝံသ]
၇း၅၀ တန်ခိုးကြီးမားဘုရား
စေတီပုထိုးများ
(ဆံတော်ရှင်ကျိုက်ထီးရိုး
စေတီတော်မြတ်ကြီး)
၈း၀၀ "မင်္ဂလာပါ"
The Morning Show
၁၁း၁၅ ဟင်းချက်ရအောင်
၁၂း၃၅ အနုပညာမိုးကောင်းကင်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကိုလူပျို" (အပိုင်း-၁၉)
၄း၀၀ Cartoon Series
(Welcome To Sky Ville)
၆း၁၀ Health Fix
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာတည်စေသော်"
(အပိုင်း-၆၉)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သူရသတ္တိ မိန်းမလှလေး"
(အပိုင်း-၃)
၉း၅၀ အနုပညာမိုးကောင်းကင်
၁၀း၁၀ Let's Talk
၁၀း၄၅ MRTV-4 Stage
၁၁း၁၀ World Of Knowledge
(Hooked Nile Giant )

# Miss ပြိုင်ပွဲဝင်တဲ့သူတွေများလာလို့ သူတို့တွေအခွင့်အရေးပိုပြီးရအောင် Miss Grand International ပြိုင်ပွဲမှာ ပါဝင်ဖြစ်တာပါ



နိုင်ငံတကာအလှမယ်ပြိုင်ပွဲတစ်ခုဖြစ်သည့် Miss Grand International ပြိုင်ပွဲသို့ ၂၀၁၇ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ထိုသို့ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံကိုယ်စားပြု Miss Grand International ပြိုင်ပွဲကို Miss Universe Myanmar Organization မှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ကြောင့် Miss Universe Myanmar Organization မှ National Director ဒေါ်စိုးယုဝေ နှင့်ဆက်သွယ်မေးမြန်းမှုများကို တင်ပြလိုက်ရပါသည်-

**Miss Grand International 2017 ပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြု National Director လုပ်ဖြစ်တဲ့အကြောင်း ရှင်းပြပေးပါ-**

Miss Universe ပြိုင်ပွဲအတွက် National Director မလုပ်ခင်ကတည်းက Miss Grand International ရဲ့ President နဲ့ မိတ်ဆွေတွေပါ။ အဲဒီအချိန်တုန်းက Miss Universe Myanmar ပွဲကိုပဲ ကျစ်ကျစ်လျစ်လျစ် နိုင်နိုင်နင်းနင်းလုပ်ချင်တာကြောင့် တခြားပွဲတွေကို မလုပ်ဖြစ်တာပါ။ အခုချိန်မှာတော့ ပရိသတ်တွေကလည်း ဖြစ်စေချင်တယ်။ Miss ပြိုင်ပွဲဝင်တဲ့သူတွေလည်းပိုများလာတဲ့အတွက် သူတို့အနေနဲ့ ပိုပြီးအခွင့်အရေးရအောင် ကြိုးစားပေးတဲ့အနေနဲ့ လုပ်ဖြစ်တာပါ။

**Miss Grand International ပြိုင်ပွဲရဲ့ ထူးခြားမှုကိုလည်း ပြောပြပေးပါ-**

ဒီပြိုင်ပွဲရဲ့ထူးခြားမှုက ရည်ရွယ်ချက်ပေါ့။ 'Stop The War'ဆိုတဲ့ ရည်ရွယ်ချက်ဆိုတော့ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်တွေအတွက် သင့်လျော်ကောင်းမွန်ပြီး ပြိုင်သင့်တဲ့အကြောင်းအရာလို့မြင်ပါတယ်။

**မြန်မာနိုင်ငံကိုယ်စားပြု ပထမဆုံးအလှမယ်ကို ဘယ်လိုရွေးချယ်သွားမလဲ-**

Miss Universe Myanmar 2017 ရွေးချယ်ပွဲမှာ တစ်ပေါင်းတည်း ရွေးချယ်သွားမှာပါ။ အသေးစိတ်ကိုတော့ ညှိနှိုင်းတိုင်ပင်နေတုန်းပါပဲ။ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်ကို ဘယ်လိုအရည်အချင်းတွေနဲ့ ရွေးချယ်မလဲ-

ပြိုင်ပွဲခေါင်းစဉ်နဲ့ ရည်ရွယ်ချက်အတွက် သင့်လျော်မယ့်သူ၊ အလှမယ်တစ်ယောက်အတွက် အခြေခံလိုအပ်ချက်တွေနဲ့ပြည့်စုံတဲ့သူမျိုးကို ရွေးချယ်သွားမှာပါ။

**Miss Grand International 2017 ပြိုင်ပွဲကို ဘယ်နိုင်ငံမှာသွားပြိုင်ရမလဲ-**

၂၀၁၇ ပြိုင်ပွဲအတွက်တော့ မသိရသေးပါဘူး။


**Miss Universe Myanmar ပြိုင်ပွဲအတွက် ဘယ်လိုပြင်ဆင်နေလဲ-**

Miss Universe Myanmar ပြိုင်ပွဲက ဩဂုတ် ၁၉ ရက်မှာ ဆန်ခါတင်ပြိုင်ပွဲဝင်တွေနဲ့ပံ့ပိုးသူတွေကို စာနယ်ဇင်းမိတ်ဆက်ပွဲ လုပ်ပါမယ်။ စက်တင်ဘာလမှာ ချင်းပြည်နယ်ဘက် လူမှုရေးခရီးစဉ်ကို ဝေဠုကျော်ဖောင်ဒေးရှင်းနဲ့အတူ သွားရောက်နိုင်ဖို့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။ ပြိုင်ပွဲကတော့ အောက်တိုဘာလ ၆ ရက်မှာ လုပ်မှာဖြစ်ပါတယ်။

**သီးခြားပြောလိုတာကရော-**

ထွေထွေထူးထူး ပြောစရာတော့မရှိပါဘူး။ အခြေအနေ၊ အချိန်အခါနဲ့ ပရိသတ်တွေရဲ့အားပေးမှုတွေအရ အတတ်နိုင်ဆုံး ကြိုးစားပြီးဆောင်ရွက်သွားပါမယ်။

**(မင်းလှသား)**



# မမ်မီဇာတ်ကားသစ်ရိုက်ကူးရန် နမ်မီးဘီးယားနိုင်ငံသို့ ရောက်ရှိနေသည့် တွမ်ခရုဇ်

ဟောလိဝုဒ်အကျော်အမော်သရုပ်ဆောင်တစ်ဦးဖြစ်သည့် တွမ်ခရုဇ်သည် ယခုလက်ရှိတွင် မမ်မီဇာတ်ကားသစ်ရိုက်ကူးရန်အတွက် နမ်မီးဘီးယားနိုင်ငံသို့ရောက်ရှိလျက်ရှိကာ ယင်းဇာတ်ကားသစ်တွင် မင်းသား Russel Crowe၊ Courtney Vance တို့အပြင် မင်းသမီး Annabelle Wallis တို့နှင့်အတူ ပါဝင်သရုပ်ဆောင်သွားမည် ဖြစ်သည်။

ဒါရိုက်တာ Alex Kurtsman ကပုံဖော်ရိုက်ကူးသည့် ယင်းမမ်မီဇာတ်ကားသစ်သည် လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက နေရာ ၁၀ ခုတွင် စတင်ရိုက်ကူးခဲ့ပြီးဖြစ်ကာ ယင်းဇာတ်ကားတွင် အဖွဲ့သားစုစုပေါင်း ၆၅၀ အသုံးပြုသွားမည်ဖြစ်သည်။ လူဦးရေ ၂၀၀ ခန့်မှာ နမ်မီးဘီးယားလူမျိုးများဖြစ်ကြောင်း ဇူလိုင် ၃၁ ရက်က ယင်းဇာတ်ကား ထုတ်လုပ်သူ Sean Daniel ၏ ထုတ်ပြန်ချက်တစ်စောင်အရ သိရသည်။

အဆိုပါဇာတ်ကားသစ်တွင် နမ်မီးဘီးယားနိုင်ငံ၏ သဘာဝတောတောင်အလှအပများကို တင်ပြခွင့်ရသည့်အတွက် ဂုဏ်ယူမိကြောင်းလည်း အဆိုပါထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

"နမ်မီးဘီးယားနိုင်ငံက ကျွန်တော်တို့ကို ရိုးသားပွင့်လင်းစွာကြိုဆိုခဲ့ပါတယ်။ အလွန်အလုပ်ကြိုးစားကြတဲ့ နမ်မီးဘီးယား ရုပ်ရှင်အဖွဲ့သားတွေကို တွေ့မြင်ရတာကြောင့်လည်း ကျွန်တော်တို့ အလွန်ကို အံ့အားသင့်ခဲ့ရပါတယ်။ နွေးထွေးပျူငှာစွာကြိုဆိုမှုတွေကြောင့် ကျွန်တော်တို့အဖွဲ့သားတွေ အလုပ်လည်း ပိုတွင်ကျယ်ခဲ့ပါတယ်"ဟု ဇာတ်ကားထုတ်လုပ်သူ Sean Daniel က ဆိုသည်။

တွမ်ခရုဇ်ခေါင်းဆောင်ပြီး ရိုက်ကူးတင်ဆက်မည့် အဆိုပါ မမ်မီဇာတ်ကားသစ်သည် ဒဏ္ဍာရီဇာတ်လမ်းတစ်ပုဒ်ထဲမှ လက်စားချေတတ်သည့် ဘုရင်မတစ်ပါးအကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးတင်ဆက်သွားမည်ဖြစ်ကြောင်းသိရသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

# Mary Poppins ဇာတ်လမ်းတွဲသစ်တွင် ပါဝင်သွားမည့်ဟောလိဝုဒ်ဝါရင့်သရုပ်ဆောင် Meryl Streep





ဒစ်စနေးမှ ထုတ်လုပ်သည့် Mary Poppins ဇာတ်လမ်းတွဲများတွင် ဟောလိဝုဒ်ဝါရင့်မင်းသမီးကြီး Meryl Streep ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်းသိရသည်။

အသက်(၆၇)နှစ်အရွယ်ရှိ မင်းသမီးကြီး Meryl Streep အနေဖြင့် မင်းသမီး Emily Blunt နှင့်အတူ ယင်းဇာတ်ကားတွင် Topsy ဇာတ်ရုပ်ဖြင့် ပါဝင်သွားဖွယ်ရှိကြောင်း သိရသည်။

Mary Poppins ဇာတ်လမ်းတွဲများကို ၁၉၆၄ ခုနှစ်မှစတင်ပြီး ဒစ်စနေးမှ ထုတ်လုပ်ကာ ဒါရိုက်တာ ရောဘတ်စတီဗင်ဆွန်က ပင်တိုင်ရိုက်ကူးပုံဖော်ခဲ့ခြင်းဖြစ်သည်။

ယင်းဇာတ်ကား၏ နောက်ဆက်တွဲဇာတ်လမ်းများကို ဆက်လက်ရိုက်ကူးရန် ၂၀၁၅ ခုနှစ် က တရားဝင်ကြေညာခဲ့ဖူးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးခဲ့ရပြီး ယခုနှစ် ဧပြီလတွင် ခေါင်းဆောင်မင်းသမီး Emily Blunt၊ မင်းသား Lin-Manuel Miranda တို့နှင့်အတူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ကားအမည်ကိုလည်း Mary Poppins Returns ဟု ပေးသွားမည်ဖြစ်ကြောင်း ယခုနှစ် ဧပြီလက ထုတ်ပြန်ခဲ့သည်။ ယင်းဇာတ်ကားကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ပြသနိုင်ရန် မျှော်မှန်းထားကြောင်းသိရသည်။




# ရီယိုအိုလံပစ်ပြိုင်ပွဲရဲ့ အရေးကြီးအချက်အလက်တချို့

အပိုင်း(၁)

***ရီယိုအိုလံပစ်ပြိုင်ပွဲကြီးကို လာမယ့် ဩဂုတ် ၅ ရက်မှာစတင်မှာဖြစ်တာကြောင့် ပြိုင်ပွဲကြီးကျင်းပဖို့ အနီးကပ်ဆုံးအချိန်ကို ရောက်ရှိလာပြီလို့ ဆိုရတော့မှာပါ။ ကမ္ဘာ့နာမည်ကျော် မီဒီယာအဖွဲ့အစည်းတွေမှာရှိတဲ့ နာမည်ကြီး သတင်းထောက်တွေ၊ အယ်ဒီတာတွေက ဘရာဇီးနိုင်ငံကို ရောက်ရှိနေပြီး ရီယိုဒီဂျနေးဒိုးမြို့ရဲ့ လုံခြုံရေးအခြေအနေတွေ၊ ပြိုင်ပွဲအတွက် စီစဉ်ထားမှုတွေကို သတင်းရယူပြီး တိုက်ရိုက်ထုတ်လွှင့်ပေးနေကြတာကိုလည်း သတင်းတွေကြည့်လိုက်တာနဲ့ မြင်တွေ့နေရပါတယ်။ ဒီတော့ ရီယိုအိုလံပစ်ရဲ့ အကျဉ်းမိတ်ဆက်မှုကို စာဖတ်ပရိသတ်တွေအတွက် ဖော်ပြခဲ့ပြီးနောက်မှာ အရေးကြီးတဲ့ နောက်ထပ်အချက်အလက်တချို့ကို ထပ်မံတင်ဆက်ပေးလိုက်ပါတယ်။***

### တောင်အမေရိကရဲ့ ပထမဆုံးအိုလံပစ်

ရီယိုအိုလံပစ် ပြိုင်ပွဲကြီးက တောင်အမေရိကတိုက်မှာ ကျင်းပခွင့်ရတဲ့ ပထမဦးဆုံး အိုလံပစ်ပြိုင်ပွဲကြီးဖြစ်ပါတယ်။ ပြိုင်ပွဲကာလ ၁၇ ရက်အတွင်း နိုင်ငံပေါင်း ၂၀၆ နိုင်ငံမှ ကစားသမားပေါင်း ၁၀၅၀၀ လာရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး အားကစားနည်းပေါင်း ၄၂ မျိုးအတွက် ဆုတံဆိပ် ၄၉၂၄ ချီးမြှင့်သွားမှာဖြစ်ပါတယ်။ ရီယိုအိုလံပစ်ပြိုင်ပွဲကို အဓိက အားဖြင့် ရီယိုဒီဂျနေးဒိုးမြို့ ဒီယိုဒိုရို၊ ဘာရာ၊ ကိုပါကာဘာနာနဲ့ မာရာကားနား အရပ်မှာရှိတဲ့ ကစားကွင်းကြီး ၃၂ ကွင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒါပေမယ့် ဘောလုံးပွဲစဉ်တွေကို ရီယိုဒီဂျနေးဒိုးမြို့အပြင် ဘီလို၊ ဟော်ရီဇွန်တီ၊ ဘရာဇီးလီးယား၊ မန်နျူး၊ ဆာဗေးဒိုးနဲ့ ဆော်ပေါ်လိုမြို့တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ အခုချိန်မှာ အားကစားကို ချစ်မြတ်နိုးစိတ် ပြင်းထန်လွန်းတဲ့ ဘရာဇီးလူမျိုးတိုင်းက အိုလံပစ်ပြိုင်ပွဲအပေါ်သာ အာရုံစိုက်နေပြီး လုံခြုံရေးအခြေအနေပေါ် စိုးမံထားရှိမှုတွေကလည်း ၂၀၀၈ ဘေဂျင်းအိုလံပစ်နဲ့ ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲတွေထက်တောင် အားရစရာကောင်းတယ်လို့ သတင်းပေးပို့ချက်တွေအရ သိရပါတယ်။

### ဘယ်သူတွေ သွားကြရမှာလဲ

ကစားသမားအင်အားချည်း ၁၀၅၀၀ ဖြစ်တာကြောင့် ဒီကစားသမားတွေ ရီယိုဒီဂျနေးဒိုးမြို့ကို ရောက်ရှိဖို့ ခရီးသည် ၅၂၄ ယောက်ဆံ့ ဂျက်လေယဉ်ကြီး ၂၁ စင်း လိုအပ်ပါလိမ့်မယ်။ ဒီလို လေယဉ်ကြီးတွေဆင်းသက်ဖို့ ဘောလုံးကွင်း ၂၁ ကွင်းစာ မြေဧရိယာအကျယ်လည်း လိုအပ်ပါတယ်။ ဒါတောင်နည်းပြအဖွဲ့တွေ၊ ဆေးအဖွဲ့တွေ၊ ကျန်ထောက်ကူပြုအဖွဲ့ဝင် လူဦးရေစာရင်းကို ထည့်မတွက်ထားသေးပါဘူး။

ဒါ့အပြင် ဒီပြိုင်ပွဲကို မြင်းကောင်ရေ ၃၁၅ကောင်လည်း ပါဝင်ဆင်နွှဲမှာဖြစ်လို့ ဒီမြင်းတွေအတွက် သီးသန့်နေရာချပေးဖို့ အမျိုးသားကွင်းကြီး ခုနစ်ကွင်းလောက် လိုအပ်မှာဖြစ်ပါတယ်။ အမျိုးသားကွင်းကြီးလို့ ခေါ်တွင်တဲ့ ကွင်းကျယ်ကြီးတစ်ခုမှာ မြင်းကောင်ရေ ၄၀ သာ အများဆုံး ဆံ့ပါတယ်။ ဒါ့ကြောင့် ဒီလိုကွင်းကြီး ခုနစ်ကွင်းလောက် လိုမှာလို့ သုံးသပ်ရတာဖြစ်ပါတယ်။ အိုလံပစ်ပြိုင်ပွဲလို ကမ္ဘာ့အကြီးကျယ်ဆုံးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပဖို့ လုပ်သားအင်အား ၁၄၀၀၀၀ လိုအပ်မှာဖြစ်ပြီး ဝန်ထမ်းအင်အား ၉၀၀၀၀ အပြင် လုပ်အားပေး (Volunteer) အင်အား ၅၀၀၀၀ လောက်လည်း လိုအပ်ပါတယ်။

# နိုက်စ်နောက်ခံလူ ပိုင်းထ် ဆောက်သမ်တန်သို့ ပြောင်းရွှေ့



ပြင်သစ် ပထမတန်းကလပ်နိုက်စ်အသင်းမှ ဗဟိုခံစစ်မှူး ဂျာရယ်မီ ပိုင်းထ်သည် ဆရာဟောင်းဖြစ်သူ ဆောက်သမ်တန်နည်းပြ ပွယ်လ်နှင့် ပူးပေါင်းရန်အတွက် ဆောက်သမ်တန်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီဖြစ်သည်။ အသက်(၂၇)နှစ်အရွယ်ရှိ ပိုင်းထ်သည် နိုက်စ်အသင်းနှင့် ပြီးခဲ့သည့်နွေရာသီမှာပင် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ဆောက်သမ်တန်နှင့် နှစ်နှစ် စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

ပိုင်းထ်က ပရီမီယာလိဂ်တွင် ကစားခွင့်ရရေးမှာ သူ၏ အိပ်မက်ဖြစ်ပြီး ဆောက်သမ်တန်အတွက် အကောင်းဆုံး ကြိုးပမ်းပေးမည်ဟု ကတိပြုကြောင်းဆိုခဲ့သည်။ ပိုင်းထ်သည် လက်ရှိ ဆောက်သမ်တန်နည်းပြ ပွယ်လ်နှင့် လိုင်ယွန်နိုက်စ်အသင်းတို့တွင်လည်း လက်တွဲခဲ့ဖူးသောကြောင့် ယခုဆောက်သမ်တန်သို့ ရောက်ရှိလာခြင်းမှာ သူတို့နှစ်ဦး သုံးကြိမ်မြောက်ပူးပေါင်းမှုလည်း ဖြစ်လာမည်ဖြစ်သည်။ ပိုင်းထ်အနေဖြင့် ဆောက်သမ်တန်သို့ ပြောင်းရွှေ့လာပြီဆိုသည့်သတင်းကို ဆောက်သမ်တန်အသင်း အမှုဆောင်ဒါရိုက်တာဖြစ်သူ လက်စ်ရိစ်က အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

# အဲလက်စ်ဆောင်းကို ရှုဘင်ကာဇန်အသင်းခေါ်ယူ



ရုရှားကလပ်အသင်း ရှုဘင်ကာဇန်အသင်းသည် ဘာစီလိုနာကွင်းလယ်လူဟောင်း အဲလက်စ်ဆောင်းကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် အပြီးသတ် ခေါ်ယူလိုက်ပြီဖြစ်သည်။ အသက်(၂၈)နှစ်ရှိ ဆောင်းမှာ ရှုဘင်ကာဇန်အသင်းတွင် အငှားဖြင့် ကစားရမည်ဟုသာ မျှော်လင့်ခဲ့သော်လည်း အမြဲတမ်းစာချုပ်ဖြင့် ခေါ်ယူခံခဲ့ရခြင်းဖြစ်သည်။

ဆောင်းသည် ၂၀၁၂ ခုနှစ်တွင် အာဆင်နယ်မှ ဘာစီလိုနာသို့ ငါးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့သွားခဲ့ပြီးနောက် ၆၅ ပွဲဝင်ရောက်ကစားခဲ့ရာ တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ယင်းနောက် ပြီးခဲ့သည့် နှစ်ရာသီအတွင်း ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းတွင် အငှားဖြင့် ကစားနေခဲ့ပြီးနောက် ယခုနှစ်တွင် ရှုဘင်ကာဇန်အသင်းသို့ အပြီးသတ် ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

မေ လဲ့ သင်း - စု စည်း ရေး သား သည်

# အားကစားလောက သတင်းတိုများ

➢ ချယ်လ်ဆီးအသင်းသည် အဲဗာတန်တိုက်စစ်မှူး လူကာကူအတွက် ပြောင်းရွှေ့ကြေး ပေါင် ၆၇ သန်းဖြင့် ထပ်တိုးကမ်းလှမ်းရန် ပြင်ဆင်နေသော်လည်း အဲဗာတန်အသင်းဘက်ကမူ အဆိုပါ ဘယ်လ်ဂျီယံတိုက်စစ်မှူးအတွက် ပေါင် ၇၅ သန်းအထက် ရရှိလိုနေကြောင်း သိရသည်။

➢ အာဆင်နယ်အသင်းသည် လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီအား ခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း နာပိုလီအသင်းနှင့် အပြိုင်လုရမည်ဖြစ်သောကြောင့် အင်တာမီလန်တိုက်စစ်မှူး အစ်ကာဒီဘက်သို့ ပြန်လည်မြားဦးလှည့်လာခဲ့သည်။



# ရှန်းနီရွေးချယ်တဲ့ အကောင်းဆုံးအသင်းဖော်နဲ့ အခက်ခဲဆုံးပြိုင်ဘက်

မန်ယူအသင်းခေါင်းဆောင် ဝိန်းရွန်းနီက မန်ယူအသင်းမှာ ကစားခဲ့တာ ၁၂ နှစ်ကာလကို ရောက်ရှိလာပြီဖြစ်ပြီး အမျိုးမျိုးသော အသင်းဖော်တွေနဲ့ တွဲဖက်ကစားခဲ့ဖူးရာမှာ သူ့ရဲ့ ခြေစွမ်းအကောင်းဆုံး အသင်းဖော်နှစ်ဦးက ပေါလ်စခိုးလ်နဲ့ စီရိုနယ်လ်ဒိုတို့ဖြစ်ပြီး သူ့အတွက်အခက်ခဲဆုံးပြိုင်ဘက်က စပိန်ဂိုးသမား ကားဆီးလက်စ်ဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ဝိန်းရွန်းနီက ၂၀၀၄ ခုနှစ်မှာ အဲဗာတန်ကနေ မန်ယူအသင်းကို ရောက်ရှိလာခဲ့ပြီး ပေါလ်စခိုး၊ စီရိုနယ်လ်ဒိုတို့နဲ့အတူ ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ်ဆုဖလားတွေ ဆွတ်ခူးနိုင်ခဲ့ကြပါတယ်။

ရွန်းနီက မန်ယူမှာ ရိုင်ယန်ဂစ်၊ ရွိုင်းကိန်း၊ ရီယို ဖာဒီနန်၊ ဗီဒစ်တို့လို ကစားသမားတွေနဲ့ တွဲဖက်ကစားခဲ့ပေမယ့် ပေါလ်စခိုးနဲ့ စီရိုနယ်လ်ဒိုတို့နှစ်ဦးရဲ့ အရည်အသွေးက ကျန်ဘယ်ကစားသမားကိုမဆို နောက်ကောက်ချနိုင်လောက်အောင် ကောင်းခဲ့တယ်လို့ဆိုပါတယ်။

ရွန်းနီက “ ပေါလ်စခိုးက ထာဝရအကောင်းဆုံး ကွင်းလယ်လူထဲက တစ်ယောက်ပါ။ သူ့ရဲ့ ဘောလုံးပေးပို့မှုစူးရှတဲ့ အမြင်၊ ပြိုင်ပွဲရဲ့ ကစားအားကို အတင်အချလုပ်ပြီး ထိန်းချုပ်နိုင်တဲ့ စွမ်းရည်တွေက မယုံနိုင်လောက်အောင် ကောင်းလွန်းပါတယ်။ ခရစ္စတီယာနိုကတော့ ထူးခြားလွန်းတဲ့သူဖြစ်သလို ကမ္ဘာ့အကောင်းဆုံးကစားသမား ဖြစ်ပါတယ်။ လေ့ကျင့်ရေးကွင်းမှာ လုပ်ခဲ့တာတွေကို ကွင်းထဲမှာ တကယ်ကစားရင်လည်း ဖြစ်အောင်ကို လုပ်ပြတတ်သူပါ။ ဒါ့ကြောင့်လည်း ပြိုင်ပွဲတစ်ပွဲရဲ့ အကောင်းဆုံးကစားသမားအဖြစ် လူတွေကအမြဲသတိရနေတာ ဖြစ်ပါတယ်” လို့ သူ့ရဲ့ ကိုယ်ပိုင်ဝက်ဘ်ဆိုက်ကနေ ပြောကြားခဲ့ပါတယ်။

ရွန်းနီရဲ့ အကောင်းဆုံး အသင်းဖော်ရွေးချယ်ပေးမှုဟာ ကျေနပ်စရာဖြစ်ခဲ့ပေမယ့် သူနဲ့ပြိုင်ဘက်အဖြစ် တစ်နာရီတောင် ပြည့်အောင်ရင်မဆိုင်ဘူးတဲ့ ကားဆီးလက်စ်ကို အခက်ခဲဆုံးပြိုင်ဘက်အဖြစ် ရွေးချယ်ပေးခဲ့တာကတော့ ပရိသတ်တွေအတွက် တကယ်ကို အံ့အားသင့်ဖွယ် ဖြစ်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် မန်ယူနဲ့ ရီးယဲလ်တို့ ယှဉ်ပြိုင်ခဲ့ရာမှာ ရွန်းနီက နှစ်ကျော့စလုံး ရီးယဲလ်ဂိုးသမား လိုပက်ဇ်ကိုသာ ရင်ဆိုင်ခဲ့ရတာဖြစ်ပြီး ကားဆီးလက်စ်နဲ့ တွေ့ဆုံခဲ့ခြင်းမရှိပါဘူး။

ရွန်းနီက ၂၀၀၄ ခုနှစ် အင်္ဂလန်အတွက် ဝင်ရောက်ကစားခဲ့ရာမှာ ကားဆီးလက်စ်နဲ့ ဆုံခဲ့ဖူးပေမယ့် ပထမပိုင်းမပြီးခင်ပဲ လူစားလဲခံခဲ့ရတာကြောင့် နာရီဝက်လောက်ပဲရင်ဆိုင်ခဲ့ဖူးပါတယ်။ အဲဒီနောက် ကားဆီးလက်စ်ကို ရင်ဆိုင်ဖို့ ၁၁ နှစ်ကြာစောင့်ဆိုင်းခဲ့ရပြီး ပြီးခဲ့တဲ့နိုဝင်ဘာလနှောင်းပိုင်း အင်္ဂလန်နဲ့ စပိန်တို့ ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ကစားခဲ့ရာမှာ ရွန်းနီက ဒုတိယပိုင်းပြီးခါနီးမှ လူစားဝင်ကစားသမားအဖြစ် ကွင်းထဲကို ဝင်ရောက်လာတာ ဖြစ်ပါတယ်။ ဒါ့ကြောင့်ရွန်းနီရွေးချယ်ပေးတဲ့ ကျော်ဖြတ်ဖို့ အခက်ခဲဆုံးပြိုင်ဘက်က ကားဆီးလက်စ် ဆိုတာဟာ ပရိသတ်တွေအတွက် အံ့အားသင့်ဖို့ ကောင်းနေတာဖြစ်ပါတယ်။

# ၁၀ တန်နှင့်အထက် မော်တော်ယာဉ်များ မောင်းနှင်မှုမပြုရေး ကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်း

**မြောင်းမြ ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် မြောင်းမြမြို့နယ်အတွင်းရှိ လမ်းများတွင် သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်သွားလာမှုမပြုရေးအတွက် ကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းသည့် အခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက မြောင်းမြမြို့နယ်အတွင်း လမ်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် လမ်းများတွင် သတ်မှတ်တန်ချိန်အတိုင်း သွားလာမှုပြုရန် ဆွေးနွေးပြောကြားသည်။ လမ်းဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးအေးမင်းက မိုးရာသီကာလ၌ မော်တော်ယာဉ်များအား တန်ချိန်သတ်မှတ်ရသည့် ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

လမ်းအသုံးပြုသူများမှ လိုက်နာမှုရှိ၊ မရှိ သိရှိနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပို့/ဆက်၊ ကုန်ကားကြီးများအသင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ လမ်းဦးစီးဌာန၊ မီးသတ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ကြီးကြပ်ရေးအဖွဲ့များက ၂၄ နာရီအတွင်း စောင့်ကြည့် ကြီးကြပ်သွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ပို့/ဆက်၊ မီးသတ်ဦးစီးဌာန၊ ကုန်ကားကြီးများအသင်း၊ လမ်းဦးစီးဌာန၊ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြသည်။

**ဇော်မင်းသွင် (မြောင်းမြ)**

# ကနီမြို့တွင် ချင်းတွင်းမြစ်ရေဆက်လက်ဝင်ရောက်သဖြင့် နေအိမ်များ ပြောင်းရွှေ့ပေးခြင်းနှင့် ရေကင်းများလှည့်လည်ဆောင်ရွက်နေ

**ကနီ ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ချင်းတွင်းမြစ်ရေသည် ဆက်လက်မြင့်တက်လျက်ရှိပြီး ဇူလိုင် ၃၁ ရက်တွင် ကနီမြို့၏ စိုးရိမ်ရေမှတ်အထက် ငါးပေကျော်ခန့် မြင့်တက်နေ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်မြင့်၊ မြို့နယ်စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များသည် အမှတ်(၁)ရပ်ကွက်ရှိ ရေဝင်အိမ်များမှပစ္စည်းများ ပြောင်းရွှေ့ပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြစ်ရေဆက်လက်မြင့်တက်နေ၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မြစ်ရေဆက်လက်တက်ရောက်လာပါက ကြိုတင်ပြင်ဆင်၍ ရေလွတ်ရာကုန်းပိုင်းများတွင် အချိန်မီရွှေ့ပြောင်းနိုင်ရန် သဘာဝဘေးကြိုတင်သတိပေးနှိုးဆော်မှုများနှင့် ရေကင်းများဖြင့် လှည့်လည်ခြင်းကို ယနေ့မှစတင် ဆောင်ရွက်ပေးနေပြီး ရေဝင်ရောက်သည့် ပြည်သူများကို မိမိတို့ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များက ဆက်သွယ်ပြီး ကူညီဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကနီမြို့ အခြေစိုက် မိုးလေဝသနှင့် ဇလဗေဒဌာနခွဲကြီးကြပ်မှုဦးစီးဌာန မြို့နယ်ဇလဗေဒစခန်းမှ တရားဝင်ထုတ် ပြန်ချက်အရ ဇူလိုင် ၃၁ ရက် ညနေ ၆ နာရီခွဲတွင် ကနီမြို့၏ ချင်းတွင်းမြစ်ရေမှာ ၁၂၉၂ စင်တီမီတာအထိ တက်ရောက်ခဲ့၍ ကနီမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက် ၁၆၂စင်တီမီတာ (ငါးပေခန့်)အထိ ရောက်ရှိနေပြီဖြစ်ကြောင်း မြို့နယ်ဇလဗေဒစခန်းတာဝန်ရှိသူထံမှ သိရသည်။

**သန်းဌွေးအောင်(ကနီ)**



# အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်များအား စွမ်းရည်မြှင့်သင်တန်းပို့ချ

**လောင်းလုံး ဩဂုတ် ၂**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်တွင် ပညာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ စွမ်းရည်မြှင့်သင်တန်းကို ဇူလိုင် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းပြုလုပ်ခဲ့ကြောင်းသိရသည်။

ထိုစွမ်းရည်မြှင့်သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ ၁၁၇ ဦးတက်ရောက်ကြကာ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးဆိုင်ရာများနှင့် ကြီးကြပ်အကဲဖြတ်မှုဆိုင်ရာများ၊ ကာယစွမ်းရည်၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများ၊ သင်ကြားမှုပိုင်းဆိုင်ရာများ၊ လေ့ကျင့်သင်ကြားပေးကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

# ရှာဖွေကယ်ဆယ်ရေးသင်တန်းတွင် ကရင်ပြည်နယ် မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့တို့ ပူးတွဲလေ့ကျင့်ဆောင်ရွက်

**ဘားအံ ဩဂုတ် ၂**

အမှတ်(၂)တိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီးရုံးများကွပ်ကဲမှုဌာနခွဲ၏ ရှာဖွေကယ်ဆယ်ရေးသင်တန်းကို ဘားအံမြို့နယ် မီးသတ်စခန်း၌ ဇူလိုင်လအတွင်း ၁၀ ရက်တာ သင်တန်းဖွင့်လှစ်သင်ကြားလျက်ရှိရာ ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်တွင် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့၊ ပေးဆပ်သူသွေးလှူရှင်အဖွဲ့(မြိုင်ကလေး)နှင့် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အရေးပေါ်လူ့အသက်ကယ်ဆယ်ရေးလုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့် နည်းစနစ်များကို ပူးတွဲလေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပေးဆပ်သူသွေးလှူရှင်အဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းပြုလုပ်သည့် သင်တန်းတွင် အရေးပေါ်လူနာပြုစုနည်းများ၊ အရေးပေါ်လူနာသယ်ဆောင်နည်းအမျိုးမျိုး၊ ပတ်တီးစည်းနည်း အမျိုးမျိုးတို့ကို လက်တွေ့လေ့ကျင့်ပူးတွဲ ဆောင်ရွက်ခဲ့ကြသည်။

ပြည်နယ်မီးသတ်ဦးစီးရုံး ကွပ်ကဲမှုဌာနခွဲ၏ ရှာဖွေကယ်ဆယ်ရေးသင်တန်းတွင် ကရင်ပြည်နယ်မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များဖြစ်သည့် ကရင်ပြည်နယ်သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များနှင့် ဘားအံမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၃၀ တက်ရောက်လျက်ရှိပြီး သင်တန်းသားများအနေဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုကျွမ်းကျင်ပိုင်နိုင်စေရေးအတွက် အထပ်မြင့်အဆောက်အအုံများပေါ်သို့ ကြိုးတက်၊ ကြိုးဆင်းလေ့ကျင့်ခန်းများ၊ အမှောင်ထုမီးခိုးခန်းတွင် BA စက်ဖြင့် လူနာရှာဖွေကယ်ဆယ်ခြင်း၊ Marking System အရေးပေါ်လူနာပြုစုခြင်း၊ သယ်ဆောင်ခြင်း၊ ရေပြင်အသက်ကယ်ခြင်းနှင့် ရေကူးနည်းစနစ်များ၊ အခြေခံကြိုးချည်နည်းများကို သင်ကြားပို့ချသွားမည်ဖြစ်ကာ ဒုပြည်နယ် မီးသတ်ဦးစီးမှူးဦးကိုကိုဦးက သင်တန်းမှူးအဖြစ် ဆောင်ရွက်၍ ဘားအံမြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ရဲမင်း ဦးဆောင်သော နည်းပြဆရာများက သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းကို ပူးပေါင်းဖွင့်လှစ်ခြင်းဖြင့် သဘာဝဘေးကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များမှ အသက်ကယ်နည်းစနစ်များကို ကျွမ်းကျင်ပိုင်နိုင်စွာအချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန်နှင့် အသက်ကယ်နည်းစနစ်များ စနစ်တကျတတ်မြောက်မှသာ ဒုက္ခရောက်နေသူများကို ထိရောက်သောကယ်ဆယ်မှု လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေမှာလူနာ၏ အသက်သည်အချိန်နဲ့အမျှ အရေးကြီးသောကြောင့် အချိန်နောက်ကျခြင်းနဲ့ ကယ်ဆယ်ရေးနည်းပညာ မကျွမ်းကျင်ပါက လူ့အသက်ပေါင်းများစွာ ဆုံးရှုံးနိုင်ကြောင်း၊

သဘာဝဘေးကို ရှောင်လွှဲ၍မရသော်လည်း ထိခိုက်ဆုံးရှုံးမှုအနည်းဆုံး ဖြစ်စေရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေးသမားတိုင်းက ကျွမ်းကျင်ပိုင်နိုင်စွာ ပြည်သူတွေရဲ့အသက်ကို ကြိုးစားကယ်ဆယ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အနာဂတ်၏ စိန်ခေါ်မှုတိုင်းတွင် ဘေးအန္တရာယ်များကိုကြံ့ကြံ့ခံရင်ဆိုင်ပြီး မိမိတို့အသက်ကို ပဓာနမထားဘဲ လူနာ၏အသက်ကို ကယ်တင်ပေးမည့် သားကောင်းရတနာလေးများ မွေးဖွားပေးလိုက်သည့်သင်တန်းတစ်ခုလည်းဖြစ်ကြောင်း ဘားအံမြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းက ပြောသည်။

**ထွန်းထွန်းထွေး(ဘားအံ)**



# အ-မ-က ချောင်းဝကျောင်းသို့ စာရေးခုံနှင့် ထိုင်ခုံများလှူဒါန်း

**အိမ်မဲ ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးချေးငွေကော်မတီ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ချောင်းဝရပ်ကွက် ရေလုပ်သားများက အ-မ-က ချောင်းဝကျောင်းသို့ ငွေကျပ် ၁၆ သိန်းတန်ဖိုးရှိ စာရေးခုံနှင့်ထိုင်ခုံ ၁၅ စုံ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ချောင်းဝရပ်ကွက် အုပ်ချုပ်ရေးမှူးဦးဝင်းကျော်နှင့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ချေးငွေကော်မတီမှ တာဝန်ရှိသူတို့က စာရေးခုံနှင့် ထိုင်ခုံများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာရေးခုံနှင့် ထိုင်ခုံများကို ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။

ချောင်းဝ အ-မ-က ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၂၅၁ ဦး ပညာသင်ကြားလျက်ရှိပြီး ချောင်းဝရပ်ကွက်နေ ရေလုပ်သားများ၏ သားသမီးများ အများဆုံးပညာသင်ကြားနေကြသည့်အတွက် ကျောင်းတွင် လိုအပ်နေသော စာရေးခုံနှင့် ထိုင်ခုံများကို လှူဒါန်းရခြင်းဖြစ်ကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

အဆိုပါစာရေးခုံနှင့် ထိုင်ခုံများပေးအပ်လှူဒါန်းပွဲသို့ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကြည်စိုး၊ ချောင်းဝရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဆရာ၊ ဆရာမများ၊ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ချေးငွေကော်မတီအဖွဲ့ဝင်များ၊ ရေလုပ်သားများ၊ ကျောင်းကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရေတိုးမှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် ဖြစ်ပေါ်လျက်ရှိသော ရေကြီးနစ်မြုပ်မှုများ၊ ကမ်းပါးပြိုမှုများအား ကူညီထောက်ပံ့မှုများ၊ ပြည်သူများ သတင်းအမှန်သိရှိရေးတို့အတွက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မန္တလေးမြို့ပေါ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ရှိဖြစ်ပေါ်နေမှုများအပေါ် ဆောင်ရွက်နေမှုများကို မေးမြန်းဆွေးနွေးပြီး တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများက မိမိဒေသအလိုက် ဖြစ်ပေါ်လျက်ရှိသော ရေဝင်ရောက်မှု အခြေအနေများ၊ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများအတွက် တိုင်းဒေသကြီးအဆင့် ကော်မတီဖွဲ့ကာ သတင်းအချက်အလက် ဖြန့်ဖြူးရေးအဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့များ အမြန်ဆုံးဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး ရေဝင်ရောက်နေသောဒေသများအား အမြန်ဆုံးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ရေဝင်ရောက်သည့် ဆိပ်ဖြူမြို့နယ်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ရေလွတ်ရာသို့ ကူညီပြောင်းရွှေ့ပေး

**ဆိပ်ဖြူ ဩဂုတ် ၂**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး၊ ကိုးတောင်ကျေးရွာအုပ်ချုပ်ရေးမှူးတို့သည် ဧရာဝတီမြစ်ရေလျှံတက်မှုကြောင့် မြစ်ရေဝင်ရောက်သည့် သံဇလုံကျေးရွာသို့ ကွင်းဆင်းကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါ သံဇလုံကျေးရွာသို့ မွန်းလွဲပိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေး၏ လမ်းညွှန်မှု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်း၏ ကြီးကြပ်မှုဖြင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဟံဝင်းအောင်ဦးဆောင်၍ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ဇံကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဇော်လင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရေလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ပြီး ဒေသခံပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် ဝန်ထမ်းများက ရေဘေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရေကြီးချိန်တွင် သိရှိလိုက်နာ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသိပေးနှိုးဆော်ခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

ဧရာဝတီမြစ်ရေဝင်၍ ရေလွတ်ရာသို့ ပြောင်းရွှေ့သည့် သံဇလုံကျေးရွာမှ အိမ်ထောင်စု ၅၉ စု လူဦးရေ ၂၄၇ ဦး၊ နွား ၁၄၇ ကောင်တို့အား အဆိုပါကျေးရွာနှင့် သုံးဖာလုံခန့်အကွာ ဆိပ်ဖြူ-စလင်း ကားလမ်းဘေး တောင်ငယ်လုံးကျေးရွာရှိ နီးစပ်ရာ ဆွေးမျိုးနေအိမ်များသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

မြစ်ရေလျှံတက်မှုကြောင့် ယင်းဒေသရှိ လူနှင့် တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**စိုးလင်းနိုင်** (IPRD)

## အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများပေးအပ်

**ပုလဲ ဩဂုတ် ၂**
နိုင်ငံတော်အစိုးရက အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းသည် ဇူလိုင် ၃၁ ရက်က ပုလဲမြို့ မြောက်ပိုင်းရပ်ကွက်နေ အဘွား ဒေါ်စောရှင်နှင့် တောင်ပိုင်းရပ်ကွက်နေ အဘိုး ဦးညိုတို့အား ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ နေထိုင်လျက်ရှိသော အသက် ၉၀ နှစ်နှင့်အထက် အဘိုး၊ အဘွား ၅၅ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၈၂၅၀၀၀နှင့် အသက် ၁၀၀ နှစ်နှင့်အထက် အဘိုး၊ အဘွား ငါးဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၀၀၀၀၀ ကို နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ဇူလိုင် ၃၁ ရက်မှ စတင်၍ အိမ်အရောက် ပေးအပ်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မင်းခန့်စိုး(ဓေယျာမြေ)**

## မန္တလေးတိုင်းဒေသကြီးအဆင့် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေး

**မန္တလေး ဩဂုတ် ၂**
မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ အက်ရှင်အေ့ဒ်မြန်မာနှင့် မဇ္ဈိမမီဒီယာတို့ ပူးပေါင်းကျင်းပသော မန္တလေးတိုင်းဒေသကြီးအဆင့် ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးမြတ်သူ၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ဌာနဆိုင်ရာများမှ ဘဏ္ဍာရေးတာဝန်ခံများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အက်ရှင်အေ့ဒ်မြန်မာမှဒါရိုက်တာ Mr.Shihab Uddin Abmad နှင့် တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူတို့က အမှာစကားပြောကြားပြီး မဇ္ဈိမမီဒီယာဒါရိုက်တာဒေါ်သင်းသင်းအောင်က ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဆွေက မန္တလေးတိုင်းဒေသကြီးအဆင့် ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းဖြစ်စဉ်နှင့် တိုင်းဒေသကြီးအစိုးရ၏အခန်းကဏ္ဍ၊ ဦးဝဏ္ဏထွန်းက မြန်မာနိုင်ငံ၏ရသုံးခန့်မှန်းခြေငွေစာရင်းဥပဒေ သုံးသပ်ချက်များ တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးအဆင့် ရသုံးမှန်းခြေငွေစာရင်းတွင် ပြည်သူဦးစားပေးလုပ်ငန်းများလျာထားရန်အတွက် လုပ်ဆောင်ခြင်းခေါင်းစဉ်ဖြင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးအောင်ဆွေ၊ စီးပွားရေးပညာရှင်ဦးဇင်အောင်၊ UNFPA မှ ဒေါ်ခင်ဇာနိုင်၊ Bank Imformation Center မှ ဦးဝဏ္ဏထွန်းတို့က ပြန်လည်သုံးသပ်ဆွေးနွေးကြကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## မြင်းခြံမြို့၌ စိုးရိမ်ရေမှတ်သို့ရောက်ရှိခါနီးသဖြင့် ရေဝင်သည့်အရပ်မှပြည်သူအချို့ရွှေ့ပြောင်း

**မြင်းခြံ ဩဂုတ် ၂**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့သည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာအနီးတွင် တည်ရှိပြီး နှစ်စဉ်မြစ်ရေဝင်ရောက်မှု ကြုံတွေ့ရလေ့ရှိသည်။ မြစ်ရေကြီးခြင်းကို နှစ်စဉ်ကြုံတွေ့ရလေ့ရှိသဖြင့် စိုးရိမ်မှုများမဖြစ်ကြသော်လည်း ရေဝင်ကျေးရွာများနှင့် ရပ်ကွက်အချို့၏ အနိမ့်ပိုင်းတွင် နေထိုင်ကြသူများသည် သွားလာရေးခက်ခဲလာသဖြင့် ရေလွတ်ရာဘုန်းတော်ကြီးကျောင်းအချို့နှင့် လမ်းဘေးနေရာများတွင် ယာယီတဲထိုး၍ပြောင်းရွှေ့နေထိုင်ကြသူများလည်း ရှိကြသည်။



မြင်းခြံမြို့၏ ရေဘေးအန္တရာယ်ဖြစ်စေသော စိုးရိမ်ရေမှတ် ၂၀၁၆ ခုနှစ် မှတ်သားမှုမှာ ၁၂၅၈ ဒသမ ၄ စင်တီမီတာဖြစ်ပြီး ဇူလိုင် ၃၁ ရက် မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၁၂၅၄ ဒသမ ၈ စင်တီမီတာသို့ ရောက်ရှိနေကြောင်းသိရသည် ။

စိုးရိမ်ရေအမှတ်သို့ ရောက်ခါနီးသဖြင့် ရေဝင်ကျေးရွာများနှင့် ရပ်ကွက်နေပြည်သူများအား ကူညီနိုင်ရန် ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မော်တော်ဖြင့်လှည့်လည် ကြည့်ရှုခဲ့ကြပြီး၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့များဖွဲ့စည်းခြင်း၊ ရေဘေးအန္တရာယ်အား သတိပြုရန် လိုက်လံနှိုးဆော်ခြင်းများ လုပ်ဆောင်နေကြောင်း၊ မြစ်ရေကြောင့် ဘေးအန္တရာယ်ပေါ်ပေါက်လာလျှင် နီးစပ်ရာတာဝန်ရှိသူများထံ အကြောင်းကြားပါက အလျင်အမြန်ချက်ချင်းဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိကြောင်းနှင့်ယခုအချိန်ထိ ရေဘေးအန္တရာယ်ကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်သေဆုံးပျက်စီးမှုမရှိကြောင်းသိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## မိုင်းပျဉ်းမြို့၌ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**မိုင်းပျဉ်း ဩဂုတ် ၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ အောက်ဈေးတန်းရပ်ကွက် ခရစ်ယာန်ဘုရားကျောင်း၌ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး(ယာယီ) ရဲမှူးစိုးလွင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးဝင်းနိုင်က လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေနှင့် ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး(ရုံးဦးစီး) ရဲအုပ်သန်းနိုင်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့ကို အသိပညာပေးဟောပြောခဲ့ကြောင် သိရသည်။

ယင်းနောက် တက်ရောက်လာကြသူများက မရှင်းလင်းသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့ကြောင်းသိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## ပျက်စီးနေသောတံတားအား အမြန်ဆုံးပြုပြင်ပေးစေလို

**နတ်တလင်း ဩဂုတ် ၂**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဇီးပင်ကွေ့ကျေးရွာအုပ်စု တာကျိုးကျောင်းကုန်းရွာနှင့် ရွှေကြာပင်ကျေးရွာအုပ်စု အောင်ပင်သာကျေးရွာအကြား ကိုယ့်အားကိုယ်ကိုး ပြုလုပ်ထားသောတံတားသည် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် မြတ်ကျောက်သယ်ယာဉ်ဖြတ်မောင်းရာမှ ခံနိုင်အားမရှိသဖြင့် တံတားကြမ်းခင်း အက်ကြောင်းဖြစ်ပြီး နိမ့်ကျသွား၍ တံတားအုတ်ပေါင်ပါ ကျိုးသွားကြောင်း သိရသည်။

တံတားမှာ ကွန်ကရစ်အမျိုးစားတံတားဖြစ်ပြီး အရှည်ပေ ၂၀ ခန့်၊ အကျယ် ၁၂ ပေရှိသည်။ တံတားမှာ တာပွန်မြို့နှင့် ပေါင်းတည်မြို့ကို ဆက်သွယ်သွားလာနိုင်သော အဓိကကျသည့် တံတားဖြစ်သည်။ ဒေသနေပြည်သူများအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် သွားလာမှုအခက်တွေ့နေရကြောင်း သိရသည်။

ထို့ကြောင့် ပတ်ဝန်းကျင်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အထက်အဖွဲ့အစည်းများက သက်ဆိုင်ရာယာဉ်ပိုင်ရှင်နှင့်ညှိနှိုင်းပြီး အမြန်ဆုံးဆောင်ရွက်ပေးစေလိုကြောင်း ဒေသနေပြည်သူများက ဆန္ဒရှိနေကြသည်။

**ဝ၇၁**

## မိုင်းယောင်း၌ ကျေးလက်လုပ်ငန်းများအတွက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့်မိတ်ဆက်

**မိုင်းယောင်း ဩဂုတ် ၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်းလုပ်ငန်း၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို တင်ဒါဆွဲဝယ်ရရှိသည့်ကုမ္ပဏီများနှင့် မိတ်ဆက်ခြင်းအခမ်းအနားကို ဩဂုတ် ၁ ရက်က ဗလမင်းထင်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းက တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် မိမိတို့ဆောင်ရွက်မည့်လမ်းလုပ်ငန်း၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ သတ်မှတ်စံနှင့်အညီ ဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်ကလည်း စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရန် အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမောင်မောင်သွင်က ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုလုပ်ငန်းအမျိုးအစားနှင့်ခွင့်ပြုရန်ပုံငွေအကြောင်းကို ဆွေးနွေးပြီး၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်မည့်အကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးများ တက်ရောက်ခဲ့ကြသည်။ ယင်းလုပ်ငန်းများကို ဒေသကုမ္ပဏီဖြစ်သည့် စိုင်းရှဲန်ရှက်အုပ်စုကုမ္ပဏီနှင့် အဖြူရောင်အနာဂတ်ကုမ္ပဏီတို့က တင်ဒါဆွဲဝယ်ရရှိခဲ့ကြောင်း သိရသည်။

**အားချာ(ပြန်/ဆက်)**

## ပြည်သူ့အသံ

### နောက်ဖေးလမ်းကြားအား ကျူးကျော်ဆောက်လုပ်ထား

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံတောင် (စံပြ)ရပ်ကွက် မင်္ဂလာသိဒ္ဓိလမ်းအနီး နိဗ္ဗာန်ကျောင်းလမ်းပေါ်ရှိ နေအိမ်တစ်လုံးသည် အိမ်နောက်ဖေးလမ်းကြားပေါ်တွင် ကျူးကျော်၍ သွပ်မိုးအခိုင်အမာ ဆောက်လုပ်ထားခြင်း၊ ပန်းကန်စင်စသည်တို့ကို အုတ်ဖြင့် အခိုင်အမာဆောက်လုပ်ခြင်း၊ အခြားလေးလံသော ပစ္စည်းများ ချထားခြင်း၊ နေ့စဉ် နံနက် ၅ နာရီခန့်မှစတင်၍ ကြော်လှော်ချက်ပြုတ်နေခြင်းကြောင့် ပတ်ဝန်းကျင်တွင် ညော်နံ့များဖြင့် မီးဘေးအန္တရာယ်နှင့်အတူ ကျန်းမာရေးထိခိုက်ရခြင်းမှာ နှစ် ၂၀ ကျော်ခဲ့ပါပြီ။

ဆရာစံ(တောင်) ရပ်ကွက်သည် ၁၉၇၉ ခု ဇန်နဝါရီ ၁၇ ရက်တွင် ရပ်ကွက်လုံးကျွတ်နီးပါး မီးအကြီးအကျယ်လောင်ခဲ့ပါသည်။ ထို့ကြောင့် ထိုစဉ်က စည်ပင်ဌာနက နောက်ဖေးလမ်းကြားများကို မီးသတ်ကားဝင်ရောက်ငြိမ်းသတ်နိုင်ရန် ရည်ရွယ်ပြီးပြန်လည်နေရာချထားပေးခဲ့ပါသည်။

ယခုကဲ့သို့ နောက်ဖေးလမ်းကြားကျူးကျော်၍ အခိုင်အမာ အခန်းဖွဲ့ထားခြင်း၊ ညော်နံ့ကြောင့် ဘေးပတ်ဝန်းကျင် သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်သည်ကို လျစ်လျူရှုခြင်းတို့မှာ ဆိုးရွားသော အန္တရာယ်ကြီးသော လုပ်ရပ်များ ဖြစ်ပါသဖြင့် စည်ပင်ဌာနမှ အမြန်ဆုံးပြုပြင်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေသူများ**

### ဆန်ပုပ်နံ့မခံနိုင်၊ ကျန်းမာရေးထိခိုက်

လှိုင်သာယာမြို့နယ် အမှတ် (၈)ရပ်ကွက် ပဒေသာ (၇)လမ်းနှင့် ပတ်လမ်းဘေးရှိ မုန့်ဖိုမှ ဆန်ပုပ်ခံထားရာမှ အနံ့ဆိုးများရပ်ကွက်အတွင်း မခံမရပ်နိုင်အောင် ပျံ့လွင့်နေပြီး အသက်ရှူကျပ်ရောဂါနှင့် အဆုတ်ရောင်ရောဂါများဖြစ်ပေါ်စေနိုင်သည့် ကျန်းမာရေးအန္တရာယ်နှင့်ကြုံတွေ့ထားနိုင်သဖြင့် (၂၁-၃-၂၀၁၆) ရက်နေ့မှ စပြီး ယနေ့ထိ လုပ်ငန်းအား ရွှေ့ပြောင်းပေးပါရန် ညှိနှိုင်းသော်လည်း ဆက်လက်လုပ်ကိုင်နေခြင်းကို သက်ဆိုင်ရာက စစ်ဆေးတားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

### အထပ်မြင့်အဆောက်အအုံ စစ်ဆေးပေးစေလို

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ် (၈) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် (၃၇၇/၃၈၃) (၂၉လမ်းနှင့် လမ်း ၃၀)ကြား တည်နေရာတွင် တည်ဆောက်လျက်ရှိသော ၁၂ထပ်ခွဲ အဆောက်အအုံမှာ မူလတည်ရှိပြီးဖြစ်သောနောက်ဖေးလမ်းကြား ငါးပေအကျယ်အဝန်းကို မူလအတိုင်း ချန်လှပ်ထားခြင်းမရှိဘဲ ဆောက်လုပ်ရန် ပြုလုပ်နေခြင်းအပေါ် တရားဝင်ကန့်ကွက်လွှာတင်သွင်းခြင်း၊ လမ်းကြား ငါးပေချန်ထားခြင်းမရှိခြင်း၊ အရေးပေါ်လှေကားအား တိုက်အတွင်း ထည့်သွင်းထားခြင်းမရှိဘဲ အဆိုပါ ငါးပေနေရာတွင် တည်ဆောက်ရန် ပြင်ဆင်ထားခြင်း၊ မီးစက်နှင့် Transformer များကို ကပ်လျက်ရှိသော အဆောက်အအုံနှင့်နီးကပ်စွာထားရှိခြင်း၊ ယခုအခါ အချိန်အခါမဟုတ် ညဥ့်နက်သည့်အချိန်များတွင် တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေခြင်း စသည့် အကြောင်းများကြောင့် စည်ပင်သာယာရေးနည်းဥပဒေ လုပ်ထုံးလုပ်နည်းများအရ သဘာဝဘေးအန္တရာယ်များ ဆောင်ရွက်ရာတွင် လွယ်ကူစေခြင်းကို အဟန့်အတားဖြစ်စေခြင်း၊ မီးစက်နှင့် Transformer များကို အဆိုပါနေရာတွင်ထားခြင်းကြောင့် ချိန်ခါမရွေး အန္တရာယ်ဖြစ်စေနိုင်ခြင်း၊ စွန့်ပစ်ပစ္စည်းရှင်းလင်းဆောင်ရွက်ရာနှင့် မိလ္လာကန်ရှင်းလင်းရာတွင် ခက်ခဲစေခြင်းစသည့် အကြောင်းအရာများကြောင့် အလေးထားစိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

### အန္တရာယ်ရှိသော ရှုပ်ထွေးလျှပ်စစ်မီးကြိုးများ ရှင်းလင်းပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် အနောက်ဘက် ဇီဇဝါလမ်းထိပ်နှင့် ပိတောက်လမ်းအတွင်းရှိ လျှပ်စစ်ဓာတ်တိုင်တွင် သွယ်တန်းထားသော လျှပ်စစ်မီးကြိုးများသည် ရှုပ်ထွေးများပြား၍ ယခုမိုးတွင်းအခါတွင် မိုးသည်းထန်စွာရွာခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် အိမ်များသို့ သွယ်တန်းထားသော လျှပ်စစ်မီးကြိုးများသည် အောက်သို့လျှောကျလာခြင်းကြောင့် ထိုလျှပ်စစ်မီးတိုင်သို့ သွယ်တန်းထားသော ကြိုးများနှင့် လျှပ်စစ်ဓာတ်တိုင်အောက်မှ နေ့စဉ်သွားလာနေကြသော သက်ကြီးရွယ်အိုများ၊ အလုပ်သွားအလုပ်ပြန်များနှင့် ကျောင်းသား ကျောင်းသူများ လျှပ်စစ်အန္တရာယ်နှင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသောကြောင့် ထိုရှုပ်ထွေးလျှပ်စစ်မီးကြိုးများကို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**လျှပ်စစ်အန္တရာယ်စိုးရိမ်သူ**

### မလှိုင်မြို့လွှတ်လပ်ရေးပန်းခြံအတွင်း ယာဉ်ရပ်နားမှု ရှင်းလင်းပြီး

(၂၃. ၆. ၂၀၁၆) ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ (၁၈) ပါ မလှိုင်မြို့ လွှတ်လပ်ရေးပန်းခြံအတွင်း ဈေးနေ့ရက်တိုင်း ယာဉ်များရပ်နားမှုအား မလှိုင်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဇူလိုင် ၅ ရက်မှစ၍ ယာဉ်များ ရပ်နားမှုအား ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မလှိုင်စည်ပင်**

### လူနေရပ်ကွက်အတွင်းရှိ သံဖြတ်စက်ရုံအား ရှင်းလင်းဖယ်ရှားပေးစေလို

တောင်ဥက္ကလာပမြို့နယ် ၁၃ရပ်ကွက် မင်္ဂလာလမ်းမပေါ်ရှိ နေအိမ်တစ်ခုတွင် နေ့ညမရွေးသံချောင်းကြီးများကို ဖြတ်/ဆက်စီးပွားဖြစ်လုပ်ငန်း လုပ်ကိုင်နေရာ ကျောက်စက်မှ အညော်နံ့များ၊ သံထည်ပစ္စည်းများကို ဖြတ်ရာမှ ထွက်ပေါ်လာသော ဆူညံသံများ၊ အလုပ်သမားများ၏ ထုရိုက်ပြုပြင်သံများ၊ မီးစက်ကြီးမောင်းရာမှ ထွက်ပေါ်လာသော ဆူညံသံနှင့် မီးခိုးအနံ့များကြောင့် ပတ်ဝန်းကျင်နေ သက်ကြီးရွယ်အိုများ၊ ကလေးများနှင့် ကျောင်းသားများမှာ ကျန်းမာရေးထိခိုက်လျက်ရှိပါသည်။

လူနေရပ်ကွက်အတွင်း ခွင့်ပြုမိန့်မရဘဲ ဆူညံသံများ၊ ညော်နံ့များနှင့် ပတ်ဝန်းကျင်ကို စိတ်အနှောင့်အယှက်ပေးနေသော ၎င်းသံဖြတ်စက်ရုံကို အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

### ချောင်းကူးတံတားပြုပြင်ပေးစေလို

ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ် ချောင်းဝိုင်းကြီးကျေးရွာရှိ တောင်ဘက်လမ်းနှင့် မြောက်ဘက်လမ်းသို့ ဆက်သွယ်ပေးသော ချောင်းကူးတံတားသည် ပျက်စီးယိုယွင်းနေပါသဖြင့် အဆိုပါ တံတားကို အသုံးပြု၍ သွားလာနေကြသူများ အန္တရာယ်ဖြစ်ပွားနိုင်သည့်အတွက် အဆိုပါတံတားအား သက်ဆိုင်ရာတာဝန်ရှိသူများမှ အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း။

**တင်မောင်ဦး(အလုံ)**

## မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲ ၂၀၁၆ အား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂**

မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များ အသင်းတို့မှ ပူးပေါင်းကျင်းပမည့် မြန်မာအင်တာ နေရှင်နယ် ပရိဘောဂပြပွဲ ၂၀၁၆ (MYANMAR TNTERNATIONAL FURNITURE EXPO -2016) အား ဩဂုတ် ၁၁ ရက်မှ ၁၄ ရက်ထိ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြသသွားမည်ဖြစ်သည်။




အဆိုပါပြပွဲကျင်းပခြင်းဖြင့် မြန်မာနိုင်ငံအတွင်းအောင်မြင်လျက်ရှိသော ပရိဘောဂလုပ်ငန်းရှင်များနှင့်အခြေခံလုပ်ငန်းငယ်များလုပ်ဆောင်နေကြသော ပရိဘောဂလုပ်ငန်းရှင်များအတွက်ပိုမိုကျယ်ပြန့်အောင်မြင်လာစေခြင်း၊ ပရိဘောဂလုပ်ငန်းများအား ခေတ်နှင့် လျော်ညီစွာပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ နိုင်ငံအတွင်းရှိ ပြည်သူများမှ မိမိတို့နိုင်ငံထွက်ကုန်ပစ္စည်းများအား ဝယ်ယူခြင်းဖြင့် နိုင်ငံခြားသုံးစွဲငွေများလျော့နည်းသွားပြီး ပြည်သူများအတွက်လည်း နိုင်ငံအတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေခြင်း၊ အသေးစားပရိဘောဂလုပ်ငန်းရှင်များမှာလည်း အကြီးစားပရိဘောဂလုပ်ငန်းရှင်ကြီးများဖြစ်ပေါ်ခြင်းဖြင့် နိုင်ငံတော်အတွက်ဝင်ငွေတိုးကာ ပိုမိုအကျိုးရှိစေခြင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်သူက ပြောသည်။

"ပြပွဲမှာပြသကြမယ့်စက်ရုံ ကုမ္ပဏီများကတော့ အထူးလျှော့ဈေးတွေနဲ့ ခင်းကျင်းပြသ ရောင်းချကြပါလိမ့်မယ်။ ပြပွဲလာပြည်သူတွေကလည်း မိမိကြိုက်နှစ်သက်ရာပရိဘောဂပစ္စည်းတွေကို တစ်နေရာတည်းမှာ ဈေးနှုန်းချိုသာစွာနဲ့ ဝယ်ယူနိုင်ကြမှာဖြစ်ပါတယ်။ ထူးခြားချက်ကတော့ ဒီနှစ်နိုဝင်ဘာလမှာ မြန်မာနိုင်ငံရဲ့ပရိဘောဂကဏ္ဍတွေကတိုးတက်ပြောင်းလဲမှုတွေဖြစ်လာတော့မှာပါ။ အာဆီယံမှာရှိတဲ့နိုင်ငံတွေပါဝင်တဲ့ အာဆီယံ FURNITURE INDUSTRY COUNCIL ဆိုတာရှိပါတယ်။ အဲဒီ အဖွဲ့အစည်းဟာ နှစ်နှစ်ကို တစ်ကြိမ်နှုန်းနဲ့ အာဆီယံပရိဘောဂကောင်စီရဲ့ ဥက္ကဋ္ဌနေရာကို အလှည့်ကျတာဝန်ယူပြီး လုပ်ဆောင်ရပါတယ်။ ဒီနှစ်အတွက်ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံက အာဆီယံပရိဘောဂကောင်စီရဲ့ဥက္ကဋ္ဌနေရာကိုအလှည့်ကျတာဝန်ယူပြီး လုပ်ဆောင်ရပါတော့မယ်။ ဒါကြောင့် "ကျွန်တော်တို့အနေနဲ့ ပြည်တွင်းမှာရှိနေတဲ့ ပရိဘောဂလုပ်ငန်းတွေကို တိုးတက်အောင် လုပ်ဆောင်ဖို့ရှိပါတယ်။ ပြီးတော့ ကျွန်တော်တို့အသင်းတွေအနေနဲ့ ဇူလိုင်လထဲမှာပဲ မြန်မာ့ပရိဘောဂစက်မှု လက်မှုကောင်စီ (Myanmar Furniture Industry Council)ကိုဖွဲ့စည်းလိုက်ပြီး တရားဝင်မှတ်ပုံတင်ဖို့အတွက် လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့ မြန်မာ့ပရိဘောဂစက်မှုလက်မှုကောင်စီ အနေနဲ့လည်း ပရိဘောဂဇုန်တစ်ခုထူထောင်ပြီး ပရိဘောဂကဏ္ဍကိုဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်တော့မှာပါ။ နောက်ပိုင်းကာလမှာ ပြုလုပ်မယ့်ပြပွဲတွေကို အပြည်ပြည်ဆိုင်ရာပြပွဲများ ပြုလုပ်ပြီး အခြားနိုင်ငံများမှ နိုင်ငံခြားသားပြသသူတွေနဲ့ ထုတ်လုပ်သူများကို ဖိတ်ကြားတော့မှာပါ" ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းနှင့်သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းကျင်းပသော ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်ထိ တတိယအကြိမ် ပြသခဲ့သည့် ပရိဘောဂပြပွဲ၌လည်း ဝင်ရောက်ကြည့်ရှုကြသော ပြပွဲလာပြည်သူများ စည်ကားများပြားခဲ့ကြောင်း**(အပေါ်ပုံ)**၊ ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီတွင် စတင်ပြသမည့် စတုတ္ထအကြိမ်မြောက်ပြုလုပ်မည့် ပရိဘောဂပြပွဲ၌လည်း ကုမ္ပဏီပေါင်း ၄၄ ခုမှ ပြခန်းပေါင်း ၁၆၆ ခန်းဖြင့် ပရိဘောဂပစ္စည်းများအား ထည့်သွင်းပြသသွားမည်ဖြစ်ပြီး ပြပွဲသို့ ပြည်သူ ၁၀၀၀၀ ဝန်းကျင် နီးပါးအထိ လာရောက်မည့်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**စိုးဝင်း(MLA)**

## မြစိမ်းရောင် ကော်မတီဝင်များနှင့် တွေ့ဆုံ၍စီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိမှုလုပ်ငန်းများ စစ်ဆေး

**သရက် ဩဂုတ် ၂**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးရဲခေါင်နှင့်အတူ သရက်ခရိုင် ဦးစီးမှူး ဦးအောင်ကြီး၊ မြို့နယ်ဦးစီးမှူးတို့က ကံမမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများဖြစ်သော သပြင်ဆောင်ကျေးရွာနှင့် ကျောက်စောင်းကျေးရွာတို့အား ကွင်းဆင်း၍ မြစိမ်းရောင်စီမံကိန်းဝင်များနှင့် တွေ့ဆုံ၍ စီမံကိန်းဝင်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို ဇူလိုင် ၂၆ ရက်တွင် သွားရောက်ဆောင်ရွက်ခဲ့ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် သပြင်ဆောင်ကျေးရွာနှင့် ကျောက်စောင်းကျေးရွာရှိ မြစိမ်းရောင် စီမံကိန်းဝင်ကော်မတီများနှင့် တွေ့ဆုံရာတွင် ကော်မတီဝင်များကမိမိကျေးရွာတွင် ဆောင်ရွက်ထားရှိမှု လုပ်ငန်းများကို တင်ပြဆွေးနွေးပေးခဲ့ရာ ဒုတိယညွှန်ကြားရေးမှူး ဦးရဲခေါင်က တင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်၍ အကြံပေးဆွေးနွေးခဲ့ပြီး ဆောင်ရွက်ထားသည့် မွေးမြူရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် ညောင်ကိုင်းကျေးရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မူလခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တစ်ဖက်ပိတ်ဆည် တူးဖော်ခြင်းလုပ်ငန်းအား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်စွက်၍ မှာကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## လူထုဗဟိုပြုစီမံကိန်းဖြင့် ကျေးရွာရိစာလမ်းဖွင့်

**လယ်ဝေး ဇူလိုင် ၂၉**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းဖြင့် ကျေးရွာပြည်သူများကိုယ်တိုင်ပါဝင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာတွင် ရိစာလမ်းဖွင့်ပွဲကို ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဦးစီးမှူး ဦးကိုကိုနိုင်က လူထုဗဟိုပြုစီမံကိန်းဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးပြီး သဲကောကြီးကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီအဖွဲ့ဝင်တစ်ဦးကကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် သဲကောကြီးကျေးရွာရိစာလမ်းကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယနေ့ဖွင့်လှစ်သည့် ရိစာလမ်းမှာ အရှည်ပေ ၉၅၅၀ ရှိပြီး ငွေကျပ် ၂၂၈ သိန်း အကုန်အကျခံကာ ကျေးရွာပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**မြို့နယ် (ပြန်/ဆက်)**

# ဆိတ်မွေးမြူရေးအကြောင်း တစေ့တစောင်း



**ဓါ** ဒေါက်တာခင်စန်းမော်

လူတို့ မွေးမြူကြသော မွေးမြူရေး တိရစ္ဆာန်များထဲတွင် အသား၊ နို့၊ သားရေနှင့် အမွေးတို့ သာမက စွန့်ပစ်လိုက်သော အညစ်အကြေးကိုပင် လူတို့အတွက် အကျိုးရှိအောင် သုံးစွဲနိုင်သော တိရစ္ဆာန်ကို ပြပါဟု ဆိုလျှင် 'ဆိတ်သတ္တဝါ' ကို ပြရပေလိမ့်မည်။

ဆိတ်များကို 'သူဆင်းရဲ၏ နို့စားနွားမ' (Poorman's cow) ဟု တင်စားခေါ်ဝေါ်ကြသည် လူသားတို့ အသုံးပြုရန် မွေးမြူကြသော တိရစ္ဆာန်များအနက် ဆိတ်သည် ပထမဆုံး မွေးမြူရေး တိရစ္ဆာန် ဖြစ်သည်ဟု ယူဆကြပါသည်။ မူလ အစက လူသားတို့နှင့် လက်ပွန်းတတီးရှိသော အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူခဲ့ကြပုံ ရှိသော်လည်း သူတို့သည် အရိုင်းစိတ်သို့ အလွယ်တကူ ကူးပြောင်းတတ်သောကြောင့် မွေးမြူရေး တိရစ္ဆာန်အဖြစ်သာ သတ်မှတ်ခဲ့ကြသည်။

ကမ္ဘာပေါ်တွင် အရှေ့တောင်အာရှ အရှေ့ဥရောပနှင့် အမေရိကတို့၌ ဌာနေရှိ တောရိုင်းဆိတ်များကို ဖမ်းဆီးပြီး မွေးမြူခဲ့ကြခြင်းဖြစ်ကာ ဩစတြေးလျတိုက်မှာ မွေးမြူကြသော ဆိတ်မျိုးနွယ်ဝင်များကား အခြားဒေသမှ ဆိတ်များကို သယ်ဆောင်ယူလာပြီး မွေးမြူထားကြခြင်း ဖြစ်သည်။

ဆိတ်မျိုးနွယ် (Caprine) တွင် ထင်ရှားသော ဆိတ်အမျိုးအစား ၃၀၀ ကျော်ရှိပြီး ၂၀၁၁ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး၏ မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် ဆိတ်ကောင်ရေ ၉၂၄ သန်းရှိသည်ဟု သိရှိရသည်။

ဆိတ်များသည် ရှေးအကျဆုံး မွေးမြူရေး တိရစ္ဆာန်ဖြစ်ပြီး ဆိတ်၏နို့ကိုဖြစ်စေ၊ အသားကိုဖြစ်စေ၊ အမွေးနှင့် အရေပြားကို ဖြစ်စေ၊ လူသားတို့အတွက်အသုံးပြုခဲ့ကြပါသည်။ ဆိတ်ရိုင်းကို ယဉ်ပါးအောင် မွေးသည်။ ဆိတ်နို့၊ ဆိတ်သားကိုစားသုံးသည်။ ဆိတ်ချေးကို လောင်စာအဖြစ် အသုံးပြုပြီး အရိုး၊ အမွေး၊ အရေပြားနှင့် အရွတ်တို့ကို အဝတ်အစားအဖြစ်သော်လည်းကောင်း၊ နေထိုင်ရန် အဆောက်အအုံ ဆောက်လုပ်ရာတွင် သော်လည်းကောင်း၊ ကိရိယာ တန်ဆာပလာ ပြုလုပ်ရာတွင်သော်လည်းကောင်း အသုံးပြုခဲ့ကြသည်။ ခရီးသွားသည့်အခါ ရေဘူးနှင့် ဝိုင်အရက်ဘူးများကို သယ်ဆောင်ရန် ဆိတ်သားရေကို အသုံးပြုကြသည်။ ထိုခေတ်က အသုံးပြုခဲ့သော ဆိတ်သားရေစာလိပ်များ၊ မြေပုံများအားရှေးဟောင်းပစ္စည်းအဖြစ်တွေ့နိုင်သည်။

အီရန်နိုင်ငံ၌ ကျောက်ဖြစ်ရုပ်ကြွင်းများကို သုတေသန လုပ်သောအခါ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀၀ ခန့်ကတည်းက ဆိတ်မွေးမြူရေး ရှိခဲ့ကြောင်း အထောက်အထားများ တွေ့ရှိခဲ့၏။ အာရှအနောက်ပိုင်း ဒေသများတွင် လွန်ခဲ့သော နှစ်ပေါင်း ၈၀၀၀-၉၀၀၀ ခန့်မှ မွေးမြူခဲ့ကြသည်ဟု သုတေသန မှတ်တမ်းများက ဆိုပါသည်။

ဩစတြေးလျတိုက်သို့ ပထမဆုံးအကြိမ်အဖြစ် ဆိတ်များရောက်ရှိလာခဲ့စဉ်က အကြောင်း အမျိုးမျိုးကြောင့် မိခင်၏ နို့ရည်ကို သဘာဝအတိုင်း သောက်သုံးခွင့် မရသည့် ကလေးငယ်များအား ဆိတ်နို့တိုက်၍ ပြုစုစောင့်ရှောက်ခဲ့ကြသည်။ နို့ဘူးနှင့် နို့သီးခေါင်းများ မပေါ်သေးမီအချိန်၌ ဆိတ်၏နို့တံမှ တိုက်ရိုက် စို့စေခြင်း၊ ဆိတ်နို့ထဲမှာ အဝတ်စအပိုင်းကိုနှစ်ပြီး ထိုအဝတ်စမှ တစ်ဆင့် စို့စေခြင်းကိုလည်း ပြုခဲ့ကြသည်။

ဆိတ်ကို အခြားတိရစ္ဆာန်များနှင့် နှိုင်းယှဉ်လျှင် ကျန်းမာရေးအလွန်ကောင်းသော တိရစ္ဆာန်ဖြစ်သည်ဟု ကျော်ကြားပါသည်။ ယခု မျက်မှောက်ခေတ်၌ အခြားမွေးမြူရေး တိရစ္ဆာန်များလိုပင် ဆိတ်များမှာလည်း ကူးစက်ရောဂါများ ကျရောက်တတ်ကြောင်း သိရှိလာကြသော်လည်း စနစ်တကျပြုစုစောင့်ရှောက်မွေးမြူပါက 'ကျန်းမာရေးကောင်းသော တိရစ္ဆာန်' ဆိုသည့် ဂုဏ်သတင်းကို ဆက်လက် ထိန်းသိမ်းထားနိုင်ဆဲ ဖြစ်သည်။

ရေခဲသေတ္တာ မပေါ်သေးမီ သင်္ဘောဖြင့် ခရီးသွားကြသူများသည် လတ်ဆတ်သော နို့ကို သောက်သုံးရန်အတွက် ဆိတ်များကို သယ်ဆောင်သွားလေ့ ရှိကြသည်။ ဆိတ်နို့ကို လတ်လတ်ဆတ်ဆတ် သောက်သုံးရန်အပြင် သင်္ဘောပေါ်မှာ ဆိတ်များတစ်ခုခုဖြစ်ပါက အသားစားရန် ရည်ရွယ်ချက်နှင့် ခေါ်ဆောင်သွားကြသော်လည်း အံ့ဩစရာကောင်းလောက်အောင် ကျန်းမာသန်စွမ်းစွာ လိုက်ပါနိုင်သည်ကို တွေ့ရှိရသည်။

ပထမကမ္ဘာစစ်အတွင်းက ဂျာမန် စစ်သင်္ဘော Emden ကို ဖမ်းဆီးရမိခဲ့ရာ နို့လိုအပ်ချက်အတွက် ဆိတ်များသယ်ဆောင်လာခဲ့ကြောင်းတွေ့ရသည်။ ထိုဆိတ်များသည် မျက်စိအပြာရောင်ရှိသော Saanen ဆိတ်မျိုးများဖြစ်ပြီး ထိုဆိတ်များမှ ဆင်းသက်လာသော မျိုးနွယ်များကို ဩစတြေးလျနိုင်ငံတွင် ၁၉၅၀ ပြည့်နှစ်များထိ တွေ့ရှိနိုင်ပေသည်။

ရောဂါဖြစ်ပွားရခြင်း အကြောင်းရင်းနှင့် ရောဂါပျံ့နှံ့ပုံကို သိလာသည်နှင့်အမျှ ကာကွယ်ထိန်းချုပ်ရေးဥပဒေများ မပြဋ္ဌာန်းခင် အချိန်အထိ ကမ္ဘာပေါ်ရှိ နေရာဒေသအမျိုးမျိုး၊ ဇာတိအမျိုးမျိုးမှ ဆိတ်များကို အခြားနေရာဒေသ အသီးသီးသို့ သင်္ဘောနှင့် ယူဆောင်တင်သွင်းခဲ့ကြသည်။ အထူးသဖြင့် ဒေသခံဆိတ်မျိုးနွယ်များ မရှိသည့် ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သို့ အများဆုံး သယ်ဆောင်လာခြင်းဖြစ်နိုင်သည်။

နို့စားဆိတ် အများစုတို့သည် ဥရောပရှိ တောင်တန်းများမှ ရရှိလာသော တောင်ဆိတ်များဖြစ်ကြပြီး ယင်းမျိုးနွယ်တို့သည် Saanen၊ Toggenburg နှင့် French Alpine မျိုးများအဖြစ် ထင်ရှားကျော်ကြားသည်။ Cashmere နှင့် Angora ဆိတ်များ၏ ကွာခြားမှုကို ၁၉၀၃ ခုနှစ် နောက်ပိုင်းကျမှ သိရှိလာကြသည်။ အရှေ့တိုင်းဒေသရှိ ဆိတ်မျိုးနွယ်များနှင့် သွေးနှောရာမှ ရရှိလာသော Nubian ဆိတ်မျိုးတို့သည် နို့ပေးသော ကာလရှည်ကြာမှုနှင့် နို့ထွက်နှုန်း မြင့်မားမှုတို့ကြောင့် ကမ္ဘာပေါ်တွင် အကောင်းဆုံး နို့စားဆိတ်အဖြစ် သတ်မှတ်ခြင်းခံရသည်။

### အမွေးအတွက် ဆိတ်များ

အသားစားရန် ရည်ရွယ်ချက်နှင့် သင်္ဘောပေါ်တွင် သယ်ဆောင်လာသော ဆိတ်များအနက် အမွေးထုတ်လုပ်နိုင်သော ဆိတ်များသည်လည်း ကမ္ဘာအနှံ့သို့ ရောက်ရှိသွားခဲ့ကြသည်။ ထိုအထဲတွင် Angora နှင့် Cashmere ဆိတ်များ ပါဝင်သည်။ ယင်းတို့သည် ရှည်လျားပြီး နောက်သို့ကွေးကာ လိမ်နေသည့် ဆိတ်ချိုများနှင့် ပိုးသားကဲ့သို့ အလွန် နူးညံ့သော ဆိတ်မွေးများကို ပိုင်ဆိုင်သည်။ သမ္မာကျမ်းစာ မပေါ်ထွန်းသေးခင်ခေတ်ကပင် ဆိတ်မွေးများကို ခန်းဆီးလိုက်ကာနှင့် တဲများ၊ ဘုရားကျောင်းရှိ ပရိဘောဂများ ပြုလုပ်ရာတွင် အသုံးပြုခဲ့ကြသည်။ ဆိတ်သားရေနှင့် အဝတ်အစားချုပ်လုပ်ခြင်း၊ အရည်များထည့်၍ သယ်ဆောင်ခြင်းတို့ကိုလည်း တွင်ကျယ်စွာ အသုံးပြုခဲ့သည်။

### Cashmere နှင့် Angora မူလမျိုးရိုးများ

အန်ဂိုရာဒေသသည် ကြမ်းတမ်း မတ်စောက်သော တောင်တန်း ထူထပ်သည့် ဒေသဖြစ်ပြီး ဆောင်းတွင်းဘက်တွင် အလွန့်အလွန် အေးသည်။ နွေဘက်တွင် ၉၅ ဒီဂရီဖာရင်ဟိုက်အထက်ရှိပြီး မိုးရေချိန် ပျမ်းမျှ ၈ လက်မသာ ရှိသည်။ ၁၈၇၀ ပြည့်နှစ်များတွင် တူရကီနိုင်ငံမှာ ရိုက်ထားသော ဓာတ်ပုံများ၌ ဆိတ်များသည် အရွယ်အစား သေးငယ်ပြီး မျက်နှာပေါ်မှာ အမွေးများမရှိ။ ခန္ဓာကိုယ်ပေါ်တွင် အမွေးများစွာ ဖုံးလွှမ်းနေသည်။ ထိုအချိန်က တူရကီသို့ ခရီးလှည့်လည် သွားဖူးသော ခရီးသည်များက ထိုဒေသရှိ ခွေး၊ ကြောင်၊ သိုး၊ ဆိတ် တို့သည် ပိုးသားကဲ့သို့ နူးညံ့ပျော့ပျောင်းသော အမွေးများရှိကြောင်း မှတ်တမ်းတင်ခဲ့ကြပါသည်။ အခြားနေရာဒေသသို့ ရောက်သောအခါ ရာသီဥတုနှင့် နေရာဒေသပေါ် မူတည်ပြီး သူတို့၏အမွေးများ ပါးသွားကြသည်။

၁၉ ရာစု အလယ်ပိုင်းတွင် အမေရိကန်နိုင်ငံမှ ဒေါက်တာဒေးဗစ်ကို တူရကီနိုင်ငံသို့ စေလွှတ်ပြီး ဝါစိုက်ပျိုးရေးမှာ အကူအညီပေးစေသောအခါ စူလတန် ဘုရင်မင်းမြတ်က ဒေးဗစ်ကို ချီးမြှောက်သည့် အနေနှင့် မျိုးစစ်မျိုးမှန် တိဗက်ဆိတ်တစ်ကောင်ကို ဆုအဖြစ် ပေးသနားခဲ့သည်။ ယင်းသည် ကက်ရှ်မီးယား (Cashmere) ဆိတ် ဖြစ်သည်။ ဒေးဗစ်သည် ဘုရင်မင်းမြတ်က ဆုအဖြစ် ချီးမြှင့်ခဲ့သော ကက်ရှ်မီးယား ဆိတ်ထီးတစ်ကောင်နှင့် အန်ဂိုရာ (Angora) ဆိတ်တစ်အုပ်ကို အမေရိကသို့ ယူဆောင်လာခဲ့သည်။ ထိုဆိတ်များ၏ အမွေးကို ရှောစောင်အဖြစ် ရက်ခဲ့ရာ Paisley Shawl များအဖြစ် နာမည်ကျော်ကြားခဲ့ပါသည်။ ထိုရှောစောင်များသည် အလွန် နူးညံ့သောကြောင့် လက်စွပ်ကွင်းအတွင်းသွင်းပြီး တစ်ဖက်မှဆွဲလျှင် အသာအယာ ဆွဲထုတ်ယူနိုင်သည်ဟုပင် ဆိုကြပါသည်။

ဆိတ်မများကို 'Does' 'Nannies' ဟု ခေါ်ကြပြီး ဆိတ်သိုးများကို 'Bucks' 'Rams' ဟု ခေါ်ကြသည်။ ဆိတ်ကလေးများကို kids ဟုခေါ်ပြီး သင်းကွပ်ထားသော ဆိတ်ထီးများကို 'Wethers' ဟု ခေါ်ကြပါသည်။

ဆိတ်များသည် နွား၊ ကုလားအုတ်၊ မြင်းများနှင့် နှိုင်းယှဉ်လျှင် အရွယ်အစား သေးငယ်သော မွေးမြူရေး တိရစ္ဆာန်များ ဖြစ်သည်။ ဆိတ်အမျိုးအစား တစ်ခုချင်းစီကို လိုက်၍ ကိုယ်အလေးချိန် သတ်မှတ်ချက် သီးသန့်စီ ရှိပါသည်။ ဥပမာ၊ ခန္ဓာကိုယ် အရွယ်အစားကြီးမားသော Boer ဆိတ်များ၏ ကိုယ်အလေးချိန်သည် ၁၄၀ ကီလို (၃၀၀ ပေါင်) အထက်ရှိပြီး အရွယ်အစားသေးငယ်သော ဆိတ်မျိုးတို့တွင် ကိုယ်အလေးချိန်က ၂၀-၂၇ ကီလို (၄၅-၆၀ ပေါင်) သာရှိသည်။ African Pygmy ဟုခေါ်သော ဆိတ်ပုမျိုးတို့တွင် ပခုံးထိ အမြင့်မှာ ၄၁-၅၈ စင်တီ (၁၆-၂၃ လက်မ) သာ ရှိကြသည်။

ဆိတ်များသည် စားမြုံ့ပြန် သတ္တဝါဖြစ်ပြီး အစာအိမ်လေးခုပါသည်။ နို့အုံမှာ နို့တံနှစ်ခုသာပါသည်။ (ခြွင်းချက် နို့တံ ရှစ်ခု အထိပါသော Boer ဆိတ်မျိုးလည်း ရှိပါသည်) သူတို့သည် မုတ်ဆိတ်မွေးပါသော တိရစ္ဆာန်ဖြစ်သည်။ မျိုးရိုးဗီဇနှင့် အာဟာရ ပြည့်ဝမှု အခြေအနေပေါ်မူတည်ပြီး အသက် ၃-၁၅ လအတွင်း အရွယ်ရောက်တတ်ကြသည်။ မွေးမြူရေး သမားအများစုတို့သည် အရွယ်ရောက် ဆိတ်မ၏ ကိုယ်အလေးချိန် ၇၀ ရာခိုင်နှုန်း မရောက်မချင်း သားမစပ်ဘဲ စောင့်ဆိုင်းလေ့ရှိကြသည်။ အပူပိုင်းဒေသမှာမွေးသော ဆိတ်များသည် တစ်နှစ်တာ၏ မည်သည့်အချိန်မဆို မြိုင်ပေါ်နိုင်ပြီး သားစပ်နိုင်သည်။

ကိုယ်ဝန်ဆောင်သော ကာလမှာ ရက် ၁၅၀ ခန့် ကြာမြင့်တတ်သည်။ အနည်းဆုံး နှစ်ကောင်မွေးလေ့ရှိပြီး တစ်ကောင် သို့မဟုတ် သုံးကောင်လည်း ပေါက်တတ်သည်။ ဆိတ်အမျိုးအစား၊ အသက်နှင့် အစာပုံစံတို့ပေါ်လိုက်ပြီး နို့ထွက်နှုန်း ကွာခြားလေ့ ရှိပါသည်။

ဆိတ်များသည် မည်သည့်အရာကိုမဆို စားလိုသည့် စိတ်ရှိသည်။ ထို့ကြောင့်ပင် 'ဆိတ်ပါးစပ်လိုပဲ' ဟု တင်စားပြောကြခြင်း ဖြစ်သည်။ သူတို့သည် အလူမီနီယမ်ဘူးများ၊ စက္ကူကတ်ထူပုံးများကိုပါ စားလိုတတ်သည်။ နွားများ၊ သိုးများနှင့် မတူဘဲ အရာရာတိုင်းကို အရသာခံပြီး ကိုက်ဝါးစားသောက်တတ်သည်။ စားကြွင်းစားကျန်များနှင့် ပုပ်သိုးနေသော အစားအစာများသည် သူတို့၏ စူးစမ်းလိုစိတ်ကို နှိုးဆွနိုင်ပေသည်။

သူတို့သည် သစ်ပင်၊ သစ်ခေါက်၊ ချုံပုတ်၊ အရွက်၊ အစေ့မှန်သမျှ စားလေ့ရှိသည်။ ကောက်ရိုးခြောက်၊ မြက်ခြောက်နှင့် ဆူးပင်တို့ကိုလည်း စားနိုင်သည်။ သို့သော် မြက်ချဉ်ဖတ်ထဲမှာ ပါသော Listeria ဘက်တီးရီးယားကို ဆိတ်က ခံနိုင်ရည်မရှိပေ။ ထို့ပြင် အစာထဲမှာပါသော မှိုများသည်လည်း ဆိတ်ကို နာမကျန်းဖြစ်စေတတ်သည်။

အရွယ်ရောက်ဆိတ်များ၏ အရွယ်အစားသည် မျိုးရိုးဗီဇနှင့် အာဟာရဓာတ် ပြည့်မီအောင် ကျွေးမွေးမှုအပေါ် များစွာမူတည်နေပါသည်။ အရွယ်မရောက်ခင် အချိန်မှာ ပရိုတင်း ၁၀-၁၄ ရာခိုင်နှုန်း ပိုမိုပါဝင်သော အစာကို ကျွေးထားပါက ကြီးထွားနှုန်း ပိုမိုမြင့်မားကြောင်း တွေ့ရသည်။ အရိုးအဆစ်နှင့် ခန္ဓာကိုယ် အရွယ်အစား ကြီးမားသော ဆိတ်များသည် အရွယ်ရောက်ချိန် နောက်ကျတတ်သည်။ အသက် ၃၆-၄၂ လ ရောက်မှ အရွယ်ရောက်ကြသည်။

ဆိတ်များသည် အလွန်စပ်စုတတ်၊ စူးစမ်းတတ်သကဲ့သို့ ဉာဏ်ရည်ထက်မြက်သည့် သဘာဝလည်းရှိသည်။ ပတ်ဝန်းကျင်မှာ တစ်စုံတစ်ရာထူးခြားလျှင် ချက်ချင်း နိုးကြားလာတတ်သည်။ သူတို့၏ အပေါ်နှုတ်ခမ်းနှင့် လျှာကို အသုံးပြုပြီး အသစ်အဆန်း တစ်ခုခုကို ကိုက်ဝါးကြည့်တတ်ကြသည်။ လွတ်လပ်စွာ လွှတ်ကျောင်းခံရပါက အစုအဖွဲ့နှင့် မနေဘဲ တကွဲတပြားစီ လျှောက်သွားတတ်လေ့ရှိသည်။

ဆိတ်သည် အလွန်ကျန်းမာရေး ကောင်းသော၊ အကြမ်းခံနိုင်သော တိရစ္ဆာန် ဖြစ်သောကြောင့် ဆေးကုသမှုပေးရန်များစွာ မလိုအပ်ပေ။ ဆိတ်များတွင် ကျရောက်တတ်သော ရောဂါများမှာ အဆုတ်ရောင်ခြင်း၊ ခွာပုပ်နာ၊ သန်ကောင်ရောဂါများ၊ ကိုယ်ဝန်အဆိပ်တက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ ဗိုင်းရပ်စ်ရောဂါများနှင့် ဘက်တီးရီးယားရောဂါများ ဖြစ်ကြသည့် ခွာနာလျှာနာရောဂါ၊ အဆစ်ရောင်ခြင်း၊ ဦးနှောက်ရောင်ရောဂါ၊ နို့အုံရောင်ခြင်းတို့ ဖြစ်ပါသည်။ ဆိတ်ထံမှ လူကို ကူးစက်တတ်သော Zoonosis ရောဂါများမှာ တီဘီရောဂါ (Tuberculosis)၊ သားပျက်သားလျှောရောဂါ (Brucellosis)၊ Q Fever နှင့် ခွေးရူးရောဂါ (Rabies) တို့ ဖြစ်ကြပါသည်။

ဆိတ်များသည် လူကို အကျိုးပြုသော တိရစ္ဆာန်များ ဖြစ်ကြ၏။ မွေးမြူရာတွင် လွယ်ကူပြီး စရိတ်စက အကုန်အကျ သက်သာသောကြောင့် ဆင်းရဲနွမ်းပါးသော မိသားစုများကို ဆိတ်မွေးမြူစေခြင်းဖြင့် ဝင်ငွေ ချောင်လည်စေရန် အကူအညီ အထောက်အပံ့ ပေးကြပါသည်။

ဆိတ်သည် ရေစိုခြင်းကို ကြောက်ပြီး ခြေအေးမခံနိုင်သော သတ္တဝါဖြစ်၍ မိုးရွာလျှင် ခြံသို့ ပြန်ပြေးလေ့ရှိသည်။ ရေမဝပ်သော တောင်ကုန်း တောင်စောင်းများရှိသည့် ဒေသများတွင် မည်မျှ မတ်စောက်သည့် တောင်ကုန်းဖြစ်စေ ခြေမြဲသည့်ခွာများ ရှိသောကြောင့် တက်နိုင်၊ ဆင်းနိုင်သည်။

ထို့ကြောင့် ပူပြင်း ခြောက်သွေ့ပြီး မိုးရေချိန် လက်မနည်းသော အပူပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသများတွင် ဆိတ်မွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ မြန်မာနိုင်ငံတွင် အများဆုံး မွေးမြူကြသော ဆိတ် အမျိုးအစား သုံးခု ရှိပါသည်။

**(၁) ထိန်ဆန်းမျိုး**

ဤအမျိုးအစားကို မန္တလေးတိုင်းဒေသကြီး၊ ပုပ္ပားနယ်တစ်ဝိုက်၊ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ နတ်မောက်မြို့နယ်တို့တွင် မွေးမြူကြသည်။ ဤဆိတ်များသည် အလုံးအရပ် ထွားကျိုင်းသည်။ ကိုယ်လုံးဖြူ၍ ဦးခေါင်းမဲသည်။ နှာခေါင်းပိုင်းတွင် အမွေးဖြူတတ်သည်၊ မုတ်ဆိတ်ဖားပြီး နားရွက်ရှည်၍ တွဲလောင်းကျနေသည်။ ပျမ်းမျှ ကိုယ်အလေးချိန် အထီး ၅၀ ကီလို (၃၇ ပိဿာ) အမ ၂၉ ကီလို (၂၀ ပိဿာ)

**(၂) ဂျိတ်နီမျိုး**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦး၊ စဉ့်ကိုင်၊ ကျောက်ဆည်နယ်တို့တွင် မွေးမြူကြသည်။ ခန္ဓာကိုယ် အရွယ်အစား ကြီးမားသည့် နီညိုရောင်၊ အုန်းခွံရောင်၊ မန်ကျည်းစေ့ရောင် ရှိကြသည်။ ကိုယ်အလေးချိန် အထီး ၅၀ ကီလို (၃၇ ပိဿာ) အမ ၄၂ ကီလို (၂၉ ပိဿာ)

စာမျက်နှာ ၁၉ သို့

## ဆိတ်မွေးမြူရေးအကြောင်း...

စာမျက်နှာ ၁၈ မှ

**(၃) ဝေသာလီမျိုး**

မြန်မာနိုင်ငံတွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ၊ ရေစကြို၊ ပေါက်နှင့် မြိုင်မြို့နယ် တစ်ဝိုက်တွင် မွေးမြူသည်။ အလုံးအထည် သွယ်ပြီး အမွေးရောင်မှာ အညိုရောင်နှင့် အမည်းရောင် ရောယှက်နေသည်။ ကိုယ်အလေးချိန် အထီး ၃၈ ကီလို (၂၄ ပိဿာ) အမ ၃၁ ကီလို (၁၉ ပိဿာ)

မွေးမြူကြသော ပုံစံမှာ လွှတ်ကျောင်းသော စနစ်ဖြစ်ပြီး ဆိတ်ကျောင်းသား တစ်ဦးလျှင် ဆိတ် ၃၅-၄၀ ကောင် ထိန်းကျောင်းနိုင်ပါသည်။ မျိုးအတွက်ထားသော ဆိတ်သိုးအထီးကို ဒေသအခေါ်အဝေါ်အနေနှင့် 'ဆိတ်လိုက်ဖား' ဟုခေါ်ကြသည်။ ဆိတ်တစ်အုပ်မှာ ဆိတ်လိုက်ဖား အကြီးတစ်ကောင်နှင့် ဆိတ်လိုက်ဖား အငယ်တစ်ကောင်ထားကြသည်။ ဆိတ်ထီးများကို အသက် ခုနစ်နှစ်နဲ့ ရှစ်လသား အရွယ်တွင် သင်းကွပ်လေ့ရှိကြပြီး ယင်းကို အရပ်အခေါ် အရ ကစီထုသည်ဟု ဆိုပါသည်။ သင်းကွပ်ထားသော ဆိတ်ထီးကို 'ကစီထုထားသော ဆိတ်' ဟု ခေါ်ဝေါ် သုံးစွဲကြသည်။ ဆိတ်မတမ်းကို ခုနစ်နှစ်နဲ့ ရှစ်လအရွယ်တွင် သားစပ်နိုင်ပြီး တစ်နှစ်လျှင် နှစ်သားပေါက်နိုင်သည်။

ဆိတ်တို့သည် အရွက်စား သတ္တဝါ ဖြစ်ပြီး သစ်ပင်ချုံနွယ်တို့မှာ ဆူးမည်မျှပင်ရှိစေ တိုးဝင်စားသောက်နိုင်ကြသည်။ ထိုအပင်များတွင် ဆီးပင်၊ ခံပင်၊ ဇင့်နီ၊ ဆီးဖြူရွက်၊ သန်းရွက်၊ ဘောစကိုင်း၊ မြေဇာမြက်၊ မန်ကျည်းရွက်၊ တမာရွက်၊ ရှားရွက်၊ ကုက္ကို၊ ထနောင်းသီး၊ ဝါးရွက်၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲစဉ်းငုံ၊ ပဲမျိုးစုံ၊ အဝေရာ အသီး၊ အရွက်၊ မယ်ဇလီ၊ မြင်းခွာရွက်၊ အခြား အသီးအစေ့နှင့် အဆံများလည်း ပါဝင်သည်။

ဖြည့်စွက်စာ အနေနှင့် ဝါစေ့ကြိတ်ဖက်၊ ဆန်နု၊ ဖွဲနု၊ ကုလားပဲခွံ၊ ဆီးခွံ၊ ပဲမျိုးစုံ အခွံ၊ ပဲဖတ်၊ နှမ်းဖတ်၊ ပြောင်းရိုးစဉ်းဖတ်နှင့် နေကြာစေ့ဖတ်များကိုလည်း ထည့်သွင်းကျွေးမွေးကြပါသည်။

မြန်မာနိုင်ငံ မိုးနည်းရေရှား ရပ်ဝန်းဒေသရှိ ဆိတ်မွေးမြူရေး ခြံများရှိသော မြို့နယ်များအနက် ရေနံချောင်းမြို့နယ်နှင့် ရေစကြိုမြို့နယ်တို့အကြောင်းကို ကောက်နှုတ် တင်ပြလိုပါသည်။

**ရေနံချောင်း**

ရေနံစင်ကြီးများ၊ တောင်ကတုံးများ၊ ထန်းပင်ထန်းတောများ၊ ရှားစောင်းလက်ပပ်ပင်များ၊ ဆူးနွယ်ချုံပင်များတို့သည် ရေနံချောင်း၏ ရှုခင်းများပင် ဖြစ်သည်။ ရေနံချောင်းမြို့နယ်၌ NGO အဖွဲ့အစည်းတစ်ခုဖြစ်သော Mas Fah Luang Foundation (ထိုင်းဘုရင့်သမီးတော်၏ ဖောင်ဒေးရှင်း) သည် ကျေးရွာများမှ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုတစ်ခုလျှင် ဆိတ်ထီး တစ်ကောင်၊ ဆိတ်မ ၁၀ ကောင်၊ ထောက်ပံ့ပြီး မွေးမြူစေသော အစီအစဉ်ကို လွန်ခဲ့သော နှစ်အနည်းငယ်က စတင်ခဲ့ရာ ဆိတ်မွေးမြူရေးကဏ္ဍအတွက် အထောက်အကူပြုသော အစီအစဉ်ပင် ဖြစ်ပါသည်။

ထို ၁၁ ကောင်မှ တိုးပွားလာသော ဆိတ်ငယ်များကို နှစ်ကောင်ဖြစ်စေ၊ သုံးကောင် ဖြစ်စေ ဖောင်ဒေးရှင်းသို့ ပြန်လည်အပ်နှံရပြီး ၁၁ ကောင်ပြည့်အောင် အပ်နှံပြီးသွားပါက မူလ ၁၁ ကောင်ကို မိသားစုက ပိုင်ဆိုင်ခွင့်ရရှိသောကြောင့် စားနပ်ရိက္ခာ ဖူလုံရေးနှင့် ဝင်ငွေချောင်လည်စေရေးအတွက် ကူညီ ထောက်ပံ့ပေးရာ ရောက်ပါသည်။ ထိုမိသားစုများက အပ်နှံသော ဆိတ်များကို နောက်ထပ် ဆင်းရဲနွမ်းပါးသော မိသားစုများထံ ထပ်မံပေးပြီး မွေးမြူစေခြင်းဖြင့် တစ်နိုင်တစ်ပိုင် ဆိတ်မွေးမြူရေးခြံများ တိုးပွားလာစေသည်။

မွေးမြူပုံမှာ လွှတ်ကျောင်းသော စနစ်ဖြစ်ပြီး ဆိတ်တဲမှာ မြေစိုက်တဲများ ဖြစ်ကြသည်။ အိမ်ဝိုင်း၏ ခြံစည်းရိုးများကို ရှားစောင်း လက်ပပ်ပင် သို့မဟုတ် ထန်းလက်များနှင့် ကာရံထားသလို ဆိတ်တဲ၏ အမိုးကို ထန်းရွက်နှင့် မိုးထားပြီး ဆိတ်တဲကို ဆောက်ထားသော တိုင်များသည် ထန်းလက်တိုင်များသာ ဖြစ်ကြသဖြင့် ကုန်ကျစရိတ် နည်းပါးပေသည်။

ဖောင်ဒေးရှင်းမှ ထောက်ပံ့ထားသော ဆိတ်ကောင်ရေ ၁၁ ကောင် ပြည့်အောင် ပြန်မဆပ်နိုင်သေးချိန်တွင် ထိုမိသားစုမှာ ကျန်းမာရေးကိစ္စကဲ့သို့ အရေးပေါ် ငွေလိုအပ်ပါက စီမံကိန်းမှ တာဝန်ရှိသူများက လာရောက် စစ်ဆေးပြီး မှန်ကန်ကြောင်း ထောက်ခံပေးသောအခါ ဆိတ်အချို့ကို ရောင်းချပြီး ငွေသုံးစွဲနိုင်ကြောင်း သိရှိရပါတယ်။ ဆိတ်များကို ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းတို့ကို ဖောင်ဒေးရှင်းမှ တာဝန်ခံ တိရစ္ဆာန်ဆေးကုဆရာဝန်များက ဆောင်ရွက်ပေးကြသည်။ ဤအစီအစဉ်သည် ချို့တဲ့နွမ်းပါးသော ကျေးလက်ပြည်သူများအား ဝင်ငွေရရှိစေသကဲ့သို့ ဆိတ်မွေးမြူရေးကဏ္ဍကိုလည်း တိုးပွားအောင် ကူညီထောက်ပံ့ပေးသော စီမံကိန်း ဖြစ်ပါသည်။

**ရေစကြို**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ဆိတ်ခြံ ၂၀၀၀ ခန့်ရှိပြီး ဆိတ်ကောင်ရေ နှစ်သိန်းခွဲရှိကြောင်း သိရပါသည်။ ထိုဒေသတစ်ခုလုံးတွင် ဆိတ်ကောင်ရေ ရှစ်သိန်းနီးပါးရှိသောကြောင့် ရေစကြိုမြို့နယ်ရှိ ဆိတ်ကောင်ရေသည် တစ်တိုင်းလုံး၏ ၁/၇ ခန့် ဖြစ်နေသည်။ ရေစကြိုရှိ ကျေးရွာအုပ်စု ၈၁ အုပ်စုအနက် ၅၀ ခန့်က ဆိတ်မွေးမြူကြသဖြင့် Goat City ဟုပင် တင်စားခေါ်ဝေါ်ကြပါသည်။

ရေစကြိုနှင့် ပတ်သက်လာလျှင် တိပိဋကဘွဲ့နှင့် အဘိဝံသဘွဲ့ကို တစ်နှစ်တည်း တစ်ကြိမ်တည်း ဖြေဆိုအောင်မြင်ခဲ့သော ဆဋ္ဌမမြောက် တိပိဋကဓရ ဆရာတော် ဦးဝါယမိန္ဒကြောင့် 'အတော်ဆုံးက ဆရာတော်ဘုရား' 'အထက်ဆုံး ကဓား' 'အမွှေးဆုံးက သနပ်ခါး' 'အမွေးမြူနိုင်ဆုံးကဆိတ်' ဟု ပြောစမှတ်ပြုကြသည်။ ဤဒေသသည် အပူချိန် ၄၄ ဒီဂရီ စင်တီဂရိတ် မိုးရေချိန် လက်မ ၂၀ အောက်သာရှိသော အပူပိုင်း မိုးနည်းရေရှားရပ်ဝန်းဖြစ်၍ ဆိတ်များကို မြေကြီးပေါ်မှာသာ မွေးမြူပြီး လွှတ်ကျောင်းသောစနစ်ကို ကျင့်သုံးကြပါသည်။

တစ်မြို့နယ်လုံး၏ ၆၅ ရာခိုင်နှုန်းက သနပ်ခါးခြံများဖြစ်ရာ ထိုသနပ်ခါးခြံများသည် ဆိတ်များ၏ စားကျက်သဖွယ် ဖြစ်နေသည်။ ဆိတ်များသည် သနပ်ခါးပင်အောက်ခြေမှ ချုံနွယ်ပိတ်ပေါင်း အားလုံးကို စားသော်လည်း သနပ်ခါးပင်နှင့် သနပ်ခါးအခေါက်ကို လုံးဝမစားပေ။ ထို့ကြောင့် သနပ်ခါးခြံထဲသို့ ဆိတ်များကို လွှတ်ကျောင်းခြင်းအား ခြံရှင်များက ကြည်ဖြူကြပါသည်။

ရေစကြိုမြို့နယ် ဆိတ်မွေးမြူရေး လုပ်ငန်း၏ ဂုဏ်ယူစရာကောင်းသော ဖြစ်ရပ်တစ်ခုမှာ မအူကျောက်ဖူးကျေးရွာမှ မွေးမြူရေး တောင်သူ ဦးဇော်နိုင်သည် ၂၀၁၄ ခုနှစ်တွင် 'နိုင်ငံတော်သမ္မတ၏ မွေးမြူထုတ်လုပ်မှု ထူးချွန် လူပုဂ္ဂိုလ်' အဖြစ် ရွေးချယ်ခံရခြင်းပင် ဖြစ်ပါသည်။

ဦးဇော်နိုင်၏ခြံမှ ဆိတ်များသည် ထွားကြိုင်းသန်မာလှသည်။ အစာခွက်နှင့် ရေခွက်များမှာ ထိန်းလုံးကို ထွင်းထားသော စားကျင်းများဖြစ်ပြီး ဆိတ်ကောင်ရေ ၂၅၀-၃၀၀ အတွက် ဆယ့်နှစ်ရာသီ လေမိုးဒဏ်ခံနိုင်သော ဆိတ်တဲဆောက်လုပ်မှု၏ ကုန်ကျစရိတ်သည် သုံးသိန်းခန့်သာ ကုန်ကျသဖြင့် စရိတ်စက သက်သာလှသည်။

ဦးဇော်နိုင်၏ ထိန်ဆန်း ဆိတ်မမျိုး၊ ဆိတ်ထီးမျိုးများကို ဇော်နိုင်ဆိတ်အဖြစ် ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ပခုက္ကူမြို့နယ်၊ မြောင်မြို့နယ်၊ ချောင်းဦး မြို့နယ်၊ ဘုတလင်မြို့နယ်၊ မုံရွာမြို့နယ်အထိ လူသိများ ကျော်ကြားအောင် မွေးမြူနိုင်သူ ဖြစ်ပါသည်။ ငါးလသား ဆိတ်ထီး (ဆိတ်သိုး) များကို ပေါင် ၁၀၀-၁၂၀ အတွင်း စံချိန်မီအောင် စနစ်တကျ ကျွေးမွေးဆောင်ရွက်နိုင်သူဖြစ်ပါသည်။ မြန်မာပြည်၏ ဆိတ်အများဆုံး မွေးမြူနိုင်သော ရေစကြိုမြို့နယ်တွင် အထူးချွန်ဆုံး၊ သူမတူအောင် စံပြမွေးမြူနိုင်သူဖြစ်သဖြင့် ၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်အဖြစ် ရွေးချယ်ခံရခြင်းဖြစ်ပေသည်။

**မြစိမ်းရောင်စီမံကိန်း**

မြစိမ်းရောင် စီမံကိန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံတော်၏ ဘတ်ဂျက်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော စီမံကိန်းဖြစ်သည်။ ယင်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လည်ပတ်ရန်ပုံငွေ ထောက်ပံ့သော လူထုဗဟိုပြု စီမံကိန်းဖြစ်ပြီး ကျေးရွာတစ်ခု၏ ရန်ပုံငွေကို ကျေးရွာကော်မတီအဖွဲ့ဝင်များက စီမံခန့်ခွဲမှု လုပ်ဆောင်ကြသည်။ ထိုကော်မတီတွင် ကျေးရွာသူ၊ ကျေးရွာသား အဖွဲ့ဝင် ၇-၁၀ ဦး ပါဝင်ပြီး အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေ ညီမျှစွာ ပါဝင်ပါသည်။

ကျေးလက်နေ ပြည်သူများ စီးပွားရေး လုပ်ဆောင်နိုင်ရန် အတိုးနှုန်း သက်သာစွာ ငွေချေးပေးသော စီမံကိန်းဖြစ်ပြီး အများဆုံး လုပ်ကိုင်ကြသည်မှာ -

(၁) စိုက်ပျိုးရေး

(၂) မွေးမြူရေး

(၃) အခြားလုပ်ငန်းများတို့ ဖြစ်ပါသည်။ ကာလတို ချေးငွေ၏ အတိုးနှုန်းသည် ကာလရှည်ချေးငွေ၏ အတိုးနှုန်းထက် ပိုမိုများပါသည်။

မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေးကျေးရွာများကို အကောင်အထည်ဖော်ကာ ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးလုပ်ငန်းမှ မိသားစု ဝင်ငွေ တိုးတက်စေခြင်း၊ စားနပ်ရိက္ခာ ဖူလုံစေခြင်းနှင့် ကျေးလက်ရန်ပုံငွေ ထူထောင်နိုင်ရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

မြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေး ကျေးရွာများကို ရွေးချယ်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်ကြသည်။ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုမတည်ငွေကို ကျေးရွာ ရန်ပုံငွေ ကြီးကြပ်မှုကော်မတီမှ တောင်သူများ မွေးမြူလိုသော တိရစ္ဆာန်ကို ဝယ်ယူရေးအဖွဲ့ဖြင့် ဝယ်ယူဖြန့်ဖြူးကြပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ မွေးမြူရေး တိရစ္ဆာန်များအား တိုင်းဒေသကြီး၊ ပြည်နယ်များ အတွင်းရှိ မြို့နယ် ၁၇၃ မြို့နယ်ရှိ ကျေးရွာ ၄၈၄ ရွာကို ဖြန့်ဖြူး ပေးခဲ့ရာ ဆိတ်ကောင်ရေ ၄၉၀၆ ပါဝင်ကြောင်း သိရသည်။

ဆိတ်များသည် ကျန်းမာရေးကောင်းပြီး အကြမ်းခံကြသည်။ ဆိတ်တစ်ကောင်အတွက် လိုအပ်သောနေရာ အကျယ်အဝန်း၊ စားကျက်ဧရိယာ မည်ရွေ့ မည်မျှဟု နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တွက်ချက်ပြီး မွေးမြူနိုင်သလို နေရာကျဉ်းကျဉ်းမှာ သဘာဝ အခြေခံ မွေးမြူရေးစနစ်၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေအောင် မွေးမြူသော စနစ်များဖြင့် စရိတ်စကသက်သာစွာ မွေးမြူနိုင်ကြောင်း သိစေလိုပါသည်။ ကျေးလက်နေပြည်သူများ စားနပ်ရိက္ခာ ဖူလုံစေရန်၊ ဝင်ငွေတိုးပွား ချောင်လည်စေရန် ရည်ရွယ်ပြီး အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ စီမံကိန်းများချမှတ်၍ ဆိတ်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ထောက်ပံ့ကူညီနေကြောင်း တင်ပြလိုက်ရပါ၏။

(ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် သိလိုသည်များကို ဖြေကြားပေးခဲ့သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်း အတွင်းဝန် ဒေါက်တာခင်ဇော်၊ ရေစကြိုမြို့နယ် ဦးစီးမှူး ဒေါက်တာမြင့်စိုး၊ Mae Fah Luang Foundation မှ ဦးစီးအရာရှိ ဦးမျိုးလှိုင်ဦး၊ အုပ်ချုပ်ရေးမှူး ဒေါ်ဇင်မီလင်း၊ ဒေါက်တာထက်ထက်ခိုင်၊ ဒေါက်တာချစ်ရည်လှဲ့နှင့် ဒေါက်တာမေသူအောင် တို့ကို ကျေးဇူးအထူး တင်ပါကြောင်း။)

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**ကျောက်ပန်းတောင်း ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မန္တလေးတိုင်းဒေသကြီး အရပ်ဘက် လူမှုအဖွဲ့အစည်း (MRCN) နှင့် ပုပ္ပားတောင်ချစ်သူများအသင်းတို့ ပူးပေါင်းဆောင်ရွက်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ရာသီဥတု ပြောင်းလဲပုံ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက စတင်၍ ရွှေနဒီပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ကျောက်ပန်းတောင်း၊ ချောက်မြို့နယ်တို့ရှိ မြို့ပေါ်မှ စိတ်ပါဝင်စားသူများအပြင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၀ မှ ပုပ္ပားတောင်ချစ်သူများအသင်းဝင် စုစုပေါင်း ၆၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ "ကျွန်တော်တို့ ဒီအလုပ်ရုံဆွေးနွေးပွဲလုပ်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေရဲ့ စွမ်းဆောင်ရည်တိုးမြင့်လာဖို့ အတွက်ပါ။ အခုလက်ရှိ ဖြစ်ပေါ်နေတဲ့ မြန်မာနိုင်ငံရဲ့ ရာသီဥတု ပြောင်းလဲလာမှု အခြေခံအကြောင်းတရားတွေကို သိရှိနားလည်ပြီး၊ ဒါတွေကိုဘယ်လို ကာကွယ်တားဆီးကြမလဲဆိုတာကို စုပေါင်းအဖြေရှာပြီးတော့ ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ဆက်လက်ဆောင်ရွက်သွားကြဖို့ပါ။ ကျွန်တော်တို့ ဒီကျောက်ပန်းတောင်းမြို့ အပါအဝင် မန္တလေးတိုင်းဒေသကြီးအတွင်းမှာ မြို့နယ် ၁၀ မြို့နယ်ကို ဒီလိုအလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်သွားဖို့ရှိပါတယ်" ဟု MRCN မှ စီမံချက် ညှိနှိုင်းရေးမှူး ဦးမြင့်ထွန်းက ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဉာဏ်ထွန်းမောင်(သစ်တောဦးစီးအရာရှိ-ငြိမ်း)က သစ်ပင်သစ်တောများ လျော့နည်းလာမှုကြောင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးလာပုံ၊ သဘာဝရာသီဥတုအခြေအနေများ ပြောင်းလဲလာပုံများကို တက်ရောက်လာသူများ၏အမြင်နှင့် အပြန်အလှန် ဆွေးနွေးဟောပြောခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် ပုပ္ပားတောင်ချစ်သူများအသင်း နာယက (ရွှေနဒီပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော်) ဦးယုဇန၊ CR0 Net- Work မှ အမှုဆောင်အဖွဲ့ဝင် ဦးကျော်ဝင်းဆွေနှင့် စီမံချက်ညှိနှိုင်းရေးမှူး ဦးမြင့်ထွန်းတို့က ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်ပြီး၊ အလုပ်ရုံ ဆွေးနွေးပွဲကို ဩဂုတ် ၁ ရက်မှ ဩဂုတ် ၂ ရက်အထိ ပြုလုပ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



## ကော့သောင်းမြို့၌အများပြည်သူနားနေဆောင် ဆောက်လုပ်လှူဒါန်း

**ကော့သောင်း ဩဂုတ် ၂**

ကော့သောင်းမြို့ အချက်အချာကျရာ ပိတောက်ရွှေဝါရပ်ကွက် အဝိုင်းပတ်လမ်းဆုံတွင် လမ်းသွားလမ်းလာ ခရီးသွား ပြည်သူများခေတ္တနားနေဆောင်တစ်ခုအား မြို့မိမြို့ဖပြည်သူများနှင့် ကမ်းနီးပရဟိတမိသားစုအဖွဲ့များ စုပေါင်းလှူဒါန်းမှုဖြင့် ဇူလိုင် ၃၁ ရက်က စတင်ဆောက်လုပ်လှူဒါန်းလျက်ရှိကြောင်းသိရသည်။

လှူဒါန်းမှုတွင် ကော့သောင်းမြို့အချက်အချာကျရာ အဝိုင်းပတ်လမ်းဆုံသည် မြို့နေပြည်သူများ၊ လမ်းသွားလမ်းလာများ၊ ကျောင်းသား၊ ကျောင်းသူများ အသွားအလာများပြားပြီး လမ်းကျယ်လမ်းဆုံဖြစ်ရာ နေပူခြင်း၊ ရုတ်တရက်မိုးရွာခြင်းများဖြစ်ပါက ခေတ္တနားခိုစရာနေရာမရှိသဖြင့် လမ်းဘေးပလက်ဖောင်းတစ်လျှောက် အလျား ၄၈ ပေ၊ အနံ ၈ ပေ၊ အမြင့် ၇ ပေ သံဖရိန်၊ သွပ်မိုး၊ ကြွေပြားခင်းထိုင်ခုံတန်းများဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ရယူပြီး အများပြည်သူ ခေတ္တနားနေအဆောင်တစ်ခုအား မြို့မိမြို့ဖစေတနာရှင်တစ်ဦးဖြစ်သည့် ဦးတင်မြင့်(သီတာရေ လုပ်ငန်းကုမ္ပဏီ) မှ အကုန်ကျခံလှူဒါန်းပြီး မြို့ခံပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကမ်းနီးပရဟိတမိသားစုအဖွဲ့မှ ဆောက်လုပ်မှုလုပ်ငန်းများအား လုပ်အားဒါနပြု ကြီးကြပ်တာဝန်ယူ စုပေါင်းလှူဒါန်းခြင်းဖြစ်ရာ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။

အဆိုပါနားနေဆောင်အတွင်း ခေတ္တနားခိုသူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ နားဆင်နိုင်ရေး FM ရေဒီယိုနှင့် သတင်းအစီအစဉ်များ တပ်ဆင်ဖွင့်လှစ်ပေးခြင်း၊ စာပေဖတ်ရှုနိုင်ရေး စာအုပ်စင်နှင့် သုတရသ၊ မဂ္ဂဇင်းနှင့် သတင်းစာ၊ ဂျာနယ်စာစောင်များ ထားရှိပေးခြင်းလုပ်ငန်းများအား အဆိုပါ ပရဟိတအဖွဲ့မှ နေ့စဉ်တာဝန်ယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ရွာဟောင်း–ဂဟဲပျက်စီးနေသောကျေးရွာချင်းဆက်လမ်းအား ပြုပြင်ပေးစေလို



**အင်းတော် ဩဂုတ် ၂**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နှင့် လယ်ပြင်ကျေးရွာအုပ်စုရှိ ဂဟဲရွာမှာ ၁၀ မိုင်ကွာဝေးပြီး အင်းတော်နှင့်ဂဟဲရွာကြားတွင် နားခါရွာ၊ မိုးယူရွာ၊ ရွာဟောင်းရွာ၊ ဂဟဲရွာ၊ ကွန်းဘူးတောရွာတို့ရှိ ကျေးရွာချင်းဆက်လမ်းပိုင်းများမှာ ရေစီးလမ်းကြောင်းများ၊ ရေအိုင်များ၊ ရွံ့ဗွက်များ၊ ချိုင့်ခွက်များဖြစ်နေ၍ ဒေသခံခရီးသွားပြည်သူများ သွားလာရေးအခက်အခဲရှိနေကြောင်း သိရသည်။

"ရွာဟောင်းရွာနဲ့ ဂဟဲရွာကြားလမ်းပိုင်းမှာ ရေစီးလမ်းကြောင်းများ၊ ရေအိုင်များ၊ ရွံ့ဗွက်များ၊ ချိုင့်ခွက်များဖြစ်လာတာ နှစ်လလောက်တော့ကြာပြီ။ ဂဟဲချောင်းမကြီးမှ ရေများကို သစ်ပေါင်းကွင်းလယ်မြေများ ရေရရှိရေးအတွက် တောင်သူများက ရေလွှဲယူကြတာကြောင့် ဒီလိုလမ်းပျက်စီးရတာပါ။ အခုဆိုဒေသခံပြည်သူတွေ သွားရေးလာရေးတော်တော်အခက်အခဲကြုံရပါတယ်။ ပြင်ဆင်ပြုပြင်ခြင်းမရှိပါက တစ်နေ့တခြား ပိုပြီးပျက်စီးသထက် ပျက်စီးလာနိုင်ပါတယ်" ဟု အင်းတော်မြို့သို့ ဂဟဲရွာမှလာသည့်အမျိုးသမီးတစ်ဦးက ပြောသည်။

ယင်းကြောင့် ရွာဟောင်းရွာနှင့် ဂဟဲရွာကြား ပျက်စီးနေသော အများပြည်သူအသုံးပြုနေသည့် ကျေးရွာချင်းဆက်လမ်းပိုင်းအား ဒေသခံခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အဆိုပါလမ်းကို ပြုပြင်ပေးရန် ဒေသခံပြည်သူများက လိုလားနေကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

## လူထုဗဟိုပြုစီမံကိန်းဖြင့် ဆောင်ရွက်သော ကျေးရွာတွင်း ကျောက်ချောလမ်းသစ် ဖွင့်လှစ်

**ဒီးမော့ဆို ဩဂုတ် ၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်တွင် ထောက်ပံ့ငွေကျပ် သန်း ၇၄၀ ဖြင့် ကျေးရွာ ၉၄ ရွာမှ လုပ်ငန်းခွဲအမျိုးအစားပေါင်း ၁၀၀ ဆောင်ရွက်လျက်ရှိရာ စီမံကိန်းထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပြီးစီးသော ကျေးရွာတွင်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက သေးဆူလဲကျေးရွာအုပ်စု ကုန်းသာကျေးရွာ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဦးဆော်ရယ်က လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောက်ချောလမ်းသစ်အတွက် ပါဝင်လှူဒါန်းကြသော ကျေးရွာနေပြည်သူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျေးရွာတွင်း ကျောက်ချောလမ်းသစ်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်း၊ စီမံကိန်းတာဝန်ခံ ဦးဆော်ရယ်နှင့် ကျေးရွာအထောက်အကူပြုကော်မတီ ဒေါ်ဌေးဌေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းကျောက်ချောလမ်းကို စီမံကိန်းထောက်ပံ့ငွေကျပ် ၉၆ သိန်း၊ ကျေးရွာမှထည့်ဝင်ငွေကျပ် ၃၅၄၇၀၀၀ စုစုပေါင်းကုန်ကျငွေကျပ် ၁၃၁၄၇၀၀၀ ဖြင့် ခင်းကျင်းခဲ့ရာ လမ်းအရှည် ပေ ၁၉၀၀၊ အကျယ် ၁၂ ပေ ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြန်မာပြည်ကြီးငြိမ်းချမ်းပါစေ ကာတွန်းပြပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂**
ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစု ပင်လုံကို ကြိုဆိုထောက်ခံသည့် အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ရှိ ကာတွန်းဆရာများကြီးမှူး၍ မြန်မာပြည်ကြီးငြိမ်းချမ်းပါစေ ကာတွန်းပြပွဲကို ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား မင်္ဂလာမန္တလေး အနုပညာလမ်းရှိ သီရိအနုပညာခန်းမ၌ ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေး ဖွင့်လှစ်ပေးသည်။

မြန်မာပြည်ကြီးငြိမ်းချမ်းပါစေ ကာတွန်းပြပွဲတွင် မန္တလေးမြို့မှ ကာတွန်းဆရာ ၃၀ ကျော်မှ ငြိမ်းချမ်းရေးကာတွန်း ၈၀ ကျော် ပါဝင်ပြသထားသည်။ ကာတွန်းပြပွဲကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၂ ရက်ထိ နံနက် ၉ နာရီမှ ည ၉ နာရီထိ ပြသထားကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**သပိတ်ကျင်း ဩဂုတ် ၂**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာအုပ်စု ဇရပ်ကွင်းကျေးရွာတွင် သက်ကြီးရွယ်အို အဘိုး၊ အဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကြည်၊ မြို့နယ်နှင့်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအမှုဆောင်များသည် ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးနှင့် အာဟာရအကြောင်း ဆွေးနွေးဟောပြောပြီး ကိုယ်ဝန်ဆောင်မိခင် ၃၅ ဦးအား ကျန်းမာရေးဆေးစစ်ခြင်း၊ သွေးချိန်ပေးခြင်းများ ပြုလုပ်ပေးခဲ့ပြီး အာဟာရအားဖြည့်စာအဖြစ် ကြက်ဥ၊ ငှက်ပျောသီး၊ အိုင်အိုဒင်းဆားထုပ်များ ပေးဝေခဲ့သည်။

ယင်းနောက် ဇရပ်ကွင်းကျေးရွာ အမှတ် (၇) ရပ်ကွက်မှ အသက် ၈၇ နှစ်ရှိ အဘဦးဖိုးပိန်နှင့် အမှတ် (၄) ရပ်ကွက်မှ အသက် ၇၈ နှစ်ရှိ အဘွားဒေါ်ဖွားမေတို့အား အိမ်တိုင်ရာရောက်သွားရောက်၍ အာဟာရအစားအစာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ညောင်ဦးမြို့၏ ဧရာဝတီမြစ်ရေမြင့်တက်မှုအခြေအနေသည် ယမန်နှစ်က စံချိန်တင်ရေမှတ်သို့ရောက်ရှိရန် ၆ စင်တီမီတာခန့်သာလို

**ညောင်ဦး ဩဂုတ် ၂**
ညောင်ဦးမြို့၏ ဧရာဝတီမြစ်ရေမြင့်တက်မှုအခြေအနေသည် ယမန်နှစ်မြစ်ရေကြီးစဉ်က စံချိန်တင်ရေမှတ် ၂၂၅၇ စင်တီမီတာသို့ ရောက်ရှိခဲ့ရာ ယခုအခါ ယင်းရေမှတ်သို့ ရောက်ရန် ၆ စင်တီမီတာခန့်သာ လိုတော့ကြောင်း သိရသည်။



ဩဂုတ် ၁ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ မြစ်ရေမှတ်မှာ ၂၂၅၁ စင်တီမီတာသို့ ရောက်ရှိနေကြောင်း၊ ယင်းမြို့၏ စိုးရိမ်ရေမှတ်မှာ ၂၁၂၀ စင်တီမီတာဖြစ်ရာစိုးရိမ်ရေမှတ်ထက် ၁၃၁ စင်တီမီတာ ကျော်လွန်မြင့်တက်နေကြောင်း မြို့နယ်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြစ်ရေမြင့်တက်လာမှုကြောင့် ညောင်ဦးမြို့နယ်ရှိ ရေလယ်ကျွန်းကျေးရွာများ၊ မြစ်ကမ်းနံဘေးနှင့် မြေနိမ့်ပိုင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများသည် မြစ်ရေဝင်ရောက်မှုကြောင့် ရေလွတ်ရာ ဘုန်းတော်ကြီးကျောင်းအချို့သို့ ယာယီပြောင်းရွှေ့နေထိုင်ရကြောင်း၊ ညောင်ဦးမှ ပုဂံမြို့ဟောင်းသွားရာတွင်အသုံးပြုရသည့် လမ်းမတော်လမ်းမကြီးအချို့နေရာများတွင် ရေများဖုံးလွှမ်းနေလျက်ရှိရာ သွားလာရန်ခက်ခဲသောကြောင့် ယာယီပိတ်ထားရပြီး ညောင်ဦးမြို့နယ်အတွင်းရှိ စာသင်ကျောင်း ၁၀ ကျောင်းကို ရေဝင်ရောက်နေ၍ ယာယီပိတ်ထားရကြောင်း သိရသည်။

မြစ်ရေမြင့်တက်မှုကြောင့် မြို့မအခြေခံပညာအထက်တန်းကျောင်းခွဲနှင့် ကပ်လျက်ရှိ ညောင်ဦးမြို့မရဲစခန်းအတွင်းသို့ပါ ရေများဝင်ရောက်လျက်ရှိသည်။ သို့ဖြစ်ရာ ရေဝင်ရောက်နိုင်သည့် မြို့နယ်အတွင်းရှိ ရုံးဌာနများသည်လည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် အရေးကြီးစာရွက်စာတမ်းများ ထုပ်ပိုးသိမ်းဆည်း ရွှေ့ပြောင်းခြင်းနှင့် ရေဘေးကြိုတင်ကာကွယ်ရေး စီမံချက်များ ရေးဆွဲကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**



ပဲခူးမြို့တွင် ခရိုင်ရဲတပ်ဖွဲ့မှူးဦးစီးပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်မှူး၊ စခန်းမှူးများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ ရက် ၁၀၀ စီမံချက်ဖြင့် ယာဉ်များကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ နေ့စဉ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ဌေးနိုင်(ပဲခူး)

## တောင်သူများအား စိုက်ပျိုးရေးနည်းပညာဆိုင်ရာများ ပညာပေးဆွေးနွေး

**မိုင်းဖြတ် ဩဂုတ် ၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့်တောင်သူများ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းပညာများ သိရှိလိုက်နာ ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တောင်သူအသိပညာပေးဆွေးနွေးပွဲများ၊ သင်တန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ တောင်သူအသိပညာပေးဆွေးနွေးပွဲကို မွန်ကာကျောင်းကျေးရွာအုပ်စု ပါလောင်းကျေးရွာ၌ ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ကျိုင်းတုံမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်လွင်က အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှဝင်းက ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲသို့ ကျေးရွာနေတောင်သူ ၈၀ ကျော်တက်ရောက်ပြီး အခမ်းအနားအပြီးတွင် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ယင်းနောက် ညနေပိုင်းတွင် တောညကျေးရွာအုပ်စုဆိုက်ခေါင်ကျေးရွာ၌ အသိပညာပေးဆွေးနွေးခြင်းကို ဆက်လက်ကျင်းပခဲ့ကြသည်။

အဆိုပါ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ရှင်းလင်းဆွေးနွေးခြင်းနှင့် ဦးစီးဌာနမှ လယ်မြေများတွင် အထွက်နှုန်းမြင့်မားသည့်စပါးမျိုးများ လက်တွေ့စိုက်ပျိုးထားရှိမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းကို ဇူလိုင် ၃၀ ရက်က မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့တို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း**

ဆရာ၊ မိဘ၊ ကျောင်းသားများ လက်စွဲ အားထားရမည့်

# သင်ရိုးကုန် ၄ တန်း စတုတ္ထတန်း ဘာသာရပ်

# ပညာချွန်

မြန်မာစာ | အင်္ဂလိပ်စာ | သင်္ချာ | အခြေခံသိပ္ပံ | သမိုင်း | ပထဝီဝင် | တရိုတ္တနှင့်ပြည်သူ့နီတိ | ဘဝတွက်တာ

ပညာစိတ်ဓာတ်(ပညာချွန်) စာအုပ်တိုက်

အမှတ် (၂၂)၊ မြေညီ၊ (၃၉) လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ Ph: 01 253 143, 09 730 29336

---

# STARFISH Education

KAPLAN
Certified Education Provider

## TOEFL® (iBT) Test Prep Course

*Early Bird Promotion !!*

August (15) ရက် မတိုင်မီ သင်တန်းအပ်နှံသူများအတွက်

SCORE HIGHER 100% GUARANTEED

30,000 Ks ~ 50,000 Ks Discount !!!

No. (3-B), Power Condo, Insein Road, Hledan, Kamaryut Tsp., Yangon, Myanmar
Ph: 09777264230, 09777264231 Website: www.starfishkcep.com.mm

GENERAL ENGLISH
တန်းခွဲသစ်များ
Aug (22)
စမည်။
Call Today
09 799905715
09 253179825

---

ပြည့်စုံရှောနာ ရှေ့တောင်ပြူမင်းနှစ်ပါးပွဲ

09-250269946, 09-73169071, 09-420238909

---

373275, 708342, 0949219404

---

01-293159
01-9000293
09-5160048
www.heincarrental.com

---

# အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ

1. Handphone ပြုပြင်ခြင်းသင်တန်း
2. အသုံးချ အီလက်ထရောနစ်သင်တန်းများ
3. TV , DVD , EVD စက်ပြင်သင်တန်း
4. အခြေခံလျှပ်စစ် နှင့် ဝါယာရိန်းသင်တန်း
5. မော်တာ၊ ဒိုင်နမို၊ ထရမ်စဖော်မာ လက်တွေ့သင်တန်း
6. အဆင့်မြင့် Electrical Control သင်တန်း
7. ဒီဇယ်၊ ဓါတ်ဆီ အင်ဂျင်စက်ပြင် သင်တန်း
8. အဲယားကွန်း ရေခဲသေတ္တာကျွမ်းကျင် သင်တန်း
9. PLC & Automation သင်တန်း
10. Advanced PLC & SCADA သင်တန်း
11. CNC (Computerized Numerical Control) သင်တန်း
12. PIC Microcontroller သင်တန်း
13. ဂဟေဆက် သင်တန်း (3G, 4G, 3F, 4F)
14. ပိုက်ဖစ်တာသင်တန်း
15. Marine Electrical / Fitter / Welding သင်တန်းများ

(Since 2004)

ထူးခြားမှုများ

- GLORY သည်သင်တန်းကျောင်းသက်တမ်း (၁၂)နှစ် ရှိပြီဖြစ်ပြီးလေ့ကျင့်သင်တန်းပေးပြီး သင်တန်းသား (၁၉,၀၀၀)ကျော်မွေးထုတ်ခဲ့ပြီးဖြစ်သည်။
- ဝါရင့်ဆရာများက ဦးစီးသင်ကြားပေးပြီး စာတွေ့ ၊ လက်တွေ့ အချိုးညီညီလေ့ကျင့်သင်ကြားပေးနေသည်။
- ဂျပန် ၊ UK အစရှိသော နိုင်ငံတကာကျောင်းများနှင့် မူပေါင်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းခွင်နှင့် ကိုက်ညီမှုရှိစေမည့် အထိရောက်ဆုံး သင်ရိုးညွှန်းတမ်းများ ဖြင့် လေ့ကျင့်သင်ကြားနေသည်။

GLORY ၁၃၈/ ၁၄၀ ၊ ဒု-ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-73121717,09-5197817 www.glory-education.com

---

# ဦးဇော်မြင့် B.A (Korean) Y.U.F.L

ကိုယ်တိုင်ဦးစီးသင်ကြားသော

"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း

E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အလုပ်ချိန်ပြင်ပ အခြေခံတန်းခွဲသစ်ကို (၁၂-၈-၂၀၁၆) တွင် ဖွင့်လှစ်ပါမည်။
လစဉ်တန်းခွဲသစ်များရှိပါသည်။

အမှတ်(၆၈)၊အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊
ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊၀၉-၄၃၀၉၇၅၁၇

---

**အမည်မှန်**

ဦးသူရိန်မင်းဟန်၏ သမီး ရန်ကုန်တိုင်းဒေသကြီး၊ အောင်အကယ်ဒမီကိုယ်ပိုင် အထက်တန်းကျောင်း ဒသမတန်းမှ သဒ္ဒါလင်းထင်၏ အမည်မှန်မှာ မသဒ္ဒါလင်းထင် [၁၄/ညတန(နိုင်)၂၁၇၀၆၇] ဖြစ်ပါကြောင်း။ **မသဒ္ဒါလင်းထင်**

---

# မင်္ဂလာပါ

အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

---

# NAY LIN AUNG

FINANCE & ACCOUNTANCY ACADEMY

APPROVED LEARNING PARTNER ACCA Gold

## ACCA (UK) Part - I (F2,F3)

For September Intake 2016

Nay Lin Aung Finance & Accountancy Academy

Enrol Now

(၁၀ , 3A ~ 6 B) ဦးထွန်းလင်းမြိုလမ်း၊ (Giordano ဆိုင်အနီး)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။

၀၁ ၅၁၂၈၀၀၊ ၀၉ ၄၅၀၀၂၂၆၄၊ ၀၉ ၇၈၂၅၅၃၀၆ ၊ ၀၉ ၇၈၂၅၅၃၀၇
၅၆၄၂၅၊ ၀၉ ၃၀၁၆၇၂၇၂၂၊ ၀၉ ၉၇၁၄၃၀၃၀၃၇၊

---



လူကြီးမင်းတို့၏ ထုတ်ကုန်ပစ္စည်းများတွင်အသုံးပြုလျက်ရှိသော Lable Sticker များအတွက်

သတင်းကောင်းလေး ပေးပါရစေ

# LABEL PRINTING SERVICE.

Lable Sticker ဆိုဒ်အမျိုးမျိုး နှင့် ဒီဇိုင်းပုံစံ အမျိုးမျိုးတို့ကို ဂျပန်နည်းပညာများကို အသုံးပြုပြီး ကောင်းမွန်သော ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ Lable Sticker များကို အလိုအနေဖြစ်ငှင်း အရွက်အနေဖြစ် ငှင်း လူကြီးမင်းတို့ စိတ်တိုင်းကျ ဒီဇိုင်း ပုံစံများအတိုင်း မှန်ကန်သော ဈေးနှုန်းဖြင့် နိုင်ငံတကာစံနှုန်းမီ စတင် ဂန်ဆောင်မှုပေးလျက်ရှိပါသည်။

ML Main Label
Label Printing Services

No.38A, Ka Naung Min Thar Gyi Road,
Hlaing Thar Yar Industrial Zone(1),
Hlaing Thar Yar Township,Yangon.
Tel: +95 1 682034

---

# DECO-LAND

DECO

PAPER CUPS (HOT/COLD)
PAPER PLATES, PAPER LUNCH BOXES

APOLO®
*Available with customerized printing*



6.5 oz
8 oz
11 oz
12 oz
14 oz

HOT LINE : 01 684292, 684284, 684405~08

SHOWROOM (1)
No. 326/328, Strand Road,
Corner of 24th Street,
Lathar Township, Yangon, Myanmar.
Tel : 01 382789

*Now Manufacture in Myanmar!*

SHOWROOM (2)
No. 157, 31st Street (Middle Block),
Pabedan Township, Yangon, Myanmar.
Tel : 01 250425, 242469

---

တန် ဖိုး ရှိ လှ လူ ငယ် ဘ ဝ မူး ယစ် ကင်း စင် ကျန်း မာ မှ

ကြော်ငြာ

HOUSING LIVING & LIFESTYLE EXPO
၂၀၁၆ နှစ်လည် အကြီးမားဆုံး အိမ်ရာနှင့်လူသုံးကုန်စည်ပြပွဲကြီး
MID-YEAR GIANT SALE EXPO
HOUSING LIVING & LIFESTYLE EXPO
၄.၈.၁၆ မှ ၇.၈.၁၆ ပြခန်းစုံစမ်းရန် SMART GROUP Ph:01-656875, 667473, 09-73014777 တပ်မတော်ခန်းမ၊ ရန်ကုန်မြို့

SAMSUNG DAY
2016, AUGUST



ဩဂုတ်လ (၁)ရက်နေ့မှ (၃)ရက်နေ့အထိ

SAMSUNG Smart Phones နှင့် Tablets တွေဝယ်ယူပြီး လက်ဆောင်တွေ ရယူလိုက်ကြရအောင်

ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်



Remax powerbank 10,000 mAh



Traveller Bag



Selfie Stick

ကျပ် ၅၀၀,၀၀၀ မှ ၂၀၀,၀၀၀ အတွင်း ဝယ်ယူသူတိုင်းအတွက်



Powerbank+bluetooth speaker+flashlight



Traveller Bag



Selfie Stick

ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်



Remax Powerbank 5,000 mAh



Traveller Bag



Selfie Stick

လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်၊ ပရိုမိုးရှင်း အစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar မှ သတ်မှတ်ထားသည့် အတိုင်းသာဖြစ်သည်။

samsungmobilemyanmar samsungmyanmar samsungmyanmar samsung e commerce
အမြို့မြို့ အနယ်နယ်ရှိ Samsung Brand Shops များနှင့် Samsung promotor ရှိသောကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center 01 2399 888 (Mon-Sun) 8AM to 6PM

Future Mart
အား မကြာမီ ဖွင့်လှစ်မည် ဖြစ်ပါသည်။
လူသုံးကုန်ပစ္စည်းမျိုးစုံအား ရောင်းချပေးမည်ဖြစ်သောကြောင့် ပူးတွဲလုပ်ကိုင်လိုသော စီးပွားရေးလုပ်ငန်းရှင်များ နှင့် Supplier များ ဆက်သွယ်တွေ့ဆုံ ညှိနှိုင်းနိုင်ပါသည်။
အမှတ် (၁၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်း။
Ph: 09-450015644, 09-255758939, 09-73231587

T-9
Air-con Sale & Service
Air-con ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ဆေးကြောခြင်း လုပ်ငန်းများကို ဈေးနှုန်း သျှိသာစွာဖြင့် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးနေပါသည်။
( Air-con အဟောင်းအပျက်များကိုလည်း ဈေးကောင်းပေး၍ ဝယ်ယူပါသည်။ )
အမှတ်(၂၁၆)၊ ဘုန်းကြီးလမ်းမီးပွိုင့်အနီး၊ မြောက်ဥက္ကလာပ
Ph : 09 5052351, 09 450837513

တားဓောင်း၊ စတ်ချုပ်၊ တရားထိုင်
အထိုင်များသူများအတွက် အထူးသင့်လျော်သော
ဆရာတော်ဓော်ဓော်ဓော့တ်၏
ဓော်
ဝမ်းမှန် - လိပ်ခေါင်း
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် သွေးကျဲရောဂါပျောက်ဆေးကို သတိရပါ။
TMR 009801(0515)
ပင်ရင်း - အမှတ်(၂၀)လှိုင်မြစ်လမ်းသွယ်(၂)၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ 09-5401061, 09-790136653

KONICA MINOLTA
PRINTING SOLUTIONS
ကမ္ဘာ့ဈေးအသက်သာဆုံး ရောင်စုံ မိတ္တူကူးစက်



bizhub C221
3 Years Unlimited On-site Service

မိုးရာသီ အထူး PROMOTION 18 July to 30 September 2016
လုပ်ငန်းရှင်များနှင့်မိတ္တူဆိုင်များအတွက်ငွေကျပ်(၁၀)သိန်း အထိလျှော့ဈေးရရှိမည့်အထူးအခွင့်အရေး။
Since 1951
Gandamar O.A. & Business Solutions
HOTLINE : 09-253 547 980
09-253 547 981
FREE GIFTS Pagepro 5650DN (Mono Laser Printer) Copier Desk

## ကြော်ငြာ

## ပါမောက္ခဒေါက်တာသံစစ် အတွက် အထူးဝမ်းနည်းကြေကွဲခြင်း

မမျှော်လင့်ဘဲ ကွယ်လွန်သွားတဲ့အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါတယ်ဆရာ

၁။ ဆရာနဲ့အတူတူပဥ္စင်းတက်ခဲ့တာရယ်။

၂။ ဆွမ်းစားဆောင် အတူတူဆောက်ခဲ့တာတွေရယ်။

၃။ ဂေါက်သီးကစားဖြစ်အောင် တိုက်တွန်းခဲ့တာရယ်။

၄။ လူနာတွေအတွက်လိုအပ်တဲ့ Fibroscan ကို ဝယ်ဖို့တိုက်တွန်းခဲ့တာရယ်တွေက ကျွန်တော့်အတွက် အမှတ်တရတွေအဖြစ် ကျန်ရစ်ခဲ့ပါတယ်ဆရာ။ အလွန်စိတ်ထားဖြောင့်မတ်မှန်ကန်တဲ့ ဆရာတစ်ယောက် ကျွန်တော်တို့ကို ခွဲခွာသွားတဲ့အတွက် စိတ်မကောင်းဖြစ်ရပေမယ့် ဆရာကောင်းရာဘုံမှာ ပျော်ရွှင်နေမယ်ဆိုတာ ယုံကြည်မိပါတယ်။

**ဝမ်းနည်းကြေကွဲစွာဖြင့်**
**ဦးစိုးမင်းလတ်-ဒေါက်တာ ချောချောလင်းစန္ဒာ**
**SML မိသားစု**

---

### Dr. ဦးသံစစ် (စစ်ကိုင်း)
**ပါမောက္ခ(ငြိမ်း)၊ အသည်းအထူးကုဆရာဝန်ကြီး**
**အသက် (၆၈)နှစ်**

စစ်ကိုင်းမြို့၊ နန်းတော်ရာရပ်နေ အငြိမ်းစား တိုင်းစာရင်းဦးစီးမှူး ဦးညွန့်ဖေ-ဒေါ်ကြည်ကြည်တို့၏သား၊ မုံရွာမြို့၊ ဆူးလေကုန်းရပ်နေ ဦးဘခင်-ဒေါ်ညွန့်မေတို့၏သားသမက်၊ အမှတ်(၇၄၂)၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်ခင်ညိုသိန်း၏ခင်ပွန်း၊ ဦးရဲသီဟ-ဒေါ်ညိုစစ်အောင်၊ ဒေါ်နီစစ်အောင်၊ ဦးအောင်စစ်-ဒေါ်ချယ်ရီတင်ရွှေတို့၏ မွေးသဖခင်၊ စစ်သိမ်းသီဟ၊ စစ်ခန့်သီဟ၊ အားမာန်စစ်၊ အမရာစစ်တို့၏အဘိုးသည် ၂-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၄း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
**Dr. ဦးသံစစ်၊**
**အသည်းအထူးကုဆရာဝန်ကြီး**
**အသက် (၆၈) နှစ်**

Dr. ဦးသံစစ် (ပါမောက္ခ-ငြိမ်း)သည် ၂-၈-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Dr. ခိုင်မေကျော်၊ Dr. အင်ကြင်းဖြူဖြူနှင့် ဝန်ထမ်းများ**
**သုခစစ်အသည်းအထူးကုဆေးခန်း**

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ရွှေကျင်နိကာယ ရဋ္ဌညူမဟာနာယက**
**ဘဒ္ဒန္တ ဝိသုတမဟာထေရ်**
**သိက္ခာတော်(၇၂)ဝါ၊ သက်တော်(၉၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၇)ရပ်ကွက်၊ သီရိမင်္ဂလာဥက္ကဋ္ဌာရာမကျောင်းတိုက်၏ ဦးစီးပဓာနမဟာနာယက ရွှေကျင်နိကာယရဋ္ဌညူမဟာနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တဝိသုတ မဟာထေရ်မြတ်သည် (၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်)၊ ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) ည ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ရာ ဆရာတော်မဟာထေရ်မြတ်၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်) ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမစျာပနပူဇာသဘင် ဆင်ယင်ကျင်းပပြီး ရေဝေးသုသာန်သို့ ပင့်ဆောင်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်ရဟန်းရှင်လူ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ
သီရိမင်္ဂလာဥက္ကဋ္ဌာရာမကျောင်းတိုက်

---

### ဥူးစန္ဒိမာ(ခ)ဦးစိုးလှိုင်
**သိက္ခာတော် (၈)ဝါ၊ သက်တော်(၇၃)နှစ်**
**ဦးစီးမှူး၊ သမဝါယမဦးစီးဌာန(သံလျင်)ငြိမ်း**

ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်နေ (ဦးလှ-ဒေါ်တင်တင်)တို့၏ သားထွေး၊ (ဦးသန်းစိန်-ဒေါ်စောရီ)၊ (ဦးတင်လေး-ဒေါ်မြခင်)၊ (ဦးအောင်တိုး)-ဒေါ်ကြည်ကြည်ခင်တို့၏ ညီ/မောင်သည် ၁-၈-၂၀၁၆ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၃-၈-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် မြောက်ဥက္ကလာပဆေးရုံအအေးခန်းမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (သီရိမင်္ဂလာရာမ၊ လယ်တီဝိပဿနာကျောင်းတိုက်၊ ကျိုက္ကဆံဘုရားလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်မြစိန်**
**အသက် (၈၈)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်ညွှန်ကြားရေးမှူး ဦးတိုးခိုင်-ဒေါ်တင်တင်နုတို့၏မိခင် ဒေါ်မြစိန်သည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လမ်းဦးစီးဌာန**
**ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**ဝန်ထမ်းမိသားစု**
**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့**

---

### ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်မြစိန်**
**အသက် (၈၈)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်ညွှန်ကြားရေးမှူး ဦးတိုးခိုင်-ဒေါ်တင်တင်နုတို့၏မိခင် ဒေါ်မြစိန်သည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လမ်းဦးစီးဌာန**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**ဝန်ထမ်းမိသားစု**
**တောင်ကြီးခရိုင်**

---

### ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ထားထားရီ (၈၁)နှစ်**

ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှတင့်နှင့် ဒေါက်တာတင်မေထွန်း (ပါမောက္ခဌာနမှူး၊ ဥပဒေပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏မိခင်ကြီး ဒေါ်ထားထားရီ (၈၁)နှစ်သည် ၂၈-၇-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ (ဌာနမှူး)နှင့်**
**ဆရာ၊ ဆရာမများ**
**ဥပဒေပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဆရာကြီး ပါမောက္ခ ဒေါက်တာဦးသံစစ်(အသည်း)**
**အသက် (၆၈) နှစ်**

၂-၈-၂၀၁၆ ရက်နေ့ နံနက် ၄း၃၅ နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာကျော်ဌေး-ဒေါက်တာခင်ဆွေမြင့်**
**နှင့်**
**အသည်းဖောင်ဒေးရှင်း(ရွှေဘိုမြို့)**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ပါမောက္ခ ဦးသံစစ်**
**အသက် (၆၈)နှစ်**
**ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်။**
**ပါမောက္ခဌာနမှူး(ငြိမ်း)၊အသည်းရောဂါဆေးပညာဌာန၊ရန်ကုန်။**

ဆရာကြီး ပါမောက္ခဦးသံစစ် ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ပါမောက္ခဌာနမှူး(ငြိမ်း) အသည်းရောဂါဆေးပညာဌာန ရန်ကုန်သည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂)ရက်နေ့ နံနက် ၄း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး (ရန်ကုန်)၌ ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံဆရာဝန်အသင်း**
**ဆေးပညာအဖွဲ့**

---

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
**ဒေါ်မြတင် (၉၂)နှစ်**
**မေ့မေတ္တာဇာဘော်လီ၊ သိမ်ကြီးဈေး(B)ရုံ**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးအထက်လမ်း၊ အမှတ်(၇၁)နေ (ဦးပု-ဒေါ်ဝိုင်း)တို့၏သမီး၊ (ဦးသာဟန်-ဒေါ်မြမေ)တို့၏ သမီးချွေးမ၊ (ဦးသိန်းဝင်း)၏ဇနီး၊ (ဦးလှမြင့်)-ဒေါ်စန်းစန်းဝင်း(ခ) ဒေါ်ညိုဇင်ဝင်း၊ ဦးမြင့်သိန်း-ဒေါ်ခင်စန်းတင့်တို့၏ မိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးချစ်လှိုင်**
**အသက် (၈၄)နှစ်**

ဗိုလ်မှူးချုပ်မြင့်အောင်(ဒေသကွပ်ကဲမှုစစ်ဌာနချုပ်-ပြည်)-ဒေါ်ညွန့်ညွန့်သိန်းတို့၏ဖခင်၊ မစုမွန်အောင်၊ မမေသူဇင်(GSAD)၊ မအိအိအောင်၊ မယဉ်မွန်အောင်တို့၏အဘိုး ဦးချစ်လှိုင် အသက်(၈၄)နှစ်သည် ၁၃-၇-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**ဦးတင်မောင်ညွန့်-ဒေါ်ခင်မြင့်မြင့်**
**ဒေါ်စန်းစန်းမြင့်၊ ဒေါ်မော်မော်၊ ဒေါ်အမာစိန်၊**
**ဒေါ်မြင့်မြင့်ရီ၊ ဒေါ်သီတာမြင့်(GSAD)**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ပါမောက္ခ ဒေါက်တာဦးသံစစ် (၆၈)နှစ်**

ရန်ကုန်မြို့နေ ဒေါ်ခင်ညိုသိန်း၏ခင်ပွန်း၊ တူလေး Captain ရဲသီဟ (Master Mariner)-ဒေါ်ညိုစစ်အောင် (ယွန်းလဲ့စတိုး)တို့၏ဖခင်၊ စစ်သိမ့်သီဟ၊ စစ်ခန့်သီဟတို့၏အဘိုး အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးသံစစ် အသက်(၆၈)နှစ်သည် ၂-၈-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**ဦးတင်မောင်ညွန့်-ဒေါ်ခင်မြင့်မြင့်**
**ဒေါ်စန်းစန်းမြင့်၊ ဒေါ်မော်မော်၊ ဒေါ်အမာစိန်၊**
**ဒေါ်မြင့်မြင့်ရီ၊ ဒေါ်သီတာမြင့်(GSAD)**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးထွန်းအောင်ကျော်**
**အသက် (၅၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မှူခင်းတပ်ဖွဲ့ဝင်းနေ သူငယ်ချင်း ရဲမှူးခင်လေးမြင့်(မှူခင်းတပ်ဖွဲ့)၏ခင်ပွန်း ဦးထွန်းအောင်ကျော် (၅၉)နှစ်သည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နယ်ဖြစ် ဒုရဲအုပ်လောင်းသင်တန်း**
**(၉/၈၄)မှ သင်တန်းဆင်းသူငယ်ချင်းများ**

---

### ဘုရား၊ ကျောင်း၊ ရဟန်း၊ ရေစင် ဒါယိကာမကြီး
**ဒေါ်ချိုချိုလွင် (၅၄)နှစ်**

ရန်ကုန်မြို့၊ (၁၅၂)လမ်း၊ တိုက်အမှတ်(၂၀)၊ အခန်း(၇)၊ လေးလွှာနေ ဦးလွင်သန်း-(ဒေါ်ခင်ဝင်း)တို့၏သမီး၊ (ဦးဖိုးမဲ-ဒေါ်စန်း)တို့၏ သမီးချွေးမ၊ ဦးဘုန်းလင်း၏ဇနီး၊ ဦးမင်းလွင်-ဒေါ်စန်းစန်းဌေး၊ ဦးခင်မောင်လွင်-ဒေါ်နီနီအေး၊ ဦးသန့်လွင်-ဒေါ်သလ္လာခိုင်တို့၏ ညီမ၊ ဒေါ်စိုးစိုးလွင်(စိုးစိုးဇာဘော်လီ၊ မင်္ဂလာဈေး)၏အစ်မ ဒေါ်ချိုချိုလွင်သည် ၂-၈-၂၀၁၆ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည်(ရန်မနိုင်၊ မြောင်းမြ)**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အမှတ်(B)၊ (၆၁-၂၆)နေ (ဦးသန်းရွှေ)၏ဇနီး၊ ဒေါ်မြမြဦး၊ ဦးလှဦး-ဒေါ်မြမြဝင်း၊ ဦးခင်မောင်ဝင်း - ဒေါ်ချိုချိုထွန်း၊ ဦးဆန်းမြင့် (MS4-Co., Ltd)-ဒေါ်အမာနီသောင်း၊ (ဦးသန်းထွန်း)-ဒေါ်ခင်မျိုးဦး၊ ဦးဌေးကြိုင်-ဒေါ်ပွင့်မာအေးတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁-၈-၂၀၁၆ ရက် ည ၈း၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နဝဒေးဥယျာဉ်အိမ်ရာ နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
**ဦးဟင်ထိုင်(မြိတ်)**
**အသက် (၉၀)**
**အသင်းဝင်အမှတ်(၄၆၃)**

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ဘီလမ်း၊ အမှတ် (၆၉)နေ (ဒေါ်ချိုင်းဟွန့်)၏ ခင်ပွန်းသည် ၃၁-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကလွင်ရပ် ကျန်းတိတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

### ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရဟန်းမယ်တော်ကြီး
**ဒေါ်သိန်းမြင့်(ပဲခူး) (၈၄)နှစ်**

ပဲခူးမြို့၊ ကျောက်ကြီးစုရပ်ကွက်၊ သွန်းဘုရားလမ်း၊ အမှတ် (၇၆)နေ (ဦးတင်ဟုတ်-ဒေါ်ဖွားတင်)တို့၏သမီး၊ (ဦးသိန်းလှ-ဒေါ်မြသီ)တို့၏သမီးချွေးမ၊ (ဦးဝမ်းကြည်)၏ ချစ်လှစွာသောဇနီး၊ ပဲခူးမြို့နေ ဦးကျော်မြင့်-ဒေါ်အေးအေးခိုင်၊ ဦးအင့်လွင်-ဒေါ်ကြည်ကြည်ဝေ၊ ဒေါ်ရီရီချို (အထက-၃၊ ပဲခူး)၊ ဦးနိုင်ဝင်း-ဒေါ်ခိုင်ခိုင်ညို၊ ဦးသိန်းဦး-ဒေါ်စန်းစန်းမော်၊ ဦးကျော်မျိုး-ဒေါ်ဝေဝေဇင်၊ ရန်ကုန်မြို့နေ ဦးဌေးဝင်း-ဒေါ်ဥမ္မာမြင့်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၆ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၂-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၆ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၆ (တနင်္လာနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်ရှုဝါ(ခ)ဒေါ်လိုစွန်းဝါ
**အသက် (၇၈)နှစ်**
**ထားဝယ်မြို့**

တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့နေ (ဦးလိုအကြည်-ဒေါ်ခင်ကြည်)တို့၏ ချစ်လှစွာသော ဆဋ္ဌမမြောက်သမီး၊ (ဦး SKဂိုး-ဒေါ်ငံရုတ်ဖန်၊ ဒေါ်လွမ်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၁/၀၀၃)၊ မြေညီထပ်၊ ဆင်မင်းအိမ်ရာ၊ ဆင်မင်းရပ်ကွက်နေ (ဦးစန်းဂိုး)၏ ချစ်လှစွာသောဇနီး၊ မောင်ကျော်ကျော်-WANG SHIANG HUA၊ မစန်းဥမ္မာတို့၏ချစ်လှစွာသော မွေးသမိခင်၊ SEAN GOH ၏ချစ်လှစွာသောအဘွား၊ ဒေါ်ရင်ရင်ဂိုး-TXENG KHONG WEN၊ (ဒေါ်ခင်ခင်ဂိုး)၊ (ဦးလှဝင်း)၊ ဒေါ်မေမေယဉ်-(ဦးဝင်းနိုင်)၊ဦးမောင်မောင်ဝင်း(Nikon)-ဒေါ်စုစုရီ၊ ဒေါက်တာ ဒေါ်လှလှကြည်-ဦးမြင့်လွင်၊ ဦးရှုံစိန်-ဒေါ်သိန်းသိန်းတို့၏ချစ်လှစွာသောမရီး ဒေါ်ရှုဝါ(ခ)ဒေါ်လိုစွန်းဝါသည် ၁-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၃း၅၀ နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်စိန်စိန်(သဲကုန်းမြို့)
**အသက် (၈၆)နှစ်**

သဲကုန်းမြို့နေ (ဦးတင့်-ဒေါ်အေး)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၇/၅)၊ မြဝတ်ရည်လမ်း၊ (ဆ/ခ)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီး မောင်မောင်သွင်(ငြိမ်း)၏ဇနီး၊ ဦးအေးသွင် (ဒု-ညွှန်မှူး၊ ငြိမ်း၊ ရေအားလျှပ်စစ်ဦးစီးဌာန)-(ဒေါ်ခင်ညိုဆန်း)၊ ဦးမြင့်သွင်(လ/ထညွှန်မှူး-ငြိမ်း၊ ပ-တ-ခ)-ဒေါ်ခင်မေသင်း(ဦးစီးအရာရှိ၊ ငြိမ်း၊ လ. ဝ. က)၊ ဒေါ်ဘီဘီသွင်(မင်္ဂလာဒုံတပ်နယ်စည်ပင်)၊ဒေါ်စီစီသွင်(အလပြ၊ အထက-၁၊ သင်္ဃန်းကျွန်း)၊ ဦးမြတ်သွင် (ဒု-ညွှန်မှူး၊ လ. ဝ. က)-ဒေါ်သန်းသန်းဦး၊ ဦးသူရသွင် (လှိုင်မြို့နယ်တရားသူကြီး)-ဒေါ်ဖွန့်မေစိုး၊ ဦးဦးသွင် (ဒု-ညွှန်မှူး၊ လ. ဝ. က၊ နေပြည်တော်)-ဒေါ်ဝါဝါလွင်၊ ဦးဝဏ္ဏသွင်၊ ဦးကျော်သွင်တို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂-၈-၂၀၁၆ရက် မွန်းလွဲ ၁း၁၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်သန်းမြင့်(ကဝမြို့) (၇၆)နှစ်
**(ဦးညိုခြံ)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဟေမာလမ်း၊ အမှတ်(၁)၊ ဦးညိုခြံနေ (ဦးမြစ်-ဒေါ်အမာ)တို့၏သမီး၊ (ဦးဘာဘူ-ဒေါ်သိန်းမေ)တို့၏သမီးချွေးမ၊ (ဦးကျော်ဇံ)၏ဇနီး၊ (ဒေါ်ယဉ်မြ)၏ညီမ၊ ဦးခင်မြင့်-ဒေါ်သန်းရီ၊ ဦးဝင်းမြင့်-ဒေါ်တင်ရီ၊ ဦးထွန်းမြင့်-ဒေါ်တင်နုတို့၏ အစ်မကြီး၊ ဦးအောင်သူ-ဒေါ်ခင်မျိုးအေး၊ ဦးနေဝင်း-ဒေါ်ခင်မျိုးဟန်၊ ဦးယဉ်ထွန်းဦး-ဒေါ်မြအေးသွယ်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ဉာဏ်လင်းထက်၊ မပွင့်သိင်္ဂီချို၊ မသဒ္ဒါရှင်းသန့်တို့၏ဘွားဘွားကြီး ဒေါ်သန်းမြင့်သည် ၁-၈-၂၀၁၆ (တနင်္လာနေ့) ည ၁၀း၀၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးအောင်သန်း(မြိတ်)
**အသက်(၇၅)နှစ်**

မြိတ်မြို့၊ နောက်လယ်ရပ်၊ အမှတ်(၃၈)၊ (၂)လမ်းနေ (ဦးချစ်ဖေ-ဒေါ်ခင်စိန်)တို့၏သား၊ (ဒေါ်တင်ကြူ)၏ခင်ပွန်း၊ ကိုသန်းဌေး-မစီစီဝင်း၊ ကိုသန်းဝေ-မတင်တင်လတ်၊ ကိုနန်းလွင်-မယုယုမော်၊ ကိုဝင်းမောင်၊ မဝင်းဝင်းချို၊ (ကိုဌေးဝင်း)-မသီသီဝင်း၊ ကိုလင်းဇော်လတ်-မမိုးမိုးသန်း၊ မမူမူအေး၊ ကိုညီဝင်းထိုက်-မခိုင်ဇာထွေးတို့၏ဖခင်၊ မြေး ၁၇ယောက်တို့၏အဘိုး ဦးအောင်သန်းသည် ၁-၈-၂၀၁၆ (တနင်္လာနေ့) ည ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၆ (သောကြာနေ့) မွန်းလွဲ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်သန်းသန်း(မြင်းခြံ)
**အသက် (၇၂) နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နေ (ဦးကျော်မွေး-ဒေါ်စိန်ရှင်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ [ဦးသန်းမြင့် (ဓနုဖြူ-ရေလဲ)]၏ဇနီး၊ဦးကိုဦး-ဒေါ်ကြည်ကြည်ညွန့်၊ ဦးညီညီအောင်၊ ဦးဆွေတက်-ဒေါ်လှလှကြည်၊ ဦးသူရကျော်-ဒေါ်ဇာနည်၊ ဦးဘိုဘိုတို့၏မိခင်၊ မယွန်းမီမီထက်၊ မယွန်းရွှေရည်ထက်၊ မသိသိဦး၊ မရွှေဝတ်မှုံ၊ မအိမ့်မှူးသော်(ခ)စမိုင်းတို့၏ အဘွားသည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) မလေးရှားစံတော်ချိန် နံနက် ၆း၁၂ နာရီတွင် ကွာလာလမ်ပူမြို့ UNIVERSAL HOSTIPAL (PJ) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကွာလာလမ်ပူမြို့၊ CHERAS သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးငွေဝင်း(ခ)ဦးဌေးဝင်း
**မန်နေဂျင်းဒါရိုက်တာ**
**ရဲကျော်ဝင်းအင်တာပရိုက်**
**အသက် (၈၂)နှစ်**
**(မော်လမြိုင်)**

ရန်ကုန်မြို့နေ (ဦးမြတ်ထွန်း-ဒေါ်အုံးခင်)တို့၏သားကြီး၊ ဦးငွေကြိုင်-ဒေါ်စန်းစန်းထွန်း၊ ဒေါ်မြရီ၊ ဒေါ်သန်းခင်တို့၏အစ်ကိုကြီး၊ တူ/တူမ ၁၄ယောက်တို့၏ဘကြီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းအိမ်ရာ၊ တိုက်(၅)၊ အခန်း(၄၀၇)နေ ဦးငွေဝင်း(ခ)ဦးဌေးဝင်းသည် ၁-၈-၂၀၁၆ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ပွင့်ဖြူမြို့နယ်အတွင်းရှိကျေးရွာများ မြစ်ရေများဝင်ရောက်၍ ဘေးလွတ်ရာသို့ ယာယီပြောင်းရွှေ့

**ပွင့်ဖြူ ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကမ်းပါးအနီးဝန်းကျင်ကျေးရွာများတွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ရေဘေးလွတ်ရာကုန်းမြင့်နေရာများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ် ဧရာဝတီမြစ်ကမ်းပါးအနီးရှိကျေးရွာများသို့ ဇူလိုင် ၃၀ ရက်မှစ၍ မြစ်ရေများ ဝင်ရောက်လျက်ရှိရာ ဩဂုတ် ၂ ရက်တွင် ကူးကြီး၊ ကြီးကုန်း၊ ကျွဲဒိ၊ သံကိုင်း၊ သိမ်းကုန်း၊ ကျောင်းစု၊ ကံလှ၊ ပေါက်ကုန်း၊ ဇီးကျွန်း၊ ငှက်တောကုန်း၊ ကျွန်းကလေး၊ ဘီးဇပ်ခုံ၊ နန်းတော်ကျွန်း၊ ငါးခြောက်ကျွန်း(တ+မ)၊ ထူး၊ ဆည်မုန်း၊ ခုံစု၊ ရှားတောညောင်ကုန်း၊ ရွာသာညွန့်၊ ရှားတောညွန့်၊ အရှေ့လေးအိမ်၊ မြင်းခြံစုနှင့် ရေချမ်းစဉ်ကျေးရွာ စုစုပေါင်း ၂၅ ရွာသို့ မြစ်ရေဝင်ရောက်သဖြင့် ရေဘေးလွတ်ရာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိရေနံချောင်းမြို့ သံကိုင်း-ကုန်းဇောင်းလမ်းဘေးဝဲ၊ ယာ၊ ကုန်းဇောင်းကျေးရွာရှိ ရွှေကျောင်းဘုရားဝင်းအတွင်း၊ လယ်ကိုင်းကျေးရွာ၊ ဂါတ်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည်။ ရေဘေးရှောင်အိမ်ထောင်စုများရှိရာ နေရာများသို့ ဩဂုတ် ၁ ရက်က **စာမျက်နှာ ၉ ကော်လံ ၅ သို့ ❖**



မြစ်ရေဝင်ရောက်လျက်ရှိသည့် ကျေးရွာများမှ ပြည်သူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကူညီပြောင်းရွှေ့ဆောင်ရွက်ပေးကြစဉ်။



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ငဝန်မြစ်ရေတိုးလာမှုကြောင့် မြို့တော်ခန်းမရှေ့တွင် ရေများတက်လာသည်ကို ဩဂုတ် ၂ ရက် မွန်းလွဲ ၁ နာရီက တွေ့ရစဉ်။ မောင်မောင်မြင့်(ပြန်/ဆက်)

# ထိုင်းနှင့်ဗီယက်နမ် ဗိုလ်လုပွဲတက် မြန်မာအသင်း ပင်နယ်တီဖြင့် ရှုံးနိမ့်

**မန္တလေး ဩဂုတ် ၂**

၂၀၁၆ အာဆီယံ အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပသည်။

**ဗီယက်နမ် - ရှစ်ဂိုး**

**မြန်မာ - ခုနစ်ဂိုး**

မိနစ် ၁၂၀ ပြည့်သည်အထိ သုံးဂိုးစီသရေကျနေ၍ ပင်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရပြီး မြန်မာအသင်းမှာ ငါးဂိုး-လေးဂိုး စုစုပေါင်းဂိုးရလဒ် ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် **စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ○**

## လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၂**

ယနေ့ညနေ ၃ နာရီတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားကမ်းခြေနှင့် ဩရိဿမြောက်ပိုင်းကမ်းခြေသို့ ရွှေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(ကြေးမုံ)**

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded By : EUROMONEY
EUROMONEY AWARDS FOR EXCELLENCE 2016